http://www.cherrythitsar.org



http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

# အိကြာကွေး

၁၉၃၇ခုနှစ်တွင်ဓနုဖြူမြို့မင်းပိုင်းရပ်၌မွေးဖွားသည်။ အဖ ဦးမောင်နှစ်၊ အမိ ဒေါ်ညွန့်မေတို့၏ တစ်ဦးတည်းသော သားဖြစ်သည်။ အမည်ရင်းမှာ ကိုကျော်ထွန်း ဖြစ်၍ စစဦး ကလောင်အမည်ဓနုဖြူကျော်ထွန်းဖြစ်သည်။

ဓနုဖြူအထက်တန်းကျောင်းတွင်တက္ကသိုလ်ဝင်တန်း အထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် စာစရေး သည်။ ယနေ့အထိ အစဉ်တစိုက်ရေးနေသည်။ အသောအထွေ နှင့် သရော်စာရေးရာတွင် နာမည်ရသည်။ မိုးဝေမဂ္ဂဇင်းမှ **ခွစ်လိုက်ကြစို့သူငယ်ချင်း** နှင့်ရှုဒေါင့်ဂျာနယ်မှ **နိုင်ငံတော်ပြည်အရေး** ပင်တိုင်ကဏ္ဍများတွင် ပရိသတ်အနိုင်အမာ ရခဲ့ သည်။

လုံးချင်းဝတ္ထု(၁၇)အုပ်ရေးခဲ့ပြီးဖြစ်သည်။ ရွှေမန်း သတင်းတွင် ရှေ့ပိုင်းပြဇာတ်ဒါရိုက်တာအဖြစ် (၁) ပုတီးတစ် လုံး ကျောက်ခနဲ၊ (၂) မျက်လုံးများပင်မြင်ပါပြီ၊ (၃) အဆိပ်တော မှပြန်ခဲ့ပါပြဇာတ်များကိုစီစဉ်တင်ဆက်ခဲ့သည်။

**တွေ့ရကြုံရတတလေးတွေ** စာအုပ်သည်မော်ကွန်း ဂျာနယ် သက်တမ်းတစ်လျှောက်တွင် အဆက်မပြတ်ရေးခဲ့ သောအသောအထွေစာမူများဖြစ်သည်။

## ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ ပန်းဝတ်ရည် ⁎ ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် ⁎ ကလေးတို့တတ်ကြဖို့ AမှZ ကိုရေးကြစို့
၃။ အီကြာကွေး ⁎ ရုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် ⁎ နံနက်စာ
၅။ ကိုပိုက် ⁎ ကြုံဆုံခဲ့ရမှုဆိုးဘဝ
၆။ အီကြာကွေး ⁎ ရယ်စရာပေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး ⁎ ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) ⁎ သန့်ရှင်းသောစိတ်
၉။ မင်းလူ ⁎ သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် ⁎ အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ ⁎ စကားလုံးများနှင့်ဆော့ကစားခြင်း
ယခုလ
၁၂။ အီကြာကွေး ⁎ တွေ့ရကြုံရ ရှုတတလေးတွေ

ဆက်လက်၍

- လင်းယုန်မောင်မောင် ⁎ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချင်နှင့်လှောင်ကွက်များ
  အီကြာကွေး ⁎ ရယ်စရာပေးရှင်း (၂)
- ကိုပိုက် ⁎ ၂၀၀၁ မှုဆိုးများ
- ဆွေမင်း (ဓနုဖြူ) ⁎ ဘဝတစ်ခုအမှတ်တရ

http://www.cherrythitsar.org

စာအုပ် ၁၂

# အီကြာကွေး

## တွေ့ရကြုံရ ရှုတတလေးတွေ

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က) အဝေရာလမ်း၊ ဘောက်ထော်
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ -701958

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် [ ၃၉၀/၂၀၀၂(၄) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၇၁/၂၀၀၂(၁၀) ]

◆

မျက်နှာဖုံးသရုပ်ဖော်
ပိုးဇာ

◆

ပုံနှိပ်ခြင်း
ပထမအကြိမ်

◆

ထုတ်ဝေသည့်လ
ဇန်နဝါရီလ၊ ၂၀၀၃ ခုနှစ်

◆

အုပ်ရေ
(၅၀၀)

◆

မျက်နှာဖုံးဖလင်
Star

◆

အတွင်းဖလင်
ဇင်ဦးနှင့်ညီများ

◆

ထုတ်ဝေသူ
ဦးမောင်ကလေး၊ သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)၊ဩဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ
ဦးခင်မောင်မြင့်၊တွတ်ပီပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကုန်မြို့။

◆

စာအုပ်ချုပ်
(လှိုင်)

◆

တစ်အုပ်
၄၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒဿအားကြီးစိတ်ပိန်တယ် | ၉ |
| ၂။ | ဂုရုယူမယ့်မိန်းမ | ၁၅ |
| ၃။ | ကန်စွန်းရွက်ကို ဘာထင်သလဲ | ၂၃ |
| ၄။ | စွန့်စားချင်းအတူတူ | ၃၀ |
| ၅။ | တောင်ဝေးချင်းတူပေမယ့် | ၃၆ |
| ၆။ | ကင်ဆာလက်ဆောင် | ၄၃ |
| ၇။ | ဒီဖိနပ်မျိုး သိပ်ရှားတယ် | ၄၆ |
| ၈။ | စကတ်ချင်းတော့ မတူပါလေ | ၅၆ |
| ၉။ | ဆိုးနေဦးမည့်ကျွန်တော့်ချောင်း | ၆၃ |
| ၁၀။ | ခြင်နှင့်ခြင်ထောင် | ၇၀ |
| ၁၁။ | သူတို့အစား ကြားကရင်လေး | ၇၇ |
| ၁၂။ | ခြေရာတစ်မျိုးလာပြန်ပြီ | ၈၄ |
| ၁၃။ | ဒါလေးနစ်ခုပဲလိုတော့သည် | ၉၁ |
| ၁၄။ | သူလည်းပျော်ကိုယ်လည်းပျော် | ၉၈ |
| ၁၅။ | သဲကိုသဲတယ် | ၁၀၅ |
| ၁၆။ | လာပတ်သောရွာအမှုများ | ၁၁၂ |

http://www.cherrythitsar.org



၁၇။ သောက်ချင်ဦးဟာ • • • အကြေား ၁၁၇
၁၈။ လုပ်စားတတ်တယ်နော် ၁၂၂
၁၉။ မရိုက်ဘူး ရိုက်တယ် ၁၂၇
၂၀။ အလွယ်ဆုံးငွေရနည်း ၁၃၂
၂၁။ မင်းတို့လိုပဲလျောင်တတ်တယ် ၁၃၇
၂၂။ မမှတ်တာပဲကောင်းပါတယ် ၁၄၂
၂၃။ ပိုင်ပါတယ်၏ဒုက္ခ ၁၄၉
၂၄။ သူနဲ့ သူနဲ့ တန်ရာတန်ရာ ၁၅၅
၂၅။ ဒီမော်ဒယ်လ်မျိုး သိပ်ရှားတယ် ၁၆၁
၂၆။ အက်ဒီဆင်၏ နောင်တ ၁၆၇

# ဒဿအားကြီးစိတ်ပိန်တယ်

မရှည်ဘဲနေလို့ မရသော အရာများထဲတွင် ခြေသည်း၊ လက်သည်းနှင့်အတူ ဆံပင်လည်းပါသည်။ ခြေသည်း၊ လက်သည်းတွေရှည်တာက ဖြန်းခနဲ လူမမြင်ရ၊ ဆံပင်ရှည်တာက ကြည့်လိုက်တာနှင့် ထင်းခနဲ မြင်ရသည်။ ရှည်နေသည်ကို ရှည်မှန်းသိရသည်။

"ဂုရုကြီး . . . ကြည့်ရတာ ပိန်သွားသလိုပဲ . . . ညှဉ်းသိုးသိုးနဲ့ နေမှကောင်းရဲ့လား"

ဤကား ရှေ့တစ်လက်မ၊ နောက်ပြောင် ခေါင်းတုံး ဆံတောက်ဆံပင်၏ လှည့်စားချက်ပင်။ ဆံပင်တိုသမားမှာ ဆံပင်ရှည်သမားထက်ဆိုးသည်။ ဆံပင်တိုက နည်းနည်းရှည်တာနှင့် ညှင်းသိုးသိုးနဲ့ ဖြစ်လာသည်။ မျက်နှာသွယ်လာသည်။ ပိန်သွားသလိုလိုထင်ရသည်။

"ဟဲ . . ဟဲ နေကောင်းပါတယ် . . ပိန်သွားတယ်ဆို

တာ ထင်လို့ပါ။ ပိန်လည်းမပိန်ဘူး ဝလည်း မဝဘူး ဒီတိုင်း ပဲ ဒီတိုင်းပဲ"

ညှပ်နေကျ ဆံသဆိုင်သို့ အားချင်းပြေး၍ ဆံပင် ညှပ်ရသည်။ တော်ပါသေးရဲ့ ခုံလူရှင်းနေလို့ မစောင့်ရ ဆိုင်ထဲဝင်ပြီး ခုံပေါ်တန်းတက်လိုက်ရုံသာ။

"မောင်ခင်သန်းရေ...ထုံးစံအတိုင်း နောက်စေ့ ပြောင်ပြောင်လေး လုပ်ပေးပါကွာ၊ ငါက စာရေးဖို့ စဉ်းစား ရင် နောက်စေ့ပွတ်ပြီး စဉ်းစားတက်လို့ပါ"

"စိတ်ချ ဂုရုကြီး ပြောင်သလားမမေးနဲ့ လက် လက် ထသွားရပါစေမယ်"

ခေါင်းညှပ်ပြီး ညှပ်ခထုတ်ပေးတော့ မောင်ခင်သန်း က ဆိုင်းဘုတ်ကိုထိုးပြသည်။ ဟိုက်...ရှာလပတ်ရည် ခေါင်းညှပ်ခက ငါးကျပ်တက်သွားပါလား။

"အဲဒါမှ ခွပဲ...ငါးကျပ်လိုနေပြီ...ခါတိုင်းလို အောက်မေ့လို့ ခေါင်းညှပ်ခ အတိအကျချန်ပြီး လက်ဖက် ရည်သောက်လိုက်မိတယ်"

"ရပါတယ် ဂုရုကြီး...နောက်ကြုံမှ ငါးကျပ်ပေး ပါ"

နေရင်းထိုင်ရင်း ငါးကျပ် ကြွေးတင်ခံပြီးဆိုင်မှ ထွက်လာခဲ့သည်။ ဟိုဟာတက်၊ ဒီဟာတက် ဈေးတက်နေ

ကြချိန်တွင် ဆံသခလည်း လိုက်လျောညီထွေတက်ရပေမည်။ ဆံသဆရာလည်း ဆန်ဝယ်စားရသည်မဟုတ်ပါလား။

"စာလေးတစ်အုပ်တော့ ဖတ်ဦးမှပါပဲ"

အိမ်ပြန်ရောက် ခေါင်းလျှော်၊ ရေချိုး၊ မနက်ထမင်းစားပြီး တစ်ရေးတစ်မော မအိပ်ခင် စာဖတ်ဖို့ သတိရသည်။ ဘာစာအုပ်ဖတ်ရကောင်းမလဲ။ လက်လှမ်းမီရာ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သောအခါ ချစ်ဦးညို၏ "လင်္ကာဒီပချစ်သူ"ဖြစ်နေသည်။

ဖတ်ပြီးသားကို ပြန်ဖတ်ရင်း စာအုပ်သုံးပုံတစ်ပုံ မရောက်မီ အိပ်ပျော်သွားသည်။

"အဘိုးကြီး...အဘိုးကြီး...ထပါဦး"

အိပ်မက်လိုလို တကယ်လိုလို ခေါ်သံကြားရသည်။ အိပ်မက် မက်နေတာလား တကယ်ဖြစ်နေတာလား။ ခြေထောက်ကို လှုပ်လှုပ်နှိုးနေတာဆိုတော့ တကယ်ဖြစ်ရမည်။ မျက်လုံးဖွင့်ကြည့်ပြီး ထထိုင်လိုက်သောအခါ...။

"ဟိုက်...ရှာလပတ်ရည် အောင်မလေးဗျ၊ သရဲ သရဲ...သရဲ အိမ်ပေါ်ရောက်နေတယ် လုပ်ကြပါဦးဗျို့"

"သေသေချာချာကြည့်ပြီးမှ အော်ပါ အဘိုးကြီး၊ သရဲမဟုတ်ပါဘူး၊ ဘီလူးပါ"

http://www.cherrythitsar.org



ဟုတ်ပ . . သေသေချာချာကြည့်မှ သရဲမဟုတ် ဘီလူးဖြစ်နေသည်။

"သရဲလို့ အခေါ်မခံချင်ရင် ကျုပ်ကိုလည်း အဘိုးကြီးလို့ မခေါ်နဲ့ ဂုရုကြီးလို့ခေါ်"

"ရပါတယ် ဂုရုကြီး ခေါ်ခေါ် ခုလုခုလုကြီးခေါ်ခေါ် ဘယ်လို ခေါ်ရခေါ်ရ ရပါတယ်"

"ဒါထက် အသင်ဘီလူးမင်းက ဘယ်သူလဲ၊ ပုဏ္ဏကဆိုရင်တော့ အသင်ဘီလူးမင်းဟာ စတီရီယိုသီချင်းတွေရေးခဲ့ဖူးတဲ့ သီချင်းရေးဆရာဖြစ်ရမယ်"

"ဟား . . ဟား . . ဂုရုကြီးက ကျုပ်ကိုအသားလွတ် အထင်ကြီးနေပြန်ပါပြီ။ ပုဏ္ဏက မဟုတ်ပါဘူး။ စောစောက ဂုရုကြီးဖတ်နေတဲ့ လက်ာဒီပချစ်သူထဲက ဒဿဂီရိပါ"

ဟိုက်ရှာလပတ်ရည် အချစ်ရှုံးသမား ဒဿဂီရိ ပါလား။

"ဒီမှာ ကိုယ့်လူ(အဲလေ)ဒီမှာ . . ကိုယ့်ဘီလူး အချစ်ရှုံးကြီး။ ဒီတစ်ခါ ဘာရှုံးလို့ ကိုယ့်ဆီရောက်လာတာလဲ"

ဒဿဂီရိက လေးလံသော သက်ပြင်းကြီးတစ်လုံးကို ချလိုက်ရာ၊ ဂုရုကွေး၏ အိမ်ငယ်ကလေးသိမ့်ခနဲ ဖြစ်သွားသည်။

"ဒီတစ်ခါ ရှုံးတာက ဖွတ်ကလိဒဂါးပါ ဂုရုကြီး၊

ကျုပ်ကိုသေသေချာချာ ကြည့်စမ်းပါ ခေါင်းဘယ်နှစ်လုံးလဲ"

"ကြည့်စရာမလိုပါဘူး · · ဒဿဂီရိဆိုတဲ့အတိုင်း ခေါင်းဆယ်လုံးပါတာ မြင်သားပဲ"

"အဲဒီ ခေါင်းဆယ်လုံးထဲက ကိုးလုံးဖြုတ်ပြီး ဂုရုကြီးဆီမှာ အပ်ထားချင်တယ် လက်ခံမလား"

"နီးနီး· · ·ငါးရံ့ခေါင်း၊ ငါးခူခေါင်း၊ ငါးကျည်းခေါင်းပဲ လက်ခံတယ်။ ဘီလူးခေါင်းလက်မခံဘူး။ အပ်စရာမရှိရင် ရာမအဖွဲ့တစ်ဖွဲ့ သွားပြီးအပ်ထားပါလား"

"အဲဒီက လက်မခံလို့ ဂုရုကြီးဆီ ရောက်လာရတာ ကျုပ်က ဘီလူးဆိုပေမယ့် အလုပ်ရှိတဲ့ ဘီလူးမဟုတ်ဘူး။ အလုပ်လက်မဲ့ ဘီလူး၊ ဦးရိုးတော် မာရဋ္ဌဆီမှာ ကပ်စားလိုက်၊ နှမဝမ်းကွဲ ဘီလူးမဆီမှာ ကပ်စားလိုက် လုပ်နေရတာ၊ မရှည်ဘဲ နေလို့မရတာတွေထဲမှာ ဘီလူးလဲရှည်တာပဲ"

"ဟဲ့· · ·ဟဲ့· · ဘာရှည်တာလဲ· · ·ဘာရှည်တာလဲ"

"ဆံပင်ရှည်တာပါ၊ ဆံပင်အရှည်မြန်သလားမမေးနဲ့ ရှည်ပြီဆိုရင် ခေါင်းဆယ်လုံးစလုံး တစ်ပြိုင်နက်ရှည်တယ်၊ ဆံပင်ရှည်ကြီးတွေ ဖိုးရိုးဖားရားနဲ့ ဆိုတော့၊ စောစောက ဂုရုကြီး လန့်အော်သလို ဘီလူးက ဘီလူးပုံမပေါက်ဘဲ သရဲပုံပေါက်လာတယ်"

"သရဲပုံပေါက်လာတော့"

http://www.cherrythitsar.org



"ဘီလူးပုံပြန်ပေါက်အောင် ဆံပင်ညှပ်ရတယ်။ ဆံပင်ညှပ်ခက တစ်ခေါင်းသုံးဆယ်ဆိုတော့ ဆယ်ခေါင်းညှပ်ရတော့ သုံးရာမကျပါလား" ကျုပ်မှာ တစ်လတစ်လ ဆံပင်ညှပ်ခသုံးရာရဖို့ မနည်းရှာနေရတယ်။ ဦးရီးတော် မာရဇ္ဇ ဆီလည်း ဈေးရတာများပြီ။ တခြားဘီလူးတွေကလည်း ကျုပ်တွေ့တာနဲ့ ခေါင်းညှပ်ခဈေးမှာစိုးလို့ ရှောင်ကြတိမ်းကြတယ်။ ဒါကြောင့် ကျေးဇူးပြုပြီး ကျုပ်ခေါင်းကိုးခေါင်းကို ဂုရုကြီး ခဏလက်ခံထားပါ။

"သွားစမ်းပါ . . . ကျုပ်တစ်ခေါင်းတည်းတောင် ဆံပင်ညှပ်ခ ကြွေးငါးကျပ်တင်လာခဲ့ပြီ၊ ခင်ဗျားကိုးခေါင်းကို ဆောရီးပဲ"

ထိုအခါ ဒသဂီရိသည် "ဆံပင်ညှပ်ခတွေ ဈေးကြီးတာ ဒသအားကြီးစိတ်ပိန်တယ်"ဟု ညည်းတွားရင်း ဘီလူးခေါင်းကို ဆွဲချွတ်လိုက်သည်။ ဂုရုကွေး ပါးစပ်ပေါင်းလောင်းပွင့်သွားသည်။

"ဟိုက် ရှာလပတ်ရည် ဒသဂီရိမှတ်လို့ စကားလက်ခံပြောနေတာ လက်စသတ်တော့ ဟာကြူလီငပျော့ ဆိုတဲ့ ဒသလီပျော့ပါလား။ သွတ် . . . သွတ် . . . သွတ် . သွတ် . . . သွတ် . . . "

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၊ ၂၈၊ ၅၊ ၁၉၉၇]

# ဂုရုယူမယ့်မိန်းမ

"ယသသာ နဘာဝတော ယက္ခာ၊ နေဝဒသေယန္တိ ဘီသနံ၊ ယဉှိ စေဝါ နုယုဉ္ဇန္တော··၊ ရတ္တိန္ဒိဝ····ဟာ·· ····မီးပျက်သွားပြီ····"

ပရိတ်စာအုပ်ကို ဖွင့်ကာ မေတ္တာသုတ်ရွတ်နေတုန်း မီးပျက်သွားသည်။ ဘုရားစင်ကလည်း မှောင် တစ်အိမ်လုံး လည်း မှောင်သွားသည်။

ပရိတ်ရွတ်နေရာမှ စမ်းတဝါးဝါးထ၍ မီးခြစ်ရှာရ သည်။ ဖယောင်းတိုင်ရှာရသည်။ အသက်ကြီးလာတော့ မျက်စိက အလင်းရောင်ထဲတောင် ကောင်းကောင်းမမြင် ချင်တာ။ မီးမှောင်နေတော့ ကြောင်တောင်ကန်းလိုဖြစ်သွား သည်။

"ဒုန်း···ကျွတ်···ကျွတ်··ကျွတ်"

စာရေးစားပွဲနှင့် ဝင်တိုက်မိ၍ ဒူးခေါင်းအတော်အီ

http://www.cherrythitsar.org



သွားသည်။ အမှောင်ထဲတွင် ဟိုစမ်းဒီစမ်း စမ်းလာရင်း စမ်းတာက မီးခြစ် ဘာမဆိုင်ညာမဆိုင် ငံပြာရည် ပုလင်း သွားစမ်းမိသည်။ နေရင်းထိုင်ရင်း လက်မှာ ငံပြာရည်စော် နံသွားသည်။

ဒီလက်ဖြင့် ပုတီးပြန်ကိုင်လို့မရတော့။ ဆပ်ပြာ မွှေးဖြင့် လက်စင်စင်ဆေးပြီးမှ စိပ်ပုတီးပြန်ကိုင်ရမည်။ အရေးကောင်းဒိန်းခေါင်းဖျက်ဆိုသလို တကယ်အချိန်ကောင်း မှာမှ မီးကပျက်ပြီ...။

မီးကို ကျိန်ဆဲမိရာမှ သတိပြန်ဝင်လာသည်။ ငါမေတ္တာသုတ် ရွတ်မလို့ အစပျိုးတုန်း မီးပျက်သွားတာပဲ။ လူတောင်သေ ရသေးတာ မီးလည်း ဘာသားနဲ့ ထုထားလို့ မပျက်ဘဲ နေနိုင်မှာလဲ...သင်္ခါရ ဓမ္မတွေ ဖြစ်ပျက်တွေ၊ ဖြစ်ပြီးပျက် လင်းပြီးမှောင် ဘာဆန်းသလဲ"

မေတ္တာပျက်သွားသဖြင့် မနည်းကြီး မေတ္တာပြန် ပွားယူရသည်။ မေတ္တာပျက်သွားလျှင် ဒေါသဝင်လာတတ် သည်မဟုတ်ပါလား။ မေတ္တာသုတ်ရွတ်ရင်း ဒေါသထွက်မိ လျှင် မကောင်း။

မီးကလည်း မီးပါပဲ၊ ပျက်မည့်ပျက် လူတွေအိပ်ချိန် ကျမှ ပျက်ဖို့ကောင်းသည်။ ထမင်းစားနေရင်းများ မီးပျက်သွား လျှင် အနားတွင် မီးခြစ်၊ မီးခွက်နှင့် ဖယောင်းတိုင်အသင့်

မရှိလျှင် တော်တော်ခွကျသည်။

တစ်နေ့ စာကလေးအိမ်သွားလည်ရင်း မိသားစု ထမင်းစားနေတာနှင့်ကြုံရသည်။ သားသမီးတွေ တစ်လှေကြီး နှင့် ဝိုင်းဖွဲ့စားနေတာ ပျော်စရာ၊ မြိန်စရာ။

ဟင်းကသိပ်အကောင်းစားကြီးမဟုတ်၊ ဆိုက်ကား သမား မိသားစု ထမင်းဝိုင်းဖြစ်၍ ချဉ်ပေါင်ဟင်းတစ်ခွက် နှင့် အာပြဲခြောက်ကို တုံးတစ်ကြော်ထားသော ငါးခြောက် ကြော်တစ်ခွက် ဒါပဲဖြစ်သည်။ ပါမြဲအတိုင်းဖြစ်သော ငါးပိရည် နှင့် တို့စရာကားပါပါသည်။

ထိုစဉ်မမျှော်လင့်ဘဲ မီးပျက်သွားသည်။ တစ်အိမ် လုံးမှောင်သွား၏။ စောစောက ငြိမ်သက်အေးဆေးစွာ စား သောက်နေသော ထမင်းဝိုင်းမှာ ဆူညံပွက်ညံ့ဖြစ်လာသည်။

"ဟော့ဒါဘယ်သူ့လက်လဲကွ ငါ့ပန်းကန်ထဲက ငါး ခြောက်ကြော်လာဆွဲတာ"

"အမေရေ အမှောင်ထဲမှာ ညီလေး ချဉ်ပေါင်ဟင်း တွေ ခိုးသောက်နေတယ် ပလပ်ပလပ်နဲ့"

"ဟဲ့ အဲဒါ ငါသောက်တာကွ အဖေသောက်တာ"

တော်ပါသေးရဲ့ မီးကသိပ်ကြာကြာမပျက်လို့ တစ် အောင့်သာ ပျက်ပြီးချက်ချင်းပြန်လာသည်။ မီးပြန်လာ သည်နှင့် အစားကြီးလှသော အလတ်ကောင်၏အဖြစ်ကို

http://www.cherrythitsar.org



မြင်ရသည်။ မီးမှောင်တုန်းက ငါးခြောက်ကြော်ပန်းကန်ဆိုပြီး ဆွဲထားတာ မီးလင်းလာမှ တို့စရာ ပန်းကန်ဖြစ်နေမှန်း သိရသည်။

"ဂုရုကြီးတို့ တောင်ဥက္ကလာ မီးပျက်တာ ဘာဟုတ် သေးလို့လဲ ကျွန်တော်တို့ဆီမှာ ပျက်တာမှ တကယ်ပျက် တာ မြေအောက်ကြိုးပေါက်လို့ဆိုလား၊ ပြတ်လို့ဆိုလား၊ မီး ပျက်သွားလိုက်တာ ငါးရက်ကြာတယ်၊ မီးမလာတော့ ရေမရ ရေမရတော့ ရေမချိုးရ လူတွေလည်း ချွေးတွေသံတွေတရွှဲ ရွှဲနဲ့ ရေမချိုးရတော့ ကမ္ဘာ့အနံ့ကြီးတွေ ဖြစ်ကုန်ရော"

မြို့သစ်တွေမှာ မီးနှင့်ရေက ရင်ချင်းဆက် အမွှာ လို ဆက်နေသည်။ အဝီစိတွင်းတွေ အားကိုးနေရသဖြင့် မီးပျက်သည်နှင့် ရေဒုက္ခတွေ့တော့သည်။ နှစ်ရက်သုံးရက် ဆက်ပျက်လျှင် သောက်ရေကအစ အခက်အခဲတွေ့တော့ သည်။ လူတွေမှာ ငွေအတွက်လုံးပန်းနေရာမှ ရေအတွက် ပါ လုံးပန်းရတော့သည်။

ရေဘယ်မှာ ရနိုင်မလဲ။ ဘယ်အဝီစိတွင်းက မီးစက်ဟုးမောင်းပြီး ရောင်းနေသလဲ။ သတင်းစုံစမ်းပြီး သွား ဝယ်ရသည်။ ရေကိုဆိုက်ကားဟုားပြီး တင်ရသည်။ ချယ်ဂါ ရီဂုားပြီးတွန်းရသည်။ မီးပျက်ရက်တွင် ကကမောင်းနေသော မိတ်ဆွေတစ်ယောက်၏ ကားအိမ်ရှေ့မှ အခေါက်ခေါက်

အခါခါ ဖြတ်မောင်းနေတာ မြင်ရသည်။

"ဒါပါနဲ့ ငါးခေါက်ရှိပြီ ခရီးသည်မပါဘဲ ဘာလုပ်မောင်းနေတာလဲ"

"ခရီးသည်ပါတယ် ဂုရုကြီး၊ လူခရီးသည်တော့ မဟုတ်ဘူး၊ ရေပုံးခရီးသည်၊ အိမ်ကရေပုံးတွေတင်ပြီး ကန်မှာ ရေသွားသယ်နေတာလေ။ သွတ်...သွတ်...သွတ်"

အခြားမိတ်ဆွေတစ်ယောက်၏ မီးပျက်ဒုက္ခကပိုဟားဖို့ ကောင်းသည်။ သူတို့ရပ်ကွက်တွင် ထရန်စဖော်မာကြီးလောင်သွား၍ မီးတော်တော်နှင့် မလင်း။ ဆယ်ရက်ကျော်ကျော် ကြာသွားသည်။ ဆယ့်တစ်ရက်မြောက် ညသန်းခေါင်ကျော်လောက် မိသားစု အိပ်ပျော်နေစဉ် မီးပြန်လာသည်။

"သားတို့ သမီးတို့ ထကြ.. ထကြ မီးလာနေပြီ မီးမမြင်ရတာ ဆယ်ရက်ကျော်သွားတော့ မီးလင်းတာကို မေ့တော့တော့ ဖြစ်သွားတယ်။ မီးတွေအကုန်လိုက်ဖွင့်ပြီး မိုးလင်းတဲ့အထိ ထိုင်ကြည့်နေကြမယ်ဟေ့"

မီးထိန်ထိန်အလင်းရောင်အောက်မှာ ကာတွန်းဖတ်တဲ့ကောင်ကဖတ် စာကျက်တဲ့ကောင်ကကျက် ဂုရုကွေးမိတ်ဆွေလည်း ရေးစရာရှိတာထိုင်ရေး၊ သူ့ဇနီးကအစုတ်အပြဲချုပ်အတော်ဟုတ်သွားဆိုပဲ။

http://www.cherrythitsar.org



ဂုရုကွေးသည် မီးပျက်တဲ့ညနှင့် ကြုံရတိုင်း (လကွယ်ည၊ သန်းခေါင်ယံမှာ မဟူရာကျောက်ရိုင်းတုံးကို လူတကာကောက်ခိုင်းဦးတော့)ဆိုသော သီချင်းကို ကြုံကြုံဖန်ဖန် သွားသွားသတိရတတ်သည်။ တကယ်တော့ လကွယ်ည သန်းခေါင်ယံတွင် မီးပျက်တာလေးပါထပ်ထည့်ရေးဖို့ ကောင်းသည်။ မီးသာလာနေပါစေ။ လကွယ်ညဖြစ်ဖြစ် လမိုက်ညဖြစ်ဖြစ် သန်းခေါင်ယံဖြစ်ဖြစ် သက်ကြီးခေါင်းချချိန်ဖြစ်ဖြစ်မဟူရာ ကျောက်ရိုင်းတုံးကို လူတကာအား ကောက်ခိုင်းရန်မလို ကိုယ့်ဟာကိုယ်ကောက်လို့လည်းရသည်။

"ဟိုက်...ရှာလပတ်ရှည်...မီးက ခြောက်နာရီခွဲတာနဲ့ ပုံမှန်ပျက်နေတာ လေးရက်ရှိသွားပြီ။ ကိုးနာရီမှ ပြန်လာလို့လား..ဆယ်နာရီမှ ပြန်လာလို့လာ မီးနဲ့ အလုပ်လုပ်ရတဲ့ကောင်တွေ မချောင်ပါလား"

အများသိကြတဲ့အတိုင်း ဂုရုကွေးမှာ မိန်းမမရှိပေ။ တစ်ကိုယ်တည်းဘဝဖြင့် ကေစာကျင့်နေသော ဂုရုကြီးဖြစ်သည်။ မိန်းမနှင့်ပတ်သက်လျှင် (မ,ဆိုလျှင် ရွှေခြားမငယ်နှင့် ခြေမလက်မကို ပယ်၊ ပုန်းရှောင်တော့မယ်..ပိန်းကောမလေ့တက်ငယ်တောင် ဖေတာကယ်စီးချင်ဘုလေး) ဖြစ်နေသော ဂုရုကွေးတစ်ယောက် ခုတလောမှ ဘယ်လိုဖောက်

http://www.cherrythitsar.org



သည်မသိ။

"မိန်းမတစ်ယောက်တော့ မယူမဖြစ် ယူကိုယူမှ ဖြစ်တော့မယ်"

မိန်းမယူရေးအတွက် လက်သီးလက်မောင်းတန်းကာ ရတ်တရက်ချက်ချင်းကြီး ထကြွေးကြော်လာသည်။ ဘယ်လိုဖြစ်တာလဲ ပေါက်သွားတာလား။ မြောက်သွားတာလား။

"ဟိုက် . . . ရှာလပတ်ရည် . . ဒီလိုပဲနေမယ်ဆိုထားတဲ့ ဂုရုကြီးက မိန်းမယူမယ်ဟုတ်လား။ ဘယ်က မိန်းမလဲ"

ဟာကြူလီငပျော့က မေးတော့ . . .

"ဒီက မိန်းမမဟုတ်ဘူး ဟိုးအဝေးကြီးက မိန်းမ ဒီမိန်းမကို ယူဖို့အတွက် သာဂလတိုင်းကို ငါသွားရမယ်"

"ရန်ကုန်တိုင်းထဲတင် မိန်းမတွေ အများကြီးရှိပါတယ်ဗျာ၊ ဂုရုကြီးဇာတိဖြစ်တဲ့ ရောဝတီတိုင်းက မနေဖြူပြန်ပြီး ယူလည်းရတာပါပဲ . . ကျွေးနိုင်မယ်ဆိုရင် တစ်ယောက်တောင်မဟုတ်ဘူး နှစ်ယောက်ပြူးတောင် ယူနိုင်သေးတယ်။ ဘယ်နှယ်ကြောင့် အဝေးကြီးက မိန်းမကို သွားရည်ရွယ်ရတာလဲ"

ဤတွင် ဂုရုကွေးက ငါးသလဲထိုးပြုံးလေးပြုံးပြီး

http://www.cherrythitsar.org



ဖြေလေသည်ကား…

“သာဂလတိုင်းက ပပဝတီဟာ ခုနစ်ဆောင်တိုက်ခန်းအတွင်းမှာ ကိုယ်ရောင်ကိုယ်ဝါနဲ့ မီးမထွန်းဘဲ လင်းတယ်တဲ့၊ မီးခဏ ခဏပျက် ဖယောင်းတိုင်က ဈေးကြီးတော့ မိန်းမ မယူလည်းနေရော ယူမယ်ယူမှတော့ ပပဝတီပဲ သွားယူတော့မယ်ဟေ့၊ သွတ်‥ သွတ်‥သွတ်‥သွတ်”

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၂ ၄၊ ၆၊ ၁၉၉၇]

# ကန်စွန်းရွက်ကို ဘာထင်လဲ

နွေ၏သဘာဝအတိုင်း…

သကြ်န်အပြီးမှာ အပူရှိန်လွန်ကဲလာသည်။ တန်ခူးကဆုန်ခွေ့ခွေ့ခုန်ဆိုသည့်အတိုင်း ခွေ့ခွေ့ခုန်ရမတတ်ပူသည်။ အိမ်အပြင်ထွက်လျှင် ဦးထုပ်လောက်ဖြင့်မရတော့ထီးပါထပ်ဆောင်းရသည်။

“ဟိုက်…ရာလပတ်ရည်၊ ပူလှချည့်လား။ အပူသက်သာအောင် ကန်စွန်းရွက်ကြော် စားဦးမှပါပဲ။ ကန်စွန်းရွက်တွင် ရေဓာတ်ပါသည်။ အပူရှိန်ကြောင့် ခန္ဓာကိုယ်ထဲတွင် နည်းသွားသောရေဓာတ်များကို ကန်စွန်းရွက်စားပေးခြင်းဖြင့် ပြန်ဖြည့်ပေးရမည်။

“ကန်စွန်းရွက် တစ်စည်း ဘယ်လောက်လဲ…”

ကန်စွန်းရွက်မစားဖြစ်တာ ကြာပြီ။ အလှူအတန်းတွေဆက်နေသဖြင့် ကြက်သား၊ ဝက်သားတွေ အုပ်နေရ၍

http://www.cherrythitsar.org



ကန်စွန်းရွက်ဘက် မလှည့်ဖြစ်…

“တစ်စည်း (….)ပါ ဂုရုကြီး”

ဈေးသည်က ဘာဖြေလိုက်မှန်းမသိ၊ နားထဲတွင် အူခင်းသွားသည်။ ကျန်းမာရေးအတွက် မစားမဖြစ်၊ စားကို စားရတော့မည်ဖြစ်၍ သူပြောသော ဈေးအတိုင်း သုံးစည်း ဝယ်ခဲ့ရသည်။ ကြော်လိုက်လျှင် ကျုံ့သွားမည်ဖြစ်၍ သုံး စည်းဝယ်မှ ညှ၊ မနက် လောက်မည်။

“သြော်…ကန်စွန်းရွက်၊ ကန်စွန်းရွက်…”

ဂုရုကွေးမှာ သြော်..လောက၊ လောကဟု ညည်း ရမည့်အစား၊ သြော်..ကန်စွန်းရွက်၊ ကန်စွန်းရွက်ဟု ပြောင်း ညည်းကာ (၁၀)ရပ်ကွက်ဈေးထဲမှ ပြန်ထွက်လာခဲ့သည်။

ယောအတွင်းဝန် ဦးဖိုးလှိုင်က သူ၏နာမည်ကျော် “ဥတုဘောဇနေသင်္ဂဟကျမ်း”တွင် (ကန်စွန်းရွက်သည် ချို၏။ နို့ရည်၊ သုတ်တို့ကို ပွားများစေတတ်၏)ဟု ချီးကျူးရေးသား ခဲ့သည်။ ဦးဘိုးလှိုင်ကိုယ်တိုင် ယနေ့ကန်စွန်းရွက်ဈေးကို သိရလျှင် ဘာဆက်ရေးမည်မသိ။

ဆရာဇေယျာသည် (ကန်စွန်းနွယ်) ဆိုသော ဆောင်း ပါးတွင် ကန်စွန်းနွယ်ကလေး၏ ချစ်စရာကောင်းပုံကို မျက် စိထဲတွင် ပြက်ပြက်ထင်ထင် မြင်လာအောင် စာပန်းချီ ခြယ်သခဲ့သည်။ ကန်စွန်းရွက်နှင့် ပတ်သက်ရတိုင်း ဆရာ

ဖေယျ၏ ကန်စွန်းနွယ်ဆောင်းပါးကို သတိရမိသည်။ ဆရာဖေယျကိုယ်တိုင် ယနေ့ကန်စွန်းရွက်ဈေးကို သိရလျှင် ဘာထပ်ရေးမည်မသိ။

ဦးဘိုးလှိုင်ရော၊ ဆရာဖေယျပါ ကွယ်လွန်ခဲ့သည်မှာ ကြာပါပြီ။ ထိုဆရာနှစ်ပါးသာ ယနေ့ရှိသေးလျှင် တို့ရေးလိုက်တာ စောသွားတယ်ဟု စုတ်တသပ်သပ် ဖြစ်ကောင်းဖြစ်ကြမည်။

"ဂုရုကြီး…ဂုရုကြီး…"

စာကလေးသား အကြီးဆုံးကောင်ကလည်း တစ်မျိုး၊ လူပျိုပီပီ ပိုးတက်ပန်းတက်နေပြီ။ သူပိုးပန်းတတ် တာကအကြောင်းမဟုတ်၊ ဂုရုကွေးကို စာရေးဆရာကြီး ဆိုပြီး အချစ်အကြောင်းလာလာမေးတတ်တာက ဒုက္ခ။

"မုန့်ဟင်းခါးရောင်းတဲ့ အချစ်ပဲငါသိတယ်။ မည်းမည်းဝဝ အပျိုကြီးလေ။ ဒေါ်ချစ်ဆိုတဲ့ နာမည်ကို အားလုံးက အဖျားဆွတ်ပြီး အချစ်၊ အချစ်လို့ ခေါ်ကြတဲ့ အပျိုကြီး‥"

"ဟာ‥ဒါကြီးတော့ ကျွန်တော်လည်း သိသားပဲ၊ ကျွန်တော်မေးတဲ့ အချစ်က နှလုံးသားကလာတဲ့ အချစ်"

ဘာပြန်ဖြေရမှန်းမသိ၍ ဂုရုကွေးအသာ ငြိမ်နေလိုက်ရသည်။ ယခုထိုအကောင်ငယ်ကလေးက နှလုံးသားရေးရာ ပြဿနာအသစ်တစ်ခု ယူဆောင်လာပြန်ပြီ"

http://www.cherrythitsar.org



"ဂုရုကြီး••ဟို••ဘတ်စ်ကားသုံးစီးရှိတဲ့ အိမ်က ကောင်မလေး သိတယ်မဟုတ်လား"

"သိတယ်•••သူ့လည်း သိတယ်။ သူ့အဖေလည်း သိတယ်။ ဘာဖြစ်လို့လဲ•••"

"သူစျေးသွားတုန်း ကျွန်တော် ဒုတိယအကြိမ် မြောက် ရည်စားစကားပြောတော့ လူကို ဟင်းရွက်ကန်စွန်း မှတ်လို့လားလို့ ပြန်ပြောက်တယ်•••"

"ပထမအကြိမ် ပြောတုန်းကရော•••"

"ဟင်းရွက်ကန်စွန်းမှတ်လို့လားပဲ ပြောက်တာပဲ"

"ဒါဆို•• မနက်ဖြန်၊ ကောင်မလေးစျေးသွားရင် တတိယအကြိမ်မြောက် ထပ်ပြော၊ ဟင်းရွက်ကန်စွန်းမှတ် လို့လားမေးရင် မှတ်ပါတယ် ဖြေ။ ကန်စွန်းရွက်တစ်စည်း ဘယ်လောက်ဆိုတာ သေသေချာချာရှင်းပြ၊ ကောင်မလေး ဘယ်လိုတုံ့ပြန်တယ်ဆိုတာ ငါ့ပြန်အမြန်သတင်းပို့ တောက် အသက်ကြီးနေလို့ပော့၊ ငပျော့အရွယ်သာဆို ငါပါအဖော် လိုက်တယ်"

နောက်နေ့မနက် ရှစ်နာရီခွဲလောက်တွင် စာ ကလေးသား စပ်ဖြဲဖြဲမျက်နှာဖြင့် ရောက်လာသည်။

"ဘယ်လိုလဲကွ•••"

"ကျွန်တော်က ဂုရုကြီးသင်ပေးတဲ့အတိုင်း ကန်စွန်း

ရွက်တစ်စည်း ဘယ်လောက်ဆိုတာ ရှင်းပြလိုက်တော့ ကောင်မလေးက အပါး တဲ့"

"အပါး ဆိုရင်တော့ ခရီးတိုပြီ၊ ဆက်လုပ်.."

ဂုရုကြွေး ကဗျာအယ်ဒီတာ လုပ်ခဲ့စဉ်က စင်တင်ပေးခဲ့ရသော စာပေတပည့် တစ်ယောက်ရှိသည်။ သူက ကဗျာရေးကောင်းရုံမက စကားပြေလည်း အရေးကောင်းသည်။ လုံးချင်းတွေ အဆက်မပြတ်ရေးရင်း စူပါတန်းဝင်သွားကာ တိုက်နှင့်ကားနှင့် ကြီးပွားအောင်မြင်နေသည်။

"ဂုရုကြီးကို အကူအညီတောင်းရဦးမယ်"

တစ်နေ့ သူ၏အဖိုးတန်ကားကြီးဖြင့် အိမ်ရောက်လာပြီး အထက်ပါအတိုင်း ပြောသဖြင့်...

"ဖွတ်ကလိဒင်္ဂါး အကူအညီကလွဲရင် ကျန်တာကူညီနိုင်တယ်၊ ဘာကူညီရမလဲ၊ ပြော"

တပည့်ကျော် စူပါစာရေးဆရာက သက်ပြင်းမှုန်းမှုန်းချ၍..

"ကျွန်တော်အခုရေးနေတဲ့ အုပ်ကိုးဆယ်မြောက်လုံးချင်း ဝတ္ထုမှာ အခက်အခဲတစ်ခုတွေ့နေတယ်။ မင်းသမီးက ချမ်းသာပြီး မင်းသားက ဆင်းရဲလွန်းနေတယ်။ ဒီအတိုင်းဆက်ရေးသွားရင် ဇာတ်သိမ်းပိုင်းမှာ သူတို့နှစ်ယောက် ဘယ်လိုမှညားဖို့ မလွယ်ဘူး။ ကျွန်တော့် ပရိသတ်

http://www.cherrythitsar.org



ကလည်း ညှားမှကြိုက်တယ်။ ကွဲရင် မကြိုက်ဘူး"

"ငါက ဘာအကြံပေးရမှာလဲ..."

"ဆင်းရဲလွန်းတဲ့ မင်းသားကို လူနေမှုအဆင့် နည်းနည်းမြှင့်ပေးချင်တယ်။ သိပ်အဆင်းရဲကြီးမဟုတ်ဘူး။ မရှိမရှားပေ့ါ ဂုရုကြီးရာ"

"သူ့မိဘက ဘာလုပ်သလဲ"

"အဖေမရှိဘူး။ အမေပဲရှိတယ်။ မုဆိုးမသား။ သူ့အမေက လမ်းထိပ်မှာ မုန့်ဟင်းခါးရောင်းတယ်။ ဆိုင်ကလေး မဟုတ်ဘူး။ ရောင်းကောင်းတဲ့ဆိုင်ကြီး"

"လွယ်ပါတယ်။ သူတို့အိမ်မှာ ဟင်းချက်ရင် နေ့စဉ် ကန်စွန်းရွက်ကြော်တစ်ပွဲ အမြဲပါတယ်လို့ရေး။ ကန်စွန်းရွက်ကို ကြိုက်လည်းကြိုက်၊ နေ့တိုင်းလည်း စားနိုင်တယ်လို့ရေး...ဒါဆို မင်းဇာတ်လိုက်မင်းသား လူနေမှုအဆင့် မြင့်သွားလိမ့်မယ်"

ကန်စွန်းရွက်ဈေးကို ရှင်းပြလိုက်တော့ တပည့်စူပါ ဘဝင်ကျစွာဖြင့် ပြုံးပြီး ပြန်သွားသည်။ သူပြန်သွားပြီး တအောင့်အကြာတွင် ဟာကြူလီငပျော့ မဲ့ပြီးရောက်လာသည်။

"စိတ်ပိန်စရာပဲ ဂုရုကြီး...မနှစ်က တစ်စည်း တစ်ကျပ်၊ ကန်စွန်းရွက်ဟာ ဒီနှစ် တစ်စည်း ငါးကျပ်တဲ့"

http://www.cherrythitsar.org



တလောလေးက သုံးစည်းဝယ်ကြော်စားမိထား သော ဂုရုကွေးက ငပျော့ကို သုံးကြိမ်တိတိ မေးလိုက်ရ သည်။

“ကန်စွန်းရွက်ကို ဘာထင်သလဲ”၊ “ကန်စွန်းရွက်ကို ဘာထင်သလဲ”၊ “ကန်စွန်းရွက်ကို ဘာထင်သလဲ”

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၃၊ ၁၁၊ ၆၊ ၁၉၉၇]

# စွန့်စားချင်း အထူးထူး

"ဟိုက်‥ရှာလပတ်ရည် အံ့မခန်း စွန့်စားမှုပါလား"

ဟာကြူလီပျော့က မဂ္ဂဇင်းတစ်စောင်မှ ဓာတ်ပုံတစ်ပုံကိုကြည့်ပြီး တအံ့တသြပြောသည်။ ထိုဓာတ်ပုံမှာ နိုင်ငံခြားမှ စတန့်မင်း တစ်ယောက် မိုးထိအဆောက်အအုံကြီးနှစ်ခုထိပ်တွင် ကြိုးတန်းကာ ထိုကြိုးတန်းပေါ်တွင် သက်စွန့်ဆံဖျား လျှောက်နေပုံဖြစ်သည်။

"တို့ မြန်မာမှာလည်း ဒီလိုအံ့မခန်း စွန့်စားမှုတွေ ရှိခဲ့ပါတယ်။ ပြောရမယ်ဆိုရင် နိုင်ငံခြားစတန့်မင်း ထက်ပိုစွန့်စားထားတဲ့ စွန့်စားမှုတွေပါ"

"ပြောပါဦး ဂုရုကြီး‥‥ကျွန်တော်တို့က မမီခဲ့လို့"

"မီးပုံးပျံ ဦးကျော်ရင်ဆိုတာ မင်းကြားဖူးသလား"

"ဟုတ်ကဲ့‥‥ကြားဖူးရုံပါပဲ၊ သေသေချာချာတော့

http://www.cherrythitsar.org



မသိဘူး”

“နားထောင်. . .ဦးကျော်ရင်အကြောင်း ငါပြော ပြမယ်”

မီးပုံပျံ ဦးကျော်ရင်သည် မြန်မာလူမျိုးထဲမှ ကမ္ဘာ သိအောင် ကျော်ကြားသော စွန့်စားသူဖြစ်သည်။ မီးပုံးပျံ ကြီး တစ်လုံးကို မှိုင်းဝအောင်ခံကာ ထိုမီးပုံးပျံကို စီး၍ ကောင်းကင်သို့တက်သည်။

“ကျလိုက်ရင်တော့ မသက်သာဘူးနော်”

“ဘယ်သက်သာမလဲကွာ၊ အရိုးတခြား၊ အသား တခြားပေါ့။ ခေတ်ပုံထဲက စတန့်မင်းက တိုက်ထိပ်ဖျားတင် စွန့်စားတာ တို့ဦးကျော်ရင်က ဟိုး. . .အာကာသအမြင့် ကြီးထဲကို တက်ပြီး စွန့်စားရတာ. . .”

ဦးကျော်ရင်စီးသော မီးပုံးပျံအောက်တွင် ဘား တန်းတစ်တန်းပါသည်။ မီးပုံးပျံ စ,တက်စဉ် ဦးကျော်ရင်က ထိုဘားတန်းတွင် ကျွမ်းဘားအမျိုးမျိုး ကစားပြပြီးလိုက်သွား သည်။ မီးပုံးပျံက မှိုင်းကုန်သောအခါ ကျချင်သည့်နေရာ တွင်ကျသည်။ ထိုအကျတွင် ထိန်းထိန်းသိမ်းသိမ်း မဆင်း တက်လျှင် အသက်အန္တရာယ်ကြုံတွေ့နိုင်သည်။

“တစ်ခါတော့ ထားဝယ်နယ်က ရွာကြီးတစ်ရွာမှာ မီးပုံးပျံစီးပြတုန်းကပေါ့. . .မီးပုံးပျံ စ,အတက်မှာ လေနဲ့

ပါသွားပြီး ဘူးစင်ကြီးတွေ နားရောက်သွားတယ်။ ဘူးစင်ကြီးတွေက ဝါးချွန်တွေက ဦးကျော်ရင် ရင်ညွန့်တတန်းတည်းပဲ..ပရိသတ်က *ဦးကျော်ရင် ဝါးလုံး ဝါးလုံး* လို့ စိုးရိမ်တကြီး ဝိုင်းအော်ကြတယ်။ ဦးကျော်ရင်က ဘူးစင်နားအရောက် ကျွမ်းထိုးပြီးရှောင်ထွက်သွားတယ်။ သူ့ရင်ညွန့်ကိုထိုးဖောက်မယ့် ဝါးချွန်တွေဟာ အောက်မှာကျန်ခဲ့တယ်။ ဦးကျော်ရင်က ဝါးချွန်တွေပေါ်ရောက်သွားတယ်။ အဲသလိုစွန့်စားတဲ့ ဦးကျော်ရင်ကွ...''

ဟာကြူလီငပျော့ ဦးကျော်ရင်ကို သဘောကျသွားသည်။ သိပ်အံ့သြဖို့ ကောင်းဗျာဟု တဖွဖွချီးကျူးသည်။ ဦးကျော်ရင်နှင့် သူ၏မီးပုံးပျံကို မြင်ဖူးအောင် စာအုပ်ထဲတွင်ပါသော ဓာတ်ပုံကို ပြရသည်။

အဆင်ပြေချင်တော့ ရုပ်ရှင်ကားဟောင်းများ ပြန်အပြတွင် (မြဂနိုင်) ဇာတ်ကားပါလာသည်။ ထိုဇာတ်ကားတွင် ဇာတ်လိုက်ကျော် ရဲခေါင်ချစ်ဆွေကြီးက ဦးကျော်ရင်စီးမည့် မီးပုံးပျံကို လုစီးပြီး ကောင်းကင်တက်သွားပုံပါသည်။

''ဟိုက်...ရှာလပတ်ရည်၊ ရဲခေါင်ချစ်ဆွေကြီးလည်း လူစွန့်စားပဲနော်။ ဂုရုကြီး...ရဲခေါင်ချစ်ဆွေကြီးကို မြင်ဖူးလား...''

''မြင်ဖူးရုံတင် ဘယ်ကမလဲ၊ လူချင်းပါသိတယ်။

http://www.cherrythitsar.org



အဲဒီတုန်းက ငါက ကလေးပဲ ရှိသေးတယ်။ ကိုချစ်ဆွေကြီးက တို့နေမြို့ မင်းလိုင်းရပ်မှာ နေတာ။ ရောဝတီမြစ်ထဲကို ရေချိုးဖို့ အိမ်ပေါ်က ဆင်းရင် ရိုးရိုးမဆင်းဘူး။ နှစ်ထပ်အိမ်အပေါ်ထပ်ကနေ လမ်းဘေးကို တစ်ပတ်ကျွမ်းနဲ့ ဆင်းတယ်။ တို့ကလေးတွေ သွားသွားကြည့်ပြီး လက်ခုပ်တဖြောင်းဖြောင်းပေါ့…"

ထို ရဲခေါင်ချစ်ဆွေကြီး၏ အံ့မခန်းစွန့်စားခန်းတစ်ခုကို ဟာကြူလီငပျော့အား ပြောပြရသည်။ စက်ရုပ်မိကျောင်း မဟုတ်ဘူးနော်။ တကယ့်သက်ရှိ မိကျောင်းအစစ်၊ ရေထဲမှ မိကျောင်းနဲ့ သတ်တော့ မိကျောင်းကအမြီးနဲ့ ရိုက်တယ်။ ရဲခေါင်ချစ်ဆွေကြီးက လက်မောင်းမြောက်ပြီးလက်ဖျံနဲ့ ခံပေးတယ်။ မိကျောင်းကို အတင်းဖက်လုံးပြီး ဓားမြှောင်နဲ့ ထိုးသတ်ပစ်တယ်။ ကင်မရာလှည့်စားချက်မပါဘူး။ လိမ်ဆင်မဟုတ်ဘူး။ မိကျောင်းအစစ်နဲ့သက်စွန့်ဆံဖျား သတ်ရတာ…"

ဟာကြူလီငပျော့ ရဲခေါင်ချစ်ဆွေကြီးကိုလည်းကြိုက်သွားပြန်သည်။ ကိုချစ်ဆွေကြီး အကြောင်းစကားစပ်မိတိုင်း တောက်တခေါက်ခေါက်။ တဖျစ်တောက်တောက်နှင့် "ဂုရုကြီး ကံကောင်းတယ်ဗျာ။ ကိုချစ်ဆွေကြီးကို မီလိုက်တယ်။ အဲဒီတုန်းက ကျွန်တော်က လူတောင်မဖြစ်

http://www.cherrythitsar.org



သေးဘူးတဲ့"

"ကိုချစ်ဆွေကြီးက ဘယ်မှာသေတာလဲ။ နေဖြူမှာ ပဲလား"

"မဟုတ်ဘူးကွ။ ဒိုက်ယား၊ သာယာကုန်းတိုက်ပွဲမှာ ကျသွားတာ ကိုချစ်ဆွေကြီးရယ်။ ဗိုလ်လေးကျော်ကျော်ရယ်၊ နှစ်ယောက်ကျတယ်။ ဘီအိုင်အေခေတ် လောက်ဖြစ်လိမ့်မယ်"

"မီးပုံးပျံ ဦးကျော်ရင်ရော၊ ရဲခေါင်ချစ်ဆွေကြီးရော၊ သူတို့စွန့်စားပုံတွေ ကျွန်တော်အံ့ဩတယ်..."

ထိုစကားကို ရက်ပေါင်းများစွာ ပြောလာခဲ့သောဟာကြူလီငပျော့ထံမှ တစ်နေ့သောအခါ ထူးထူးခြားခြား စကားအသစ်အဆန်းကို ကြားရသည်။

"စာကလေးသားအကြီးကောင်ကို ကျွန်တော် အံ့ဩတယ် ဂုရုကြီး ဒီကောင် တကယ်စွန့်စားတဲ့ လူစွန့်စားပဲ..."

ဟိုက်...ရှာလပတ်ရည်၊ စာကလေးသား အကြီးကောင်က လူစွန့်စားဆိုပါလား။ ဒီကောင်လေး လူပျိုဖြစ်တာ ဘာမှမကြာသေး၊ မျက်စိအောက်တွင် လူဖြစ်လာပြီး၊ မျက်စိအောက်တွင်ပင် လူလားမြောက်လာသူဖြစ်သည်။

"ဒီကောင်က ဘာစွန့်စားတာလဲ၊ လူတွေအဆ

မတန် ကျပ်ခဲနေတဲ့ ဘတ်စ်ကားကို အပေါက်ဝက တွယ်ပြီး စီးလာတာလား"

"မဟုတ်ပါဘူး..."

"မိုးဦးလေဦးမှာ သတ်မှတ်ထားတဲ့ အလေးချိန် ထက် ကုန်ရော၊ လူရော ပိုတင်ထားတဲ့ မြစ်ဝကျွန်းပေါ်သွား သင်္ဘောမှာ ခရီးရှည်လိုက်စီးလို့လား"

"မဟုတ်ပါဘူး ဂုရုကြီး"

"ဒီကောင်ဟာ တိုက်နှစ်တိုက်ထိပ်ဖျားမှာ ကြိုးတန်း လျှောက်မယ့်ကောင် မဟုတ်ဘူး။ မီးပုံးပျံနဲ့ ကောင်းကင်တက် ဖို့ ဆိုတာဝေးရော...၊ ဒီကောင်က ပုတ်သင်ညိုတောင် ကြောက်တဲ့ကောင် မိကျောင်းနဲ့သတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင် ဘူး။ ဒီကောင်စွန့်စားတယ်ဆိုတာ ဘာစွန့်စားတာလဲ..."

ဟာကြွလီငပျော့က ငါးသလဲထိုး အပြုံးလေးပြုံး သည်။ သူ့စကားကို ကြားရသောအခါ အသက်(၂၀၀၀) ဂုရုကွေးခမျှာ ဟိုက်...ရှာလပတ်ရှည်ပင် မအော်နိုင်ရှာ တော့။ ပါးစပ်အဟောင်းသား ပွင့်သွားရသည်။

"အစစအရာရာ ဈေးတွေကြီးနေချိန်မှာ အလုပ် အကိုင် မယ်မယ်ရရ မရှိဘဲ၊ မိန်းမယူတယ် ဂုရုကြီး။ သူ့ ထက်စွန့်စားသူတောင် သူ့လောက်စွန့်စားမယ် မထင်ဘူး။ စာကလေးသား အကြီးကောင်ကတော့ အံ့ဖွယ်စွန့်စားပါပဲ"

[မော်ကွန်းကျာနယ်၊ အတွဲ-၁၊ အမှတ်-၄၊ ၁၇၊ ၆၊ ၁၉၉၇]

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



# တောင်ဝှေးချင်း ထူပေမယ့်

"ဟိုက်...ရှာလပတ်ရည် နာလိုက်တာ..ကျွတ် ကျွတ်..ကျွတ်"

အမြဲတမ်း သွတ်..သွတ်..သွတ်..ဟု နောက်ခဲ့သော ဂုရုကွေးတစ်ယောက် ဒီတစ်ခါတော့ ကျွတ်..ကျွတ် ကျွတ် ဟု တကယ်အော်ရပြီ။

လူ့ခန္ဓာကိုယ်တွင် နာခြင်းအမျိုးမျိုးရှိသည့် အနက် သွားနာခြင်းနှင့် ခါးနာခြင်းမှာ အလွန်အခံရခိုးသော ဝေဒနာများဖြစ်သည်။ မနေ့ညနေက ရေအပြည့်နှင့် ရေပုံးတစ်ပုံးကို အမှတ်တမဲ့ ကုန်းဆွဲလိုက်ခိုက် ခါးဆီမှ ဂွျတ်ခနဲ မြည်သံကြားလိုက်ရသည်။

ဘာဖြစ်တာလဲ ခါးဆီမှ မူလီချောင်သွားတာလား။ ဂွိုင့်ပြုတ်သွားတာလား။ ဘာဖြစ်မှန်းမသိရ၊ မနက်အိပ်ယာမှ အထတွင် ခါးက မခံမရပ်နိုင်အောင် နာနေပြီ။

"ဂုရရေ . . .ခြောက်နာရီတောင် ထိုးပြီးပါပေါ့လေ. . .လာကြပော့ မေတ္တာအောင်ကို သွားကြပါစို့လေ"

ဟာကြူလီငပျော့ စောစောစီးစီး ရောက်လာပြီး မေတ္တာအောင်ကို သွားဖို့ခေါ်သည်။ မေတ္တာအောင်မှာ မင်္ဂလာလမ်းမှ လက်ဖက်ရည်ဆိုင်ဖြစ်သည်။ လက်ဖက်ရည်ကောင်းသည်။

"ခါးနာနေတယ်ကွ . . .လမ်းလျှောက်လို့မရဘူးထင်တယ်"

မေတ္တာအောင်က သိပ်မဝေး။ ဂုရကွေးအိမ်နှင့်မျက်စောင်းထိုး၊ မင်္ဂလာလမ်း ဆယ့်သုံးရပ်ကွက်ဘက်ခြမ်းမှာ ဖြစ်သည်။ အိမ်ရှေ့ထွက်ပြီး လှမ်းကြည့်လိုက်တာနှင့်မြင်ရသည်။

"သွားစမ်းပါ. . .လမ်းလျှောက်လို့မရရင် တောင်ဝှေးထောက်လျှောက်၊ ဆိုင်က ဘယ်လောက်မှ ဝေးတာမဟုတ်ဘူး"

"မင်းတောင်ဝှေးက ဘယ်မှာလဲ"

"တောင်ဝှေးများ ခက်ခက်လွန်းလို့ ဒါကိုတောင်ဝှေးလုပ်လိုက် ထောက်လို့ရရင်ပြီးတာပဲ"

ဟိုက် ရှာလပတ်ရည်။ ခြံတခါးပိတ်သော သစ်သားတုတ်ကို တောင်ဝှေးအဖြစ် ကိုင်ခိုင်းသည်။ ဂုရကွေး

http://www.cherrythitsar.org



သည့် တံခါးမင်းတုပ် တစ်ဖြစ်လဲ အရေးပေါ်တောင်ဝှေးကို ထောက်ကာ ထောက်ကာဖြင့် မေတ္တာအောင်သို့ တရွေ့ ရွေ့လှမ်းခဲ့ရသည်။ ဘာပြောကောင်းမလဲ နာလိုက်တဲ့ခါး ခြေတစ်လှမ်းလှမ်းလိုက်တာနှင့် ခါးက မျက်ခနဲနာသည်။

ငပျော့နှင့် နှစ်ယောက်သား လက်ဖက်ရည် သောက်ရင်း တောင်ဝှေးအကြောင်း ပြောကြရာမှ ၁၉၈၃ ခုနှစ်တွင် ရောက်ခဲ့သော ပန်းတောင်းစာပေဟောပြောပွဲကို ပြန်သတိရလာသည်။ ထိုပွဲစဉ်များတွင် တောင်ဝှေးနှင့် ပတ်သက်သော ပွဲစဉ်တစ်ခုပါသည်။ ငပျော့ကို ပြန်ဖောက် သည်ချရသည်။

"ပန်းတောင်းစာပေ ဟောပြောပွဲက ပန်းတောင်း နာမည် တပ်ထားပေမယ့် ပွဲစဉ်များတယ်။ ဆင်တဲက စဟောပြီး ပန်းတောင်း၊ ဥသျှစ်ပင်၊ ထုံးဘို၊ ကွင်းလှ၊ ညောင် ခြေထောက်၊ ကမြိုင် စသည်ဖြင့် အဲသည်မှာရှိတဲ့ ကပစ၊ ကစလတွေကို ဟောရတာ နေ့တစ်ပွဲ၊ ညတစ်ပွဲ သိပ်စည် တယ်၊ ပျော်လည်းပျော်တယ်၊ ပင်လည်း ပင်ပန်းတဲ့ ပွဲ တွေပေါ့ကွာ··· အဓိက စီစဉ်သူကတော့ ပန်းတောင်း စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ မောင်မြေကြီး(ပန်းတောင်း)ပေါ့။ ပန်းတောင်းပွဲစဉ်တွေပြီးတာနဲ့ ရိုးမကျော်ပြီး တောင်ကုတ် အထိ သွားဟောပေးရတယ်"

"တောင်ဝှေးပြဿနာက ဘယ်ပွဲမှာကြုံရတာလဲ"

"ညောင်ခြေထောက်…ကပစ(၆)မှာ ညပွဲပြော ပြီး၊ မနက်ညှိခံပွဲမှာ ကြုံရတာ၊ အဲဒီတုန်းက တို့အဖွဲ့မှာ ဆရာကြီးဦးရန်အောင်က အဖွဲ့ခေါင်းဆောင်၊ ငါရယ် မောင်သိန်းဆိုင်ရယ်က အဖွဲ့ဝင်တွေပေါ့ ကပစ(၆) ညှိခန်းမ မှာ ညှိခံကျွေးမွေးနေတုန်း အရာခံဗိုလ်အဘိုးကြီး တစ် ယောက်က ဆရာကြီးဦးရန်အောင်ကို တောင်ဝှေး တစ် ချောင်း လက်ဆောင်ပေးတယ်"

"ဘာတောင်ဝှေးလဲ ဂုရုကြီး…"

"ဝါးတောင်ဝှေးလို့ ခေါ်ရလိမ့်မယ်ထင်တယ်။ ညောင်ခြေထောက်က ရိုးမနဲ့နီးပြီး။ တောကောင်းတော့ သစ်ဝါးပေါတယ်။ သူပေးတဲ့ တောင်ဝှေးက လက်ကိုင်ရ မယ့်နေရာမှာ ဝါးဖုကြီးပါတယ်။ ဝါးကခေါင်းပွဝါးမဟုတ်ဘူး။ အခေါင်းပိတ်ဝါး ဝါးကျစ်။ ဆရာကြီး ဦးရန်အောင်က အသက်အကြီးဆုံးမို့ လမ်းမှာ တောင်ဝှေးထောက်သွားဖို့ လက်ဆောင်ပေးတာ"

"ကျွန်တော် မြင်ဖူးချင်လိုက်တာ"

"ဆရာကြီး ဦးရန်အောင်အိမ်မှာ ကျန်ကောင်းကျန် ခဲ့နိုင်တယ်။ တို့က ဆရာကြီးဦးရန်အောင်ကို တောင်ဝှေး လက်ဆောင်ပေးတာ အဘိုးကြီးချင်း ဆုပေးလိုက်ပါဦးဆို

http://www.cherrythitsar.org



တော့ ဟာသရှိတဲ့ ဆရာကြီးက ဘယ်လိုဆုပေးတယ်မှတ်သလဲ . . .”

“ဘယ်လို ဆုပေးသလဲ ဂုရုကြီး”

“တောင်ဝှေးကြီးကို စားပွဲစောင်းမှာ တဒေါက်ဒေါက်ခေါက်ပြီး( ဒီတုတ်ကြီး မာသလို မာပါစေ)လို့ ဆုပေးတော့ဝါးခနဲ ပွဲကျသွားတယ်။ ဘာမာတာလဲ ဆရာကြီးဆိုတော့မင်းတို့ကလည်း သိသားနဲ့ ကျန်းမာတာပေါ့ကွတဲ့။ ပြုံးပြုံးကြီးပြန်ဖြေတယ်။ အဲဒါက တကယ့်တောင်ဝှေးနဲ့ ပတ်သက်တဲ့အမှတ်တရ အဖြစ်အပျက်။ ၁၉၇၃ ခုနှစ်၊ စာဆိုတော်လကကြုံခဲ့ရတာ”

ဂုရုကွေး၏ ခါးနာခြင်းမှာ သုံးရက်ခံရပြီးနောက်တဖြည်းဖြည်း သက်သာပျောက်ကင်းသွားသည်။ ဟာကြူလီငပျော့က ခြံတံခါးမှာ တံခါးပိတ်သော တုတ်ကို ခင်ဗျားတောင်ဝှေးကြီး ပျောက်သွားဦးမယ်နော်။ နောက်တစ်ခါခါးနာနေရင် ထောက်ဖို့ သေသေချာချာထားဟု အမြဲနောက်သည်။

“ဂုရုကြီးရေ . . . အဖော်ကောင်းလို့ ကျိုက်ထီးရိုးလိုက်သွားလိုက်ဦးမယ်”

ငပျော့၊ ကျိုက်ထီးရိုးမှ အပြန်တွင် ကျိုက်ထီးရိုးတောင်ဝှေးတစ်ချောင်းလက်ဆောင်ပါလာသည်။ အိမ်လာ

http://www.cherrythitsar.org



ပေးသည်။ အများသိကြသည့်အတိုင်း ကျိုက်ထီးရိုးတောင်ဝေးမှာ ဝါးတောင်ဝေးဖြစ်သည်။ တောင်ဝေးပေါ်တွင် မီးမြှိုက်၍ အစက်အပြောက်ကလေးတွေ ဖော်ထားသည်။ အလှတန်ဆာဆင်ထားခြင်းဖြစ်သည်။

"ဂုရုကြီး ခါးနာရင် ထောက်ဖို့တောင်ဝေးလက်ဆောင်"

"တောင်ဝေးလက်ဆောင် ပေးတာကျေးဇူးတင်ပါတယ်။ ခါးတော့ပြန်မနာပါရစေနဲ့။ တစ်ချီတည်းနဲ့ အီစကီးဖြစ်သွားလို့ပါ⋯ဒါထက် ဒီတောင်ဝေးဘယ်လောက် ပေးခဲ့ရသလဲ"

"တစ်ပြားမှ မပေးရပါဘူး။ စိုင်တမော့စခန်းမှာ တစ်ယောက်ယောက် ပစ်ထားခဲ့တာတွေ့လို့ ဂုရုကြီးအတွက် ကောက်လာတာပါ။ ဖွက်ကာလိဒင်္ဂါးနဲ့ ဝယ်မယ်ဆိုရင် ငါးကျပ်လောက်ပေးရလိမ့်မယ် ထင်တယ်"

ဆက်စပ်မိ၍ တောင်ဝေးတွေ အကြောင်း ပြန်စဉ်းစားမိသည်။ ခါးနာတုန်းက ထောက်ခဲ့ရသော တံခါးမင်းတုပ်တောင်ဝေးက အိမ်ကပစ္စည်း တစ်ပြားမှမကုန်။ ဆရာကြီးဦးရန်အောင်ကို လက်ဆောင်ပေးလိုက်သော ဝါးရင်းတောင်ဝေးကလည်း တောထဲက ခုတ်လာတာမို့ တစ်ပြားမှမကုန်။ ပျော့ပေးသော တောင်ဝေးကလည်း သူများပစ်ထားတာ

http://www.cherrythitsar.org



ကောက်လာတာမို့ တစ်ပြားမှမကုန်။

"တောက်...တောင်ဝှေးတွေ တယ်ပေါပါလား ကွ"

ထိုစကားကို ငပျော့က စပ်ဖြီးဖြီးလုပ်သွားသည်။ သုံးရက်အကြာတွင် ပြုံးတုံးပြုံတဲဖြင့်လာပြောသည်။

"တောင်ဝှေးတွေ မပေါဘူးဂုရုကြီး...ဈေးအကြီးဆုံးတောင်ဝှေး မြင်ဖူးချင်ရင် အိမ်လိုက်ခဲ့"

သူ့အိမ်လိုက်သွားတော့ ချထားသော သူ့အမေ ဆွဲခြင်းကို ပြသည်။

"တွေ့လား ထိပ်ဖျားအပိုင်းကလေးတွေ ဖြတ်စည်းထားတဲ့ တောင်ဝှေးအချောင်းနှစ်ဆယ်တည်းပါတယ်။ တစ်စည်းကို အစိတ်ပဲ"

သူပြသော တောင်ဝှေးစည်းကို ကြည့်ပြီး ဂုရုကွေး ဖျားသွားသည်။

"ဟိုက် ရှာလပတ်ရည် တစ်ချောင်းကို ငါးမတ်ကြီးများတောင် ကျနေပါလား။ တောင်ဥက္ကလာ(၁၀)ရပ်ကွက်ဈေးက **ဖလံတောင်ဝှေး**ဟာ တောင်ဝှေးချင်းတူပေမယ့် ထူးသွားပြီမျို့...သွတ်...သွတ်...သွတ်"

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၅၊ ၂၅၊ ၆၊ ၁၉၉၇]**

# ကင်ဆာလက်ဆောင်

မနက်ရှစ်နာရီခန့်…

တောင်ဥက္ကလာပ မေတ္တာလမ်းမှ (……)
ကဖီးတွင် လက်ဖက်ရည်သောက်သူများဖြင့် အုန်းအုန်း
ကျွက်ကျွက် စည်ကားနေခိုက် ကားတစ်စီး ဆိုင်ရှေ့၌ ထိုး
ရပ်လာသည်။

"ဟိုက်…ရှာလပတ်ရည်၊ စောစောစီးစီး ဘာကြီး
လဲဟ"

ဆိုင်ထဲမှ ပရိသတ်များ အံ့သြလို့ မဆုံးသေး။
ကားပေါ်မှ မျောက်ခေါင်း မျက်နှာဖုံးစွပ်ထားသော လူတစ်
ယောက်နှင့် စကတ်ဆင်တူဝတ်ထားသော မိန်းမလှလေး
လေးယောက် ဆင်းလာသည်။ မျောက်ခေါင်း၏လက်ထဲ
တွင် ကတ်ထူပြားငါးချပ်ချိပ်ထားသည်။

"ရှောဘရားသား ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့

http://www.cherrythitsar.org



(မရဏ)စီးကရက်တွေပါ···နမူနာအဖြစ်အခမဲ့ လိုက်လံဝေငှပေးနေပါတယ်။ အထဲမှာ ကံစမ်းမဲပါပါတယ်"

မျောက်ခေါင်းက နမူနာစီးကရက်ဘူးကို မြှောက်ပြ၍ပြောသည်။ မိန်းမလှလေး လေးယောက်က ဆိုင်တွင်းမှ အဖွဲ့များသို့ မရဏစီးကရက်တွေ လိုက်ဝေသည်။ မီးခြစ်ခြစ်၍ မီးညှိပေးသည်။ သက်ကြီးပိုင်းနှင့် သက်လတ်ပိုင်းယောကျ်ားများက ငြင်းပယ်ကြသော်လည်း ဆယ်ကျော်သက်ရွယ် ချာတိတ်တွေက "ဒီကိုတစ်လိပ်" "ဒီဘက်ကိုတစ်လိပ်"ဟု လှမ်းအော်တောင်းနေကြသည်။ ကောင်မလေးတွေက ပြုံးချိုသော မျက်နှာဖြင့် အားချင်းလာပေးသည်။ မရဏကို ပါးစပ်တွင် ခဲစေကာ မီးညှိပေးသည်။

"ဗျို···လိပ်ခေါင်း၊ အဲလေ··မျောက်ခေါင်း၊ ကံစမ်းမဲက ဘာပေးမှာလဲ"

ဆိုင်ထဲမှ ခပ်နောက်နောက် လူတစ်ယောက်က မျောက်ခေါင်းမျက်နှာဖုံးကို လှမ်းမေးသည်။ မျောက်ခေါင်းကို လိပ်ခေါင်းဟု မှားခေါ်သည်ကို ပတ်ဝန်းကျင် စားပွဲများမှ တဟားဟားရယ်ကြသည်။ ရယ်လေ၊ ကြိုက်သလောက်ရယ်၊ အူတက်အောင်ရယ်၊ မျောက်ခေါင်းကတော့ တစ်ချက်ကလေးမှ ဣန္ဒြေမပျက်။ လက်ဖက်ရည်ဆိုင်ပေါင်းများစွာတွင် ဒီလိုမျိုး တွေ့ကြုံရပေါင်းများ၍ ရိုး···ပဲ···ပဲ··နေပြီ။

"ကံစမ်းမဲ ပထမဆုက နှစ်ဆယ့်တစ်လက်မ တီဗွီဘူးခွံ"

"ဒုတိယဆုကရော"

"ဒုတိယဆုကတော့ ကက်ဆက်ပျက်တစ်လုံး"

"နှစ်သိမ့်ဆုကရော"

"နှစ်သိမ့်ဆုက ယပ်တောင်နှစ်ရာပါ။ နှစ်သိမ့်ဆုငါးထောင်ပေးပါမယ်။ အားလုံးပဲ ကျွန်တော်တို့ ကုမ္ပဏီကလိုက်လံကြော်ငြာဖြန့်ဝေနေတဲ့ ရှောဘရားသားကုမ္ပဏီထုတ်မရဏာစီးကရက်တွေကို တစ်နေ့ နှစ်ဘူးကျ မှန်မှန်သောက်သွားရင် ခြောက်လကြာတဲ့အခါမှာ ပန်းနာ၊ ရင်ကျပ်ရောဂါကျိန်းသေဖြစ်ပါမယ်။ တစ်နှစ်ကြာတဲ့အခါမှာ ချောင်းဆိုးတဲ့အခါ သွေးစလေးတွေ ပါလာလိမ့်မယ်။ ဓာတ်မှန်ရိုက်ပြီးသလိပ်စစ်ကြည့်ရင် အဆုတ်ကင်ဆာ စဖြစ်ဖို့ ပျိုးနေတာကိုတွေ့ရပါလိမ့်မယ်"

သက်လတ်ပိုင်း စားပွဲများမှ သဘောပေါက်ကြသော်လည်း ချာတိတ်တွေ စားပွဲက သဘောမပေါက်။ အနားရောက်လာသော စကာတ်မချောလေးထံ (အဆုတ်ကင်ဆာတစ်လိပ်ပေးပါ)ဟု လှမ်းအော်တောင်းသည်။ အခြားချာတိတ်ဝိုင်းတစ်ဝိုင်းမှ (အဆုတ်ကင်ဆာ တစ်လိပ်ပေးပါ)ဟု လှမ်းအော်တောင်းသည်။ အခြားချာတိတ်ဝိုင်းတစ်ဝိုင်းမှ (အဆုတ်

http://www.cherrythitsar.org



ကင်ဆာတစ်ဘူးပေးပါမို့ ဝယ်မှာ ဝယ်မှာ အလကားတောင်းတာမဟုတ်ဘူး)ဟု လှမ်းအော်သည်။

မျောက်ခေါင်းက လက်ထဲတွင် ပိုက်ထားသော ကတ်ပြားကြီးတစ်ချပ်ကို ထောင်ပြသည်။ ကတ်ပြားပေါ်တွင် နှာခေါင်း၊ ပါးစပ်နှင့် အာခံတွင်း အပေါ်ပိုင်းတို့ကို ဖြတ်ထားသော ကြောက်စရာ မျက်နှာကြီးတစ်ခုကို မြင်ကြရသည်။

“စင်္ကာပူနိုင်ငံက မစ္စတာ လော့ဒ်ဆိုင်းယုတောင် (၅၄)နှစ်ရဲ့ ပုံဖြစ်ပါတယ်။ တစ်နေ့ အလိပ်နှစ်ဆယ်ဝင် စီးကရက်နှစ်ဘူးက သုံးဘူးအထိ မှန်မှန်သောက်ရင်း ပါးစပ်ကင်ဆာဖြစ်လာလို့ မျက်နှာအောက်ပိုင်း ဖြတ်ထုတ်လိုက်ရတဲ့ ဓာတ်ပုံပါ။ အပတ်စဉ်ထုတ် စာစောင်တစ်ခုထဲက မိတ္တူကူးထားတာပါ”

မျောက်ခေါင်းက နောက်ထပ် ကတ်ပြားတစ်ချပ်ကို ထောင်ပြပြန်သည်။

“ဒါကတော့ အမေရိကန်နိုင်ငံ စီးကရက်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ လစ်ဂတ်ကုမ္ပဏီရဲ့ ဝန်ခံထွက်ဆိုချက်ပါ။ စီးကရက်ကြောင့် ကင်ဆာရောဂါ၊ နှလုံးရောဂါနဲ့ အဆုတ်ထဲ၌ လေခိုအောင်းပြီး အဆုတ်ပျက်စီးစေသော ရောဂါတို့ကို ဖြစ်ပွားစေနိုင်သည်တဲ့။ အတိအလင်းဝန်ခံလိုက်ရပါပြီ။ ဆက်လက်ပြီး စီးကရက်ကုမ္ပဏီကြီးတွေဟာ သက်ကြီးပိုင်း၊

http://www.cherrythitsar.org



သက်လတ်ပိုင်းတွေကို မြူခွယ်လို့မရတော့ နည်းမျိုးစုံသုံးပြီး လူငယ်လူရွယ်တွေကို ပစ်မှတ်ထားပြီး မြူခွယ်ပါတယ်။ မြီးကောင်ပေါက်တွေဟာ စီးကရက်ရဲ့ သားကောင်ဖြစ်ကုန်ကြပါပြီ။ အဆုတ်ကင်ဆာလောင်းလျာလေးတွေပေါ့ခင်ဗျာ"

ဤသို့ ပြောနေရင်းမှ စကတ်မလေးတစ်ယောက်ကိုလှမ်းကြည့်ပြီး...

"ဟဲ့ ကလေးမ၊ ကင်ဆာစေတမန်ကလေး၊ ဟိုဘက်အဖွဲ့က ချာတိတ်က အဆုတ်ကင်ဆာတစ်လိပ်တဲ့ အဲလေ...မရဏတစ်လိပ်တဲ့၊ တောင်းနေတယ်"

"ဟုတ်ကဲ့ပါ မန်နေဂျာ"

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက *အားလုံးကျန်းမာ သက္ကရာဇ် နှစ်တောင်မှာ* လို့ ကျန်းမာရေး ဆောင်ပုဒ်ထုတ်ထားပါတယ်။ လူငယ်တွေ စီးကရက်အသောက်များရင် *ရှိက်ကုန်းရှူမှာ သက္ကရာဇ်နှစ်တောင်မှာ* လို့ ဆောင်ပုဒ်သစ်ထုတ်ရပါလိမ့်မယ်။ ပေါ့ဟို ကျုပ်တို့ စီးလာတဲ့ ယာဉ်ကြီးကို သေသေချာချာကြည့်ကြပါ"

မျောက်ခေါင်းက လက်ညှိုးထိုးပြလိုက်သောအခါ ကားခေါင်မိုးပေါ်မှ ကမ္ဘာလုံးကြီး လည်လာသည်။ ယာဉ်အတွင်းမှ မီးချောင်းများ လင်းလာသည်။ မှန်ကာထားသော နောက်ဘက်တွင် ယပ်တောင်မျိုးစုံ ဆိုက်စုံ ချိတ်ဆွဲ ထား

http://www.cherrythitsar.org



သည်ကို မြင်ရသည်။

"ဒီဇိုင်းမျိုးစုံနဲ့ ယပ်တောင်တွေပါ။ ယပ်တောင်တိုင်းမှာ လာတုန်းကလည်း တစ်ယောက်တည်းနော့ ဘာညာ ကွိကွ၊ သံဝေဂကဗျာတွေ ရိုက်ပြီးကပ်ထားပါတယ်။ ပေဟာ ဟိုတန်းပေါ်က ကလစ်နဲ့ ညှပ်ထားတဲ့ စာရွက်လေးတွေက သပိတ်သွတ်တရားတော်နာ ဖိတ်ကြားစာပါ။ ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားပါသည်။ ကျန်ရစ်သူ မိသားစု စသည်ဖြင့် ရယ်ဒီမိတ် အရန်သင့်ရိုက်ထားပါတယ်"

ကင်ဆာစေတမန် စကာတ်မလေးတွေ ဆိုင်ထဲမှ ပြန်ထွက်လာကြသည်။ ယာဉ်ပေါ်မှကက်ဆက်သံပေါ်လာသည်။

"အဆုတ်ကင်ဆာ ဖြစ်ချင်သလား။ လွယ်ပါတယ်။ သိပ်သိပ်လွယ်…သေချင်ရင် ပိုလိုမသောက်နဲ့ မရဏာကို သောက်…ရှောဘရားသားကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ မရဏာကိုသောက်…မရဏာစီးကရက်များကို သုံးဆောင်ကြပါရှင်"

စကာတ်မလေးတွေက ကားနောက်ပေါက်မှ တက်သည်။ မျောက်ခေါင်းမျက်နှာဖုံးက ကားရှေ့ခန်းတွင် ထိုင်သည်။ ယာဉ်မထွက်မီ မျက်နှာဖုံးကို ချွတ်ပြလိုက်သော အခါ တစ်ဆိုင်လုံး တစ်သံတည်း မြည်ဟိန်းထွက်လာသည်။

"ဟိုက်…ရှာလပတ်ရည်…တို့ဂုရုကြီးပါလား"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၆၊ ၂၊ ၇၊ ၁၉၉၇]

တွတ်ပီစာအုပ်တိုက်

# ဒီဖိနပ်မျိုး သိပ်ရှားတယ်

"ဟိုက်...ရှာလပတ်ရည်...ပြတ်ပြန်ပြီဟ.."

ငပျော့နှင့်နှစ်ယောက်သား ပဒေသာရုံ ဘက်သို့ အသွားတွင် ပုဂ္ဂလိကအပေါင်ဆိုင်ရှေ့၌ ဂုရုကွေးဖိနပ် သဲကြိုးပြတ်သွားသည်။

"ဂုရုဖိနပ်ကတော့ဗျာ...ပြတ်သလား မမေးနဲ့၊ ဂဒီးဂဒီး ခဏခဏပြတ်တဲ့ ကမ္ဘာ့ ပြေတ်ကြီးပဲ"

ဒီကောင်ပြောလည်း ပြောစရာ။ ဂုရုကွေးဖိနပ်က သဲကြိုးခဏခဏပြတ်သည်။ အသစ်ဝယ်တပ်လိုက်၊ ပြတ်လိုက်။ ထပ်ဝယ်လိုက်၊ ထပ်ပြတ်လိုက်၊ (ဝယ်တပ်ပြတ်) ဖိနပ်ဆိုတာ ဂုရုကွေးရဲ့ ရော်ဘာဖိနပ်ပါပဲ။

"အပေါင်ဆိုင်ရှေ့မှာ ပြတ်တာဆိုတော့ ဖိနပ်အသစ် တစ်ရံဝယ်ဖို့ တစ်ခုခုဝင်ပေါင်ရရင် ကောင်းမလား"

"ဂုရုကြီးမှာ ပေါင်စရာ ဘာပါသလဲ"

http://www.cherrythitsar.org



"အိတ်ကပ်ထဲမှာ စိုက်ထားတဲ့ ဘောလ်ပင်ပါတယ်။ ငါစာရေးနေတဲ့ ဘောလ်ပင်လေ"

"ဟား‥ ဟား‥အပေါင်ဆိုင်က ဘောလ်ပင်လက်မခံဘူး ဂုရုကြီး"

"ဒါဆို အပေါင်ခံဖိနပ်များ ရှိမလားမသိဘူး။ ဝင်စုံစမ်းကြည့်ရအောင်"

အပေါင်ခံပစ္စည်းတွေ ပြထားတာကတော့ အမျိုးမျိုးပဲ။ အဲဒီအထဲမှာ ဖိနပ်မပါ။ ပုဂ္ဂလိက အပေါင်ဆိုင်ပိုင်ရှင် ရွှေသွားနှင့်လူဝကြီးကို မေးကြည့်တော့ အာခံတွင်းက ဝင်းဝင်းတောက်လျက် ရွှေသွားစက်တွေ ပေါ်အောင်ရယ်ပြီး

"ဝဆိုင်မှာ အီစ ကတည်းက ဖိနပ်လက်မခံဘူးလေ၊ ထီးတို့ မိုးကာတို့ပဲ လက်ခံတယ်။ ဖိနပ်လိုချင်ရင် ပောပကိုဆယ်ရပ်ကွက်ဈေးက ဖိနပ်တန်းသွားပေါ့"

ရွှေသွားပြောတာ မှန်သည်။ ဟာကြူလီငပျော နှင့်အတူ ရော်ဘာဖိနပ်ပြတ်ကို တန်းလန်းဆွဲ၍ ဖိနပ်ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့သည်။ ဂုရုကွေးက မသိသော်လည်း ဖိနပ်ဆိုင်ရှင်က ဂုရုကွေးကို သိနေသည်။

"ဖိနပ်လား‥‥ ဂုရုကြီး"

"ဟုတ်ပခင်ဗျာ‥မိန်းမမှာ နားကပ်၊ ယောကျ်ားမှာ ဖိနပ်ဆိုတဲ့ ဖိနပ်ပါပဲ။ ကျုပ်ဖိနပ်ပြတ်သွားလို့ အသစ်

တစ်ရန် ဝယ်ရတော့မယ်။ ဖိနပ်ပေါက်ဈေးတွေ ပြောစမ်းပါဦး"

"ဆင်ကြယ်က သုံးရာ့နှစ်ဆယ်၊ မြင်းကြယ်က နှစ်ရာ့နှစ်ဆယ်၊ မိကျောင်းကြယ်ကလည်း နှစ်ရာ့နှစ်ဆယ်။ အဲ ဝက်ဝံကြယ်တစ်ခုပဲ တစ်ရာ့ခုနှစ်ဆယ်ရှိတယ်။ ဘယ်ကြယ်ယူမှာလဲ..."

"ဖွတ်ကလိဒဂါး ပြတ်နေလို့ လောလောဆယ်တော့ ဘယ်ကြယ်မှ မယူနိုင်သေးပါဘူးဗျာ"

သဲကြိုးပြတ်သွားသော ဖိနပ်ကို ငပျော့က အရေးပေါ် ဆေးကုပေးသည်။ ဈေးဝမှ ကောက်ရသော သွပ်နန်းကြိုးပြတ်စတစ်ခုဖြင့် ဖိနပ်သဲကြိုးပြတ်ကို ပြန်ဆက်သည်။ ဆက်ရာကို အုတ်ခဲဖြင့်ထု၍ ပြားကပ်သွားစေသည်။

"ရော့...လောလောဆယ် စီးလို့ရသွားပြီ၊ ဘယ်နှစ်လှမ်း လှမ်းပြီး ပြန်ပြတ်မယ်တော့ မသိဘူး"

ဂုရုကွေးက ထိုဖိနပ်ကို ပန်းတစ်လိမ်နန်းတစ်လိမ် ဖိနပ်ဟု အမည်ပေးသည်။ သဲကြိုးပြတ်ကို သွပ်နန်းဖြင့် လိမ်၍ ဆက်ထားရသော ဖိနပ် မဟုတ်ပါလား။ ထိုပန်းတစ်လိမ် နန်းတစ်လိမ်လည်း ကြာကြာမခံ။ နောက်နေ့တွင် ပြန်ပြတ်သွားသည်။

"ဂုရုကြီး...လက်ဖက်ရည်ဆိုင် သွားကြစို့၊ စီးစရာ

http://www.cherrythitsar.org



ဖိနပ်ရှိရဲ့လား"

"သိပ်ရှိပေါ့ကွာ ရှိတာမှ ဖိနပ်နှစ်ဖက်လုံး ဘယ်ရော၊ ညာရော သဲကြိုးခိုင်တဲ့ စပါယ်ရှော်ဖိနပ်ကွ"

ဂုရကွေး စီးလာသော ရော်ဘာဖိနပ်ကို ကြည့်ပြီး ဟာကြူလီငပျော့ ပိုက်ရှာလပတ်ရည် အော်သွားသည်။ ဖိနပ်က အနီတစ်ဖက်၊ အပြာတစ်ဖက်။ အရောင်မတူ။

"ဒါ‥ ဘာဖိနပ်လဲ ဂုရုကြီး"

"ဆင်ကြယ်၊ မြင်းကြယ်၊ မိကျောင်းကြယ်၊ ဝက်ဝံကြယ် တွေကို အချိန်မရွေး ရင်ဆိုင် ယှဉ်ပြိုင် နိုင်တဲ့ ခွေးကြယ်ဖိနပ်ကွ"

"ဗျာ‥ခွေးကြယ်ဖိနပ်၊ ဟုတ်လား"

"ဟုတ်တယ်‥‥ခွေးကြယ်ဖိနပ်။ ငါ့ခွေးတွေ မိလ္လာလမ်းက ချီလာလို့ ခွေးကြယ်လို့ နာမည်ပေးထားတာ ဘာပဲဖြစ်ဖြစ် အရောင်တူသည်ဖြစ်စေ၊ အရောင်မတူသည်ဖြစ်စေ စီးလို့ရဖို့က လိုရင်းမဟုတ်လား"

ဂုရကွေး၏ ခွေးကြယ်ဖိနပ်ကို လက်ဖက်ရည်ဆိုင်က ချာတိတ်တွေကလည်း သဘောကျကြသည်။ ဂုရကွေး၏ ဖိနပ်ပေါင်းကဲ့သို့ သူ့ဖိနပ်သဲကြိုး ခဏခဏ ပြတ်၍ သွပ်နန်းဖြင့်တွယ်ပြီး စီးနေရသော ငပျော့ကိုယ်တိုင်အားကျချင်သလို ဖြစ်လာသည်။

"ဟန်တော့ကျသားဗျ၊ ၊ နောက်တစ်ခါ ခွေးကြယ် တစ်ရန်လောက်ရရင် ကျွန်တော့်ပေးပါ ဂုရုကြီး"

"စိတ်ချ စိတ်ချ၊ ၊ ငါ့ခွေးတွေကို ကြိုးစားပမ်းစား ရှာခိုင်းလိုက်မယ်"

ငပျော့တစ်ယောက် ကံဆိုးရှာသည်ထင့်။ ဂုရုကွေး ခွေးတွေ ချီချီလာသော ဖိနပ်များမှာ ခံဖိနပ်တို့ သားရေ ဖိနပ်တို့ချည်း ဖြစ်နေသည်။ ရော်ဘာဖိနပ်မပါ။ ဂုရုကွေး အနီတစ်ဖက်၊ အပြာတစ်ဖက် ခွေးကြယ်ဖိနပ်ဖြင့် စမတ် ကျနေချိန်တွင် ဟာကြူလီပငပျော့မှာ ဖိနပ်မပါ၊ ခြေဗလာ ဖြင့် လိုက်ပါနေရသည်။

"ဟော့ကောင်၊ ၊ ၊ ဖိနပ်စီးထားလေကွာ၊ ခြေဖဝါး ချည်း လျှောက်နေတာ ကျန်းမာရေး ထိခိုက်နိုင်တယ်။ မိန်းမမှာ နားကပ်၊ ယောက်ျားမှာ ဖိနပ်၊ ၊ ၊ တဲ့၊ မိန်းမ မှန် သမျှ အနည်းဆုံး နားကပ်ကလေး တစ်ရံတော့ ပန်ထား ရမယ်။ ယောက်ျားမှန်သမျှ အဖျင်းဆုံး ဖိနပ်ကလေး တစ်ရံတော့ စီးထားရမယ်"

"စာအဆိုက စာအဆိုပဲ ဂုရုကြီး၊ ဝယ်မှ မစီးနိုင် တာ၊ ဒီလိုပဲ ခြေဖဝါးသက်သက် လျှောက်သွားနေရမှာ ပဲ"

ငပျော့မှာ တစ်နွေလုံး ဖိနပ်မပါ။ တစ်မိုးလုံးလည်း

http://www.cherrythitsar.org



ဖိနပ်မပါ။ နေပူနေသော ကတ္တရာလမ်းပေါ်မှာ လျှောက်သည်။ ဗွက်ထနေသော ရွှံ့ထဲမှာလျှောက်သည်။ ဘယ်နေ့ ငုတ်စူးမလဲ။ ဘယ်ရက် ပုလင်းကွဲရှမလဲ . . . ဂုရကွေး စိတ်ပူမိသော်လည်း ကာယကံရှင် ငပျော့က လုံးဝပူပုံမရ။

"ဟဲ . . . ဟဲ . . . ကျွန်တော့်ခြေဖဝါးကို ကြောက်လို့ထင်တယ်၊ ငုတ်တွေ ပုလင်းကွဲတွေက ရှောင်ရှောင်ပေးကြတယ်။ ခြေဖဝါးချည်း လျှောက်လာတာကြာပြီ၊ ဆူးတောင် မစူးဖူးသေးဘူး"

တစ်ခုသော နံနက်ခင်းတွင် ငပျော့သည် အောင်နိုင်သူ တစ်ယောက်လို ရင်ကော့ပြီး ရောက်လာ၍ . . .

"ငပျော့ကို ဘာထင်သလဲ . . . ငပျော့ကို ဘာထင်သလဲ . . . ဘဲ ငဲ့ငဲ့ငဲ့ငဲ့" ဟု အော်ပြီးနောက် . . .

"ဂုရုကြီး ကျွန်တော်ဖိနပ်ရပြီ၊ အလှူအိမ်သွားရင် ချွတ်ထားစရာမလိုတဲ့ ဖိနပ်၊ ပျောက်မှာ မပူရတဲ့ ဖိနပ်၊ ဖွတ်ကလိဒင်္ဂါး ဘယ်လောက်ပေးပေး ဒီဖိနပ်မျိုး မရနိုင်ဘူး။ သိပ်ရှားတဲ့ ရှားပါးဖိနပ်"

ဒီကောင် ရူးများ ရူးနေပြီလား . . .။ ခြေဖဝါးချည်းသက်သက်လာပြီး ကျွန်တော် ဖိနပ်ရပြီ . . . တဲ့။ သိပ်ရှားပါးတဲ့ ဖိနပ် . . . တဲ့။ သူ့ဖိနပ်က ဘာဖိနပ်မို့လို့လဲ။

"မင်းဖိနပ် ဘယ်လောက်ရှားရှား ငါ့ခွေးကြယ်ကို

တော့ မမီပါဘူးကွာ"

"မီရုံတင် ဘယ်ကမလဲ၊ ကျော်ဖြတ်တက်သွားပြီ။ ဟောဒီမှာ ကျွန်တော့်ဖိနပ်"

ခြေဖဝါးနှစ်ဖက်ကို ထောင်ပြသောအခါ ကျောက်ပေါက်ထားသလို အပေါက်အပေါက်တွေ ဖြစ်နေသည်ကို မြင်ရသည်။ ငပျော့ဖိနပ်မှာ နေပူမရှောင်၊ မိုးရွာမရှောင် ဖိနပ်မပါဘဲ လျှောက်သွားသူများ ဖြစ်လေ့ရှိသည့် "ဆင်ဖိနပ်" ပေတည်း. . .။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၇၊ ၉၊ ၇၊ ၁၉၉၇]

http://www.cherrythitsar.org

# စကတ်ချင်းတော့ မတူပါလေ

ဟာကြူလီငပျော့နှင့် သွားရတာ ကောင်းလည်း ကောင်းသည်။ မကောင်းလည်း မကောင်း။ ကောင်းတာက သူ့ထံက အဆန်းအပြားလေးတွေ ကြားရ၊ သိရ၍ စာရေးစရာရသည်။ မကောင်းတာက ဟိုငေးဒီမောဖြင့် သွားလိုရာသို့ တော်တော်နှင့် မရောက်နိုင်။ ကြန့်ကြာနေတတ်ခြင်းဖြစ်သည်။

"ဟော့ကောင် . . . လမ်းသွားနေရင်းတန်းလန်းက သမင်လည်ပြန် နောက်ပြန်လှည့်ပြီး စောင်းကန်းစောင်းကန်းနဲ့ ဘာကြည့်နေတာလဲ . . . တယ်ခရီးဖင့်တာပဲ"

ဒီကောင်က သူကြည့်ရုံတင်မက ဂုရုကွေးကိုပါ လက်ဆွဲထားပြီး လှည့်ကြည့်ခိုင်းသည်။

"ကြည့် . . . ကြည့် . . . ဂုရုကြီး၊ နည်းနည်းတောင် လှမ်းသွားပြီ"

"ဘာကြည့်ရမှာလဲ . . . နွားနို့ပုံး ဆွဲသွားတဲ့ ကုလားကြီးလား"

"ဟာ...ဂုရုကြီးကလဲ၊ အဲဒီ ကုလားကြီး ကြည့် ခိုင်းနေတာ မဟုတ်ဘူး...ကုလားကြီးနောက်က စကာတ် အပြာလေးနဲ့ ကောင်မလေးကို ကြည့်ခိုင်းတာ"

ဂုရုကျွေး ကြည့်လိုက်တော့ စကာတ်မိန်းကလေး အတော်လှမ်းလှမ်းရောက်သွားပြီ။

"ကိစ္စမရှိဘူး . . . နောက်ထပ်စကာတ်တွေ တွေ့ ဦးမှာပါ။ ရန်ကုန်တစ်မြို့လုံးမှာ စကာတ်တွေ ပေါ်မှပေါ်။ သွားရင်းလာရင်း ပောတစ်ယောက်၊ တော်ကြာတစ် ယောက်၊ မပြတ်တမ်းတွေ့တတ်ပါတယ်။ ဂုရုကြီးအတွက် ဗဟုသုတ တိုးတာပေါ့"

ဟိုက် . . . ရှာလပတ်ရည် . . . ဟာကြူလီငပျော့ က ဂုရုကျွေးကို ဗဟုသုတ တိုးတာပေါ့တဲ့။ စကာတ်တွေ ပြပြီး စကာတ်လက်ချားတွေ၊ စကာတ်ဒုဋ္ဌာတွေ၊ စကာတ် ဇဝက်သာတွေ ပေးတော့မယ် ထင်ပါရဲ့။ ဂုရုကျွေးလည်း နေရင်းထိုင်ရင်း ဒီကောင်လုပ်တာနဲ့ ရိုးရိုးဂုရုမှ စကာတ် ဂုရုဖြစ်ရချေသေး။

"ပောာ...ပောာ...မျက်နှာချင်းဆိုင်ကလာနေ တဲ့ အညိုရောင်စကာတ်နဲ့ ကောင်မလေးကို မသိမသာနဲ့

http://www.cherrythitsar.org



သေသေချာချာကြည့်၊ အားမနာတမ်းကြည့်။ မျက်နှာကို မကြည့်နဲ့၊ စကတ်ကိုကြည့်၊ ပြီးတော့ ကျွန်တော် ရှင်းပြမယ်"

မျက်နှာကို မကြည့်နဲ့ဆိုသော်လည်း အမှတ်မထင် လှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်မိသည်။ အတော်လှသည့် မျက်နှာလေး။ လှရုံတင်မက ကျက်သရေလည်း ရှိသည်။ မိန်းလေးက အသက်နှစ်ဆယ်တောင် ပြည့်ဦးမည် မထင်။

"ဂုရုကြီး…စကဲကြတ်…စကဲကြတ်"

ဟုတ်ပါရဲ့။ ဒီကောင် စကားဝှက်ဖြင့် သတိပေးမှ စကတ်ကို ကြည့်မိသည်။ စကတ်က ဒူးခေါင်းမပေါ်သည့် ဖားဖားလျားလျား စကတ်၊ ခါးတွင် ဘာကယ်ကွင်းတပ်ထားသည်။

"အဲဒီစကတ်ကို ဏ္ဍမွေ့စကတ်လို့ ခေါ်တယ်…။ ခြေသလုံးပဲပေါ်ပြီး ဒူးခေါင်းမပေါ်တဲ့အတွက် ဏ္ဍမွေ့ရှိတယ်။ ဂုရုကြီး အမှတ်ရလွယ်အောင် လက်တန်းလင်္ကာလေး စပ်ပေးမယ် လိုက်ဆိုပါ…ခြေသလုံးပေါ်၊ ဒူးမပေါ် ဝတ်သော် ချပ်ရပ်၊ ဏ္ဍမွေ့စကတ်"

"ဟုတ်ကဲ့…ဆိုပါ့မယ် ဆရာပျော့။ ခြေသလုံး ပေါ် ဒူးမပေါ်၊ ဝတ်သော်ချပ်ရပ်၊ ဟိုက်…ရှာပတ် (အဲလေ)

ဣန္ဒြေစကတ်"

ဒီနေ့အဖို့ ဒီကောင်နှင့် အတူသွားရတာ မဆိုးလှ။ စကတ်ဗဟုသုတရသည်။ လမ်း (၃၀)ထိပ်တွင် နောက်ထပ် စကတ်အသစ်တစ်ယောက် တွေ့ပြန်သည်။ ထိုစကတ်က ဒူးပေါ်ရုံမက ဒူးအပေါ်သို့ အတော်ရောက်နေသည်။

"အဲဒါ ဟတ်ဖ် မီနီစကတ်လို့ခေါ်တယ်··· သူ့ထက်တိုရင် မီနီစကတ်စစ်စစ် ဖြစ်သွားပြီ။ ဂုရုကြီး မြင်ဖူးချင်ရင် နိုင်ငံခြားက ပွဲအခွေတွေမှာ ကြည့်···ပေါင်လယ်ရောက်နေတဲ့ မီနီစကတ်စစ်စစ်တွေ တွေ့ရမယ်"

"ငါက အသက်နှစ်ထောင် အဘိုးကြီးဆိုတော့ မှတ်ဉာဏ်မကောင်းဘူး···အဲဒီ ဟတ်ဖ်မီနီစကတ်ကိုလည်း ငါမှတ်မိအောင် လက်တန်းကဗျာတစ်ပုဒ်လောက် လုပ်ပါဦး"

ငပျော့က ငါးမြွေထိုးပြုံးလေး ပြုံးပြီး···

"ဒူးအထက်နော်၊ လက်သုံးလုံးဖော်၊ မှတ်နော်မပြတ်၊ ဟတ်ဖ်မီနီစကတ်···လိုက်ဆိုကြည့်ပါ"

"ဟုတ်ကဲ့ ဆရာပျော့···ဒူးအထက်နော်၊ လက်သုံးလုံးဖော်၊ မှတ်နော်မပြတ်၊ ဟတ်ဖ်မီနီစကတ်"

ထို့နောက် စကတ်မျိုးစုံကို လက်တွေ့ပြသ၍

http://www.cherrythitsar.org



ဗဟုသုတ အပြည့်အဝပေးမည်ဆိုပြီး ငပျော့က ဂုရုကွေးကို ဗိုလ်ချုပ်ဈေးသို့ ခေါ်သွားသည်။

"ဟိုက်…ရှာလပတ်ရည်၊ တကယ့်အထိကရ စကာတ်နယ်မြေကြီးပါလား။ ရောင်စုံစကတ်မျိုးစုံ သွားကြ လာကြ ဝယ်ကြ ခြမ်းကြ၊ တယ်ကြည့်လို့လှတာပဲ။ ငါ တော့ ဒီနေရာ နေ့တိုင်းလာရင် အသက်နှစ်ထောင်က နေ သုံးထောင်၊ လေးထောင်၊ တစ်သောင်းရှည်မှာ သေချာ တယ်ဟေ့။ သွတ်…သွတ်…သွတ်…သွတ်"

ငပျော့က နှစ်ကိုယ်ကြားသာရုံ လေသံတိုးတိုးဖြင့်…

"သွတ်…သွတ်…သွတ် လုပ်မနေနဲ့။ ရွှေဆိုင်ဘေးက ထွက်လာတဲ့ ကောင်မလေးရဲ့ စကတ်ဟာ မီနီစကတ်ပဲ။ အလွန်တွေ့ရခဲ၊ မြင်ရခဲတဲ့ စကတ်။ ပေါင်လယ်ရောက်နေတာ မြင်တယ်မဟုတ်လား"

"မြင်တယ်…မြင်တယ်၊ စာဖတ်ရင်သာ မျက်လုံးက မမြင်တာ၊ မီနီစကတ်စစ်စစ်ကျတော့ ကောင်းကောင်းမြင်တယ်။ ဒီတစ်ခါ လက်တန်းကဗျာ ငါစပ်ပါရစေ"

"စပ်စေသတည်း…ဂုရုကြီး"

"မီနီစစ်စစ်၊ တွေ့ကြုံလစ်၊ ဆို့နှစ်မွန်းကျပ်၊ ဘာဘာ

http://www.cherrythitsar.org



ရင်တုန်စကာတ်"

"ဟား…ဟား… ဘယ်ဆိုးလို့လဲ၊ ဒီနေ့ကစပြီး မီနီစကာတ်စစ်စစ်ကို ဘာဘာရင်တုန်စကာတ်ဟု ခေါ်စမှတ်ပြုကြစေ… (ပုံ) ဟာကြူလီ ပျော့၊ စကာတ် သုတေသီ"

ထို့နောက်ကား ဘေးကွဲစကာတ်၊ အလယ်ကွဲစကာတ်၊ နောက်ကွဲစကာတ်၊ ဘာကယ်ကွင်းတပ်စကာတ်၊ ခါးပတ်တပ်စကာတ်၊ ကြယ်သီးတပ်စကာတ်၊ နှိပ်သီးတပ်စကာတ် စသည်ဖြင့် စကာတ်မျိုးစုံကို တွေ့ရသည်။

"ဟိုက်… ရှာလပတ်ရည်၊ ဟိုကလေးမ ဝတ်လာတဲ့ ထဘီက တယ်တိုပါလား။ ကောက်စိုက်သမ ထဘီကျနေတာပဲ…"

"အဲဒါ ထဘီမဟုတ်ဘူး ဂုရုကြီး…စကာတ်ပဲ"

"ဘယ့်နှယ့်စကာတ်ရမှာလဲ၊ ထဘီကြီး မြင်ရဲ့သားနဲ့ စကာတ်တဲ့။ ငါ့မျက်လုံး ဒါလောက် မမွဲသေးပါဘူး။ ထဘီနဲ့ စကာတ် ခွဲနိုင်ပါသေးတယ်"

ပျော့ထံမှ သက်ပြင်းမောတစ်လုံး ချသံကြားရသည်။

"အဲဒါလဲ စကာတ်ပဲ ဂုရုကြီး၊ ထဘီစကာတ်လို့ခေါ်တယ်။ ထဘီလို ကွင်းချုပ်မထားဘူး။ ဂုရုကြီး ရေချိုးတဲ့ ရေလဲပိုင်းလို ပိတ်ရှည်စပဲ။ အဲဒါကို ခါးပတ်ပြီး ဝတ်

http://www.cherrythitsar.org



ထားတာ။ တချို့က ချိတ်ပါတယ်။ တချို့က ကြယ်သီး တပ်တယ်။ တချို့က ချိတ်လည်းမပါဘူး။ ကြယ်သီးလည်း မတပ်ဘူး။ ဒီအတိုင်း ပတ်ထားတာ"

"ဟိုက်…ရှာလပတ်ရည် … တယ်လဲ ဆန်း ကြယ်တဲ့ ထဘီစကတ်ပါလား"

"ဒီအတိုင်း ပတ်ထားပေမယ့် ခါးပေါ်က ကြိုး စည်းထားပါတယ်။ ဟော…ဟော…ဟိုကောင်မလေး ဝတ်ထားတာ ကြိုးစည်းထဘီစကတ်ပဲ။ ကြိုးက ခေါက်တုံ့ ချည်ထားတော့ တစ်ခုခုနဲ့ ငြိရင် အလွယ်တကူပြေသွား နိုင်တယ်။ ကြိုးစည်းထဘီစကတ်ကို လက်တန်းကဗျာ ကျွန်တော် စပ်ပါရစေ"

"စပ်စေ…မောင်မင်း"

ငပျော့သည် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး လက်တန်းစပ်ချလိုက်သည်ကား…။

"ထဘီစကတ်၊ ခါးမှာပတ်၍ ကြိုးပတ်မမီ၊ ခေါက်တုံ့ချည်သော်၊ ပြေမည်စိုးတတ်…ကိုကို ရင်လေး စကာတ်"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၈၊ ၁၆၊ ၇၊ ၁၉၉၇]

# ဆိုးနေဦးမည့် ကျွန်တော့်ချောင်း

"ဖျိုး. . ဂု. . . အဟွတ်. . . အဟွတ်. . . အဟွတ်"

ဟိုက်. . . ရှာလပတ်ရည်. . . ငပျော့တစ်ယောက် ဘယ်လိုဖြစ်သည် မသိ။ ဂုရကြီးဟုခေါ်ရန် (ဂု) တစ်လုံးသာ စလိုက်ရသေးသည်။ ချောင်းတွေ တဟွတ်ဟွတ် ဆိုးတော့သည်။

"ဟဲ့ချောင်း . . . ဟဲ့ချောင်း . . . တိတ်စမ်း။ တိတ်ဆရာတိတ်၊ ငြိမ်ဆရာငြိမ်၊ ရပ်ဆရာရပ်၊ ဟိုး. . စတော့"

မြင်မကောင်းအောင် အဆက်မပြတ် နန်းစတော့ ဆိုးနေသဖြင့် မျက်ရည်တွေ၊ နှာရည်တွေပါ တများများ ကျလာသည်။ ဂုရကွေးက အိုက်ချလောင်းလုပ်ပြီး ချောင်းကို ရပ်ခိုင်းသည်။

ဂုရကွေးပဲ စွမ်းလို့လား၊ ဆိုးရတာပဲ မောသွား

http://www.cherrythitsar.org



လို့လား မသိ။ ငပျော့ချောင်းဆိုး ရပ်သွားသည်။

“အောင်မယ်မင်း . . . ခုမှပဲ အဆိုးရပ်တော့တယ်။ တစ်ညလုံးဆိုး၊ တစ်နေ့လုံးဆိုး၊ နာရီမလပ်၊ မိနစ်မလပ်ဆိုး၊ အဆက်မပြတ်ဆိုး။ ကျွန်တော်တော့ ဒီချောင်းနဲ့ စန်နာပန်နာကုတ်လိမ့်မယ် ထင်တယ်။ ဒီတောင်က ကျော်မှ ကျော်နိုင်ပါ့မလား”

“ဘယ်ကျော်နိုင်မလဲ၊ တောင်က မြင့်တာကိုး။ အားမလျှော့ပါနဲ့ကွာ။ ရိုးရိုးကျော်လို့ မရရင် စာကလေး ဆိုက်ကားနဲ့ ကျော်တာပေါ့”

“ဒါလောက်မြင့်တဲ့တောင်၊ ဆိုက်ကားကျော်လို့ ရမလား”

“ရတယ် . . . ရတယ်၊ စကားအရာတောင် ရှိသေး။ လှိုင်းကြီး သင်္ဘောအောက်၊ တောင်ကြီး ဆိုက်ကား အောက် . . . တဲ့”

“ကျွန်တော် ကြားဖူးတာကတော့ တောင်ကြီး ဖဝါးအောက်ပါ”

“တကယ်တော့ ဖဝါးအောက်ပါပဲ။ ဆိုက်ကား ခြေနင်းကို ဖဝါးနဲ့ နင်းရတာ မဟုတ်လား။ ရိုးအီနေတဲ့ ကလီရှေးလား၊ ကလီစာသား၊ အဲဒါဖြစ်နေတဲ့ စကားပုံ ဟောင်းကို ဆန်းသစ်အောင် ငါထွင်လိုက်တာပါ။ မှတ်

http://www.cherrythitsar.org



ထား . . . လှိုင်းကြီး သဘော်အောက်၊ တောင်ကြီး ဆိုက်ကားအောက်"

ငပျော့က ဟိုက်ရှာလပတ်ရှည် . . . အံ့ဖွယ်ဂုရုဟု နောက်ရင်းမှ အပတ်. . . အပတ် . . . ဟု ချောင်းထပ်ဆိုးသည်။ သူ့ချောင်းက သာမန်ချောင်းမဟုတ်။ စီခြောက်ဆယ်တစ်ခွေစာလောက်ကြာမည့် ချောင်းရှည်ကြီး။ ဒီချောင်းကြီး ရပ်သွားအောင် မနည်းသည်းခံ စောင့်နေရသည်။

"မင့်ချောင်းက တယ်ဆိုးပါလား၊ မျက်လုံးပြူး၊ မျက်ဆန်ပြူး မရပ်မနားဆိုးတဲ့ချောင်းပဲ"

"ဟာ . . . ကျွန်တော့်ချောင်းက ဆိုးသလား မမေးနဲ့၊ တကယ်ဆိုး၊ အပတ်ဆိုး၊ ဘုရားစူး မိုးကြိုးပစ်ဆိုးတဲ့ မြန်မာကျော် နန်းစတော့ချောင်း"

"အစားအသောက် အနေအထိုင် တစ်ခုခုတော့ အမှားရှိရမယ်"

"တစ်ခုခုမကဘူး ဂုရုကြီး၊ နှစ်ခု သုံးခုလောက် အမှားရှိတာ"

"ဘာဟင်းနဲ့ ထမင်းစားခဲ့သလဲ၊ အစားမှားရင်လဲ ချောင်းဆိုးတတ်တယ်"

"ထုံးစံအတိုင်း ဈေးနည်းနည်း သက်သာတဲ့

http://www.cherrythitsar.org



မျှစ်ပေါ့ခင်ဗျာ၊ မျှစ်ကို ကြော်လိုက်၊ ချဉ်ရည်ချက်လိုက်၊ ပြုတ်တို့လိုက်။ အဲဒီမျှစ်တွေကနေ ဗိုက်ထဲမှာ ဝါးတောကြီး ဖြစ်မှာတောင် စိုးရိမ်နေရပြီ"

"ဟိုက် ... ရှာလပတ်ရှည် ... မင်းတို့အိမ်ကလည်း မလွယ်ကြောပါလား။ ချောင်းက မင်းတစ်ယောက်တည်း ဆိုးတာလား ... မင်းတို့တစ်အိမ်လုံး ဆိုးတာလား"

"တစ်အိမ်လုံးဆိုးတာ၊ မိသားစုယိုစုံကို အားကျမခံ မိသားစုချောင်းစုံ အကုန်လုံးဆိုးတာ။ အဖေလည်း ဆိုး၊ အမေလည်း ဆိုး၊ ကျွန်တော်လည်းဆိုး၊ ညီတွေ ညီမတွေလည်း ဆိုး။ ပြောရမယ်ဆိုရင် အိမ်က ခွေးနစ်ကောင်တောင် ချောင်းဆိုးတယ်"

"ဟိုက် ...ရှာလပတ်ရှည် ... ခွေးပါဆိုးတယ်"

"ဆိုးတယ်လေ၊ ခွေးလည်း မျှစ်ကြော်နဲ့ စားရတော့ ဘာခံနိုင်မလဲ၊ ဆိုးတာပေါ့။ အိမ်မှာ လူတွေက ဆိုးလိုက်၊ ခွေးနစ်ကောင်က ဆိုးလိုက်နဲ့ ချောင်းတေးသံပြိုင် တဟွတ်ဟွတ်မြိုင်မြိုင် ဖြစ်နေကြတယ်"

ငပျော့၏ ချောင်းမှာ သုံးရက်ဆက်တိုက် အပြင်းအထန် အသည်းအသန်ဆိုးပြီးနောက် ပြန်ပျောက်သွားသည်။ ဘာဆေးနဲ့ ပျောက်သွားတာလဲ မေးကြည့်တော့

http://www.cherrythitsar.org



ဒီကောင်က ငါးဖယ်ပြုံးကလေး ပြုံးသည်။

"ဒေါက်တာ အပ္ပနားတို့၊ ဒေါက်တာဘူလကားတို့ရဲ့ ကွမ်းယားဆိုင်က (စိတ်ထင်တိုင်း ငါညွှန်း) ဆိုတဲ့ဆေးတွေနဲ့ ပျောက်တာမဟုတ်ဘူး။ သူတို့ညွှန်းတဲ့ဆေးလေးကျပ်ဖိုးသောက်လည်း မပျောက်၊ ငါးကျပ်ဖိုးသောက်လည်း မပျောက်၊ ချောင်းဆိုးတာ ရှည်နေတဲ့အချိန်မှာ လမ်းထဲက အိမ်တစ်အိမ်က အလှူလုပ်တယ်"

"ဘာအလှူလဲ..."

"ဝါဆိုသင်္ကန်းကပ်တာပါ။ အဲဒီအလှူက ထမင်းကျွေးတယ်။ ကျွန်တော်တို့နဲ့ခင်တော့ တစ်အိမ်လုံး မီးနိုးတိတ် အလှူအိမ်သွားစားကြတယ်"

"တောက်... ငါ့ လက်တို့ဖို့ကောင်းတယ်။ မင်းတို့ချည်းစားပြီး ငါ မစားရတော့ မုဒိတာမပွားနိုင်ဘူး။ ဒေါသဖြစ်တယ်ကွ။ ဘာဟင်းတွေနဲ့ ကျွေးတာလဲ"

"အလှူရှင်က ငွေကြေးတတ်နိုင်တော့ ဝက်သား၊ ကြက်သား၊ ငါးသလောက်ကြော်၊ သီးစုံချဉ်ရည်ဟင်း၊ တညင်းသီး တို့စရာ...တော်တော်စုံတယ်"

"မိတ်ကောင်းဆွေကောင်းပီပီ ငါ့လာခေါ်ဖို့ကောင်းတယ်ကွာ။ မင်းဟာ တော်တော်အသုံးမကျတဲ့ကောင်ပဲ။ အလှူမှာ သွားစားလိုက်တာနဲ့ မင်းတို့ ချောင်း

http://www.cherrythitsar.org



တွေ ပျောက်သွားရောလား”

“လက်နဲ့ ယူပစ်လိုက်သလို နင်နေ ငါသွား ပျောက်သွားတာပဲ။ ကျွန်တော်တစ်ယောက်တည်း ပျောက်တာ မဟုတ်ဘူး။ အဖေရော၊ အမေရော၊ ညီ ညီမတွေရော တစ်အိမ်လုံးပျောက်တာ။ ချောင်းဆိုးပျောက်ဆေး အစစ်ကို ကျွန်တော် တွေ့ပြီ”

“ဘာဆေးလဲကွ…”

“ဝက်သား၊ ကြက်သား ကောင်းတာတွေချည်း နေ့တိုင်း စား။ ဘယ်ချောင်း ဘယ်မြောင်းမှ မဆိုးဘူး။ ကြက်တွေ ဝက်တွေ စိတ်ချစား။ ဒီငွေမများတဲ့ ချောင်းဆိုး ပျောက်ဆေး”

ဟိုက်…ရှာလပတ်ရည် … ဟာကြူလီ ပြောက ကြက်တွေ၊ ဝက်တွေ စိတ်ချစား၊ ဒီငွေမများတဲ့ ချောင်းဆိုးပျောက်ဆေးဆိုပါလား။ အလှူအိမ်က စားလာပြီး တစ်ရက် နှစ်ရက်အထိ ဒီကောင့်ချောင်း ငြိမ်သွားတာ တော့အမှန်။

သို့သော် သုံးရက်အကြာတွင်ကား…။

“ဖျို့…ဂု…အဟွတ်…အဟွတ်… အဟွတ်”

ဂုရုကြီးဟု ခေါ်ရန် (ဂု) တစ်လုံးသာ စလိုက်ရသေး… ချောင်းတွေ တဟွတ်ဟွတ် ဆိုးတော့သည်။

http://www.cherrythitsar.org



"အိုက်ချလောင်း ... အဲဒီချောင်း အခု တိတ် လိုက်"

တိုက်ဆိုင်သွားလို့လား မသိ၊ အဆက်မပြတ် ဆိုး နေသောချောင်း ချက်ချင်း ရပ်သွားသည်။

"မင်း ဒီနေ့ ဘာဟင်းနဲ့ ထမင်းစားခဲ့သလဲ"

"စျေးနည်းနည်းသက်သာတယ်ဆိုပြီး အမေဝယ် ချက်တဲ့ ချဉ်ပေါင်ဟင်းလေ။ မျှစ်ကလေးတွေတောင် နည်းနည်းပါလိုက်သေး။ ချဉ်ပေါင်ဟင်းလည်း စားပြီးရော ကျွန်တော်တို့ တစ်အိမ်သားလုံး ချောင်းပြန်ဆိုးတော့တာ ပါပဲ။ အဟွတ် ... အဟွတ် ..."

"ဆုံးအောင်ပြောပြီးမှ ဆိုးပါကွာ"

"ထမင်းကျွေးတဲ့ အလှူတွေ မလာသေးသမျှ မျှစ်တွေ၊ ချဉ်ပေါင်ရွက်တွေချည်း ချက်တီးနေရသမျှ ကျွန်တော့် ချောင်းကတော့ ဆက်၍ဆက်ကာ ဆိုးနေဦး မှာပဲ။ ကဗျာဆန်ဆန် ပြောရရင် ဆိုးနေဦးမည့် ကျွန်တော့် ချောင်းပေါ့ဗျာ။ အဟွတ် ... အဟွတ်... အဟွတ် (အဲလေ) သွတ်...သွတ်...သွတ်...သွတ်"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၉၊ ၂၃၊ ၇၊ ၁၉၉၇]

# ခြင် နှင့် ခြင်ထောင်

"သြကာသ ... သြကာသ ... သြကာသ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးဌာ..."

ဘုရားရှိခိုးဖို့ အစပျိုးရုံသာရှိသေး၊ လေယာဉ်ပျံကြီးတွေ အုပ်လိုက်ပျံလာသလို တဒီဒီအသံများ ကြားလာရသည်။ အသံများသည် ဝေးရာမှ တဖြည်းဖြည်း နီးလာသည်။ နီးရာမှ ဘုရားခန်းသို့ ရောက်လာသည်။ တဒီဒီအသံမှသည် တဝီဝီအသံများသို့ ပြောင်းလဲသွားသည်။

"ဟိုက် ... ရှာလပတ်ရည် ...ခြင်အုပ်ကြီးပဲ၊ ခြင်အုပ်ကြီး။ နည်းတဲ့ခြင်တွေ မဟုတ်ဘူး။ ခြင်ကောင်ရေ နှစ်သောင်းလောက် ရှိလိမ့်မယ်ထင်တယ်။ ခြင်ဆေးခွေထွန်း၊ ခြင်ဆေးခွေထွန်း"

ဂုရုကွေး ဘုရားရှိခိုးလို့ မရတော့။ အကာသိုလ်

အယုတ်တမာ အဖျက်ကောင် ခြင်သတ္တဝါကြောင့် ကြီးစွာသော အနှောင့်အယှက်နှင့် ကြုံရသည်။ တကာဆိတ်က ခြင်ဆေးခွေတွေ ထွန်းပေးရှာပါသည်။ တစ်ခွေတောင်မဟုတ်။ လေးခွေတိတိ ထွန်းပေးသည်။ ရှေ့နောက်ဝဲယာ လေးနေရာမှ လေးခွေထွန်းပေးသည်။

သို့သော် တောင်ဥက္ကလာမှ ခြင်များကား ခြင်ဆေးခွေ အတွေ့အကြုံ ရင့်ကျက်နေပုံရသည်။ သူတို့သည် ခြင်ဆေးခွေအမျိုးမျိုး၏ ခြင်ဆေးနံ့ အမျိုးမျိုးကို ရှူဖူး ရှိုက်ဖူးခဲ့ကြသည်။ ခြင်ဆေးနံ့ (ပြီး) နေပုံရသည်။ (ထုံ) နေပုံပေါ်သည်။

"မရဘူး ဂုရုကြီး . . . ထွန်းနေတဲ့ကြားက အတင်းတိုးတိုးဝင်နေတယ်။ ဘယ်လိုခြင်တွေလဲ မသိဘူး"

ခြင်တွေက ခြင်ဆေးခွေ အငွေ့လွှတ်ရာကြားမှ တိုးဝင်ကာ အနားကပ်လာသည်။ အနားလာပြီး တစီစီ လုပ်နေကြသည်။ ဒါလောက် နှောင့်ယှက်နေသည့် ခြင်အန္တရာယ်ကြားမှ ဘယ်လိုလုပ်ပြီး ဘုရားရှိခိုးလို့ ရပါတော့မည်နည်း။ ခြင်ရိုက်ရင်း၊ ခြင်မောင်းရင်းမှ ရှိခိုးလို့လည်း မဖြစ်။ ကုသိုလ်အမှုပြုရာတွင် အကုသိုလ်အမှုပါ တွဲပါသွားမည်။

"မထူးတော့ဘူးဟေ့ . . .ဘုရားခန်းမှာ ခြင်

http://www.cherrythitsar.org



ထောင်သာ ထောင်လိုက်ပေတော့။ ခြင်ထောင်ထဲက ဝင်ရှိန်းမယ်"

ခြင်ထောင်ထဲဝင်ပြီး ရှိန်းမှပဲ ဖြောင့်ဖြောင့် ရှိန်းလို့ရတော့သည်။ တောင်ဥက္ကလာခြင်တွေက နွေနှင့်ဆောင်းမှာ ဒါလောက်မသောင်းကျန်း။ ခြင်ပုန်းတွေ၊ ခြင်မှောင်ခိုတွေ၊ ခြင်တံခါးကြားကွယ်တွေ၊ ခြင်သေတ္တာဘေးကပ်တွေ ရှိတော့ရှိသည်။ တစ်ချီ တစ်ချီ တဝီဝီဖြင့် လုပ်တော့ လုပ်တတ်သည်။ မိုးတွင်း ခြင်လောက် မသောင်းကျန်း။

မိုးရောက်လာသည်နှင့် မြက်တွေထူလာသည်။ ချုံတွေ ပိတ်လာသည်။ မြေနိမ့်ရာအရပ်တွင် ရေဝပ်လာသည်။ ဤတွင် ဥက္ကလာခြင်ထီးနှင့် ဥက္ကလာခြင်မတို့ အာဝါဟ ဝိဝါဟကြကာ ခြင်သား၊ ခြင်သမီးတွေ ရက်ပိုင်းအတွင်း ပေါက်ဖွားကြတော့သည်။ ခြင်တစ်ကောင် နှစ်ကောင်နှင့် တည်ထောင်လိုက်သော ခြင်အိမ်ထောင်စုမှ ရက်ပိုင်းအတွင်း ခြင်တစ်ထောင်၊ နှစ်ထောင် ဖြစ်လာသည်။

ခြင်၏ ပေါက်ပွားနှုန်းက ဤမျှမြန်သည်။ ဤနယ်များသည်။ (အဟုတ်ပ ချဉ်စရာ၊ အယုတ်တမာ့ ခြင်နော၊ အမှန်ပ ချဉ်စရာ၊ ဝသန္တ ခြင်မသာ) တွေ တဝီဝီ၊ တဒီဒီဖြင့် သောင်းကျန်းပါလေတော့သည်။ ခြင်အန္တရာယ်

ကို ကိုယ်တစ်ယောက်တည်း ကြုံရသည်မဟုတ်။ ခြင်လုံသံဆန်ခါ တပ်မထားနိုင်သူတိုင်း ကြုံရသည်။

"ဟိုက်. . .ရှာလပတ်ရည်. . .မင်း လက်မောင်းက ဘာဆေးထိုးလာသလဲ။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး. . .တဲ့။ အလှအပအတွက် ထိုးရာက တစ်သက်လုံး ဖျက်မရအောင် ပါသွားတတ်တယ်"

ငပျော့လက်မောင်းနှစ်ဖက်မှ အနီစက်ကလေးတွေက ရုတ်တရက်ကြည့်လိုက်လျှင် မြွေရုပ်လိုလို၊ နဂါးရုပ်လိုလို ထင်ရသည်။ ဒီကောင် လှချင်လွန်းလို့ ဆေးမင်ကြောင်ရုပ်တွေ ထိုးထားသည်ထင့်. . .။

"ဟား. . .ဟား. . . ပြင်ညာယိများ ပြေးကြည့်ရင် တွေးကြည့်တာလောက်တောင် မမှန်ဘူးတဲ့။ ဒါဆေးမင်ကြောင်ရုပ် မဟုတ်ဘူး။ ခြင်ကိုက်ခံရလို့ ခြင်ဖုတွေပေါက်နေတာ"

ဟိုက်. . .ရှာလပတ်ရည်. . .ပဲနီစေ့လေးတွေလိုအနီဖုလေးတွေဟာ ခြင်ဖုတွေဆိုပါလား။ ဒီကောင့်ကိုခြင်အကြောင်း သိအောင်ပြောရဦးမယ်။

"ခြင်က သုံးမျိုးရှိတယ်။ တစ်နေ့တည်းနဲ့ သုံးမျိုးလုံး ပြောလိုက်ရင် မင်း နားရှုပ်သွားမယ်။ ဒီနေ့ (အနော်ဖီလိ) ခြင်အကြောင်း ပြောပြမယ်။ ငှက်ဖျားရောဂါဖြစ်ရ

http://www.cherrythitsar.org



တာ အဲဒီခြင်ကြောင့်ကွ။ စိမ့်ရေ၊ စမ်းရေ၊ ဖက်ဆွတ်ရေ၊ လောင်းစိမ်ရေသောက်လို့ ဖြစ်ရတာ မဟုတ်ဘူး။ တော ထဲက ငှက်ပျောသီး၊ ပိန္နဲသီးစားလို့ ဖြစ်တာ မဟုတ်ဘူး။ (အနော်ဖီလိ)ခြင် အကိုက်ခံရလို့ ငှက်ဖျားရောဂါဖြစ်တာ။ ဒီခြင်အကိုက်မခံရအောင် ခြင်ထောင်နဲ့အိပ်ပါ"

"ဟုတ်ကဲ့ပါ…ဂုရုကြီး"

နောက်နေ့ ဒီကောင်ရောက်လာတော့ ခြင်ဖုတွေ ပိုများလာသည်။ လက်မောင်းနှစ်ဖက် သာမက မျက်နှာ နှင့် လည်ပင်းမှာပါ ခြင်ဖုတွေ တွေ့ရသည်။

"ဒီနေ့ ပြောပြမှာကတော့ အေဒီးစ်ခြင်ပဲကွ။ ဒီ ခြင်ကိုက်ရင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်တယ်။ အေဒီးစ်ခြင် မကိုက်အောင် အိပ်တဲ့အခါ ခြင်ထောင်နဲ့ အိပ်ပါ"

"ဟုတ်ကဲ့…ဂုရုကြီး"

"နောက်နေ့ ဒီကောင်ရောက်လာတော့ ခြင်ဖုတွေ ပို၍ပို၍ များလာသည်။ လက်မောင်းနှစ်ဖက်တွင် ပိန်း ပိန်းထနေ၍ မျက်နှာနှင့် လည်ပင်းတွင် မြင်မကောင်း အောင် ဖြစ်နေသည်။

"လက်မောင်း၊ မျက်နှာနဲ့ လည်ပင်းမှာ အနီစက်၊ အနီဖုတွေ တင်းကြမ်းဖြစ်နေတော့ မင်းကြည့်ရတာ ကမ္ဘာ့

အထူးဆန်းဆုံး လူသားတစ်ဦးနဲ့ တူတယ်။ (အဟမ်း•••) ခြင်ဟာ အင်းဆက်ပိုးတစ်မျိုးပဲ။ ခြင်မကသာ လူကိုကိုက်ပြီး သွေးစုပ်တာ။ ခြင်ထီးက လူကိုမကိုက်ဘူး။ မင်းကို ကိုက်ထားတာ အားလုံး ခြင်မတွေချည်းပဲ။ လူမကို မစွံတဲ့ ကောင်ဟာ ခြင်မတွေနဲ့ စွံတဲ့သဘောပဲ"

တကာဆိတ်က သွတ်•••သွတ်•••သွတ်••• သွတ်••• ဟု ဝင်နောက်သည်။

"ဒီနေ့ ပြောမယ့် တတိယခြင်ကတော့ ကျူးလက်ခြင်တဲ့။ ဒီခြင်လည်း ပေါ့သေးသေး မထင်နဲ့။ ဒီခြင်ကိုက်ရင် ဆင်ခြေထောက်ရောဂါနဲ့ ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်နိုင်တယ်။ အိပ်တဲ့အခါ ခြင်ထောင်နဲ့အိပ်ပါ"

"ဟုတ်ကဲ့ပါ•••ဂုရုကြီး"

နောက်နေ့ ဒီကောင်ရောက်လာတော့ ခြင်ဖုတွေက မြင်မကောင်းအောင် များလာသည်။

"ဟေ့ကောင်•••ခြင်ထောင်နဲ့ မအိပ်ဘူးလား"

"ခြင်ထောင်မရှိဘူး ဂုရုကြီး၊ စောင် ခေါင်းမြီးခြုံပြီး အိပ်တာ။ ခြင်လာရင်ခြုံ၊ မွန်းလာရင် ပြန်ဖွင့်၊ ဖွင့်တာနဲ့ ခြင်လာ၊ ခြင်လာတာနဲ့ ပြန်ခြုံ၊ မွန်းလာရင် ပြန်ဖွင့်၊ ဖွင့်တာနဲ့•••"

"ဟေ့ကောင်•••တော်•••တော်•••မင်းဟာ

http://www.cherrythitsar.org



ဆုံးမှာ မဟုတ်ဘူး။ မင်း ခြင်ထောင်နဲ့အိပ်မှဖြစ်မယ်။ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက် ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ မဖြစ်အောင် ခြင်ထောင်နဲ့အိပ်ပါ။ ခြင်ထောင်မရှိရင် ခြင်ထောင်ဝယ်ပါ"

"ဟုတ်ကဲ့… ဝယ်…ဝယ်ပါ့မယ် ဂုရုကြီး"

ဂုရုကွေးမှာ ငပျော့တစ်ယောက် ကျန်းမာရေး ဗဟုသုတ ရသွားပြီဟု ဝမ်းသာလို့မှ မဆုံးသေး။ ဒီကောင် ဆက်ပြောသောစကားကြောင့် နောက်ထပ် ကျန်းမာရေး အကြောင်း မပြောရဲအောင် လန့်သွားသည်။

"ခြင်…ခြင်ထောင်ဝယ်ဖို့ ဖွတ်ကလိဒင်္ဂါး ငါးရာ လောက်ချေးပါ ဂုရုကြီး"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၀၊ ၃၀၊ ၇၊ ၁၉၉၇]

# သူတို့အစား ကြားက ရင်လေး

ဂုရုကွေးတို့ငယ်ငယ်…

မူလတန်း ကျောင်းသားဘဝက ကျောင်းတက်ခေါင်းလောင်းထိုးသည်နှင့် (နမောတဿ ဘဂဝတော အရဟာတော သမ္မာ သမ္ဗုဒ္ဓဿ) သုံးကြိမ်ဆိုရသည်။ ထို့နောက် နေ့ခုနှစ်နေ့ ဘုရားရှိခိုးကို ဆက်ဆိုရသည်။

“သုံးလူ့ရှင်ပင် ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ပြဗြဟ္မာတို့ ညီညာရုံးစု၊ တောင်းပန်မှုကြောင့် ရတနကို ရှုန်းရှုန်းစိုသည်…” စသည်ဖြင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ တစ်ကျောင်းလုံး သံနေသံထားဖြင့် ဆိုကြရသည်။ အလွန်ကြည်နူးစရာကောင်းသလို အလွန်နားထောင်ကောင်းသည်။

စာသင်ချိန်တွင် အတန်းပိုင်ဆရာက စာသင်သည်။ စာသင်ရင်း အရက်၏ မကောင်းကျိုးများ၊ ဆိုးဝါးပုံ

အီကြာကွေး များကို ကြားညှပ်၍ ပြောပြတတ်သည်။ အရက်ကို ဘုရားတားမြစ်ထားကြောင်း၊ အရက်ကို သေရည်ဟု ခေါ်ကြောင်း ပြောပြတတ်သည်။ ဆက်လက်၍ အရက်ကြောင့် ဘဝပျက်ရသူများ၊ အရက်ကြောင့် စီးပွားပျက်ရသူများ၊ အရက်ကြောင့် အိမ်ထောင်ပျက်ရသူများ၊ အရက်ကြောင့် ကျန်းမာရေးပျက်ရသူများ၊ အရက်ကြောင့် ရောဂါထူရသူများ၊ အရက်ကြောင့် အသက်တိုရသူများ စသည်ဖြင့် ဥပမာ၊ ဥပမေယျ၊ ပုံသာဓက အထောက်အထားများဖြင့် ပြောပြတတ်သည်။

ဂုရုကွေးတို့ကို ကလေးဘဝကတည်းက အရက်ကို ရွံရှာအောင်၊ မုန်းတီးအောင်၊ ဝေးဝေးက ရှောင်နိုင်အောင် စာရိတ္တမျိုးစေ့ကောင်းတွေ ချပေးခဲ့ခြင်းဖြစ်သည်။ စတုတ္ထတန်းအရောက်တွင် (တစ်စက်ကာယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ) ဟု အော်ဟစ်ဆိုခဲ့ရသည်ကို မှတ်မိသေး၏။

အလယ်တန်း၊ အထက်တန်းရောက်တော့လည်း အရက်ရှောင်ကြဉ်ရေးကို ဆက်လက်ဆုံးမသည်။ ငါးပါးသီလတွင် သုရာမေရယမှာ အဆိုးဆုံးဖြစ်သည်။ အရက်မူးလျှင် ကျန်ကံလေးပါးကို အလွယ်တကူ ချိုးဖောက်နိုင်သည်။ အရက်မူးနေသူအဖို့ သူတစ်ပါးအသက်သတ်ရမှာ

ဝန်မလေး။ သူတစ်ပါးပစ္စည်း ခိုးရမှာ ဝန်မလေး။ သူ
တစ်ပါးအိမ်ရာ ကျူးရမှာ ဝန်မလေး။ မဟုတ်မမှန်တာ
ပြောတာလောက်တော့ ပို၍ ဝန်မလေး။ အရက်ကို
အာရတီစ ဝေးစွာရှောင်ကြဉ်ရမည်။ ဝိရတီစ အထူး
ရှောင်ကြည်ရမည်ဟု အမြဲမပြတ် ဆုံးမခဲ့သည်။

ဂုရုကွေးတို့ငယ်ငယ်က အရက်ဆိုင် အလွန်
ရှားသည်။ တစ်မြို့လုံးမှာ အလွန်ဆုံးရှိလှ တစ်ဆိုင် နှစ်
ဆိုင်မျှသာ။ အရက်ဆိုင်ကို ဘုံဆိုင်ဟုလည်း ခေါ်ကြသည်။
မှတ်မိသေးတော့။ ဂုရုကွေးတို့ လူပျိုပေါက်အရွယ်
ဘုံဆိုင်နားသွားမိလျှင် တွေ့ရာကြုံရာ လူကြီးက ဇက်ပိုး
အုပ်သည်။

"သွား . . . နောက်တစ်ခါ ဘုံဆိုင်နားမှာတွေ့ရင်
မင်းတို့ ဒူးထက်နာလိမ့်မယ်"

အုပ်လည်းအုပ်၊ ကြိမ်းလည်း ကြိမ်းသွားသည်။
လူပျိုပေါက်အရွယ် ဟိုဟာဒီဟာ လက်တည့်စမ်းချင်နေ
ချိန်တွင် အရက်ကို လက်တည့်စမ်းဖို့ အခွင့်မရ။
သောက်ဖို့အသာထား။ လျှောက်ရင်း သွားရင်း လမ်းကြုံလို့
ဘုံဆိုင်နား မတော်တဆ ရောက်သွားတာနှင့် ဇက်ပိုးအုပ်
ခံရသည်။

အခု လူငယ်လေးတွေကျတော့ ဂုရုကွေးတို့လို

http://www.cherrythitsar.org



မပာတ်။ မရက်မကောင်းကြောင်း ပြောပြမည့်သူ မရှိ။ ဆုံးမမည့်သူ နတ္ထိ။ ဂုရကွေးငယ်ငယ်က အရက်ရှား၊ အရက်ဆိုင်ရှားသည်။ သူတို့ငယ်ငယ်တွင် အရက်ပေါ၊ အရက်ဆိုင်ပေါသည်။ စားတော်ဆက်၊ စားရိပ်သာ၊ စားရိပ်ငြိမ်၊ ဘာညာကွိကွ ဆိုင်းဘုတ်တပ်ထားသော ဆိုင်မှန်သမျှတွင် အရက်မျိုးစုံရသည်။ အရက်ကို လိုက်ရှာစရာမလို။ အရက်က ကိုယ့်ကိုပြန်ရှာနေရသဖြင့် လွတ်အောင်ရှောင်နိုင်မှ တန်ကာကျမည်။ ရှောင်လေဝေးဝေး အရက်ဘေး။

"ဟော့ . . . ဒီမင်္ဂလာလမ်းထဲက ဘယ်ခွေးမှ လူမထင်ဘူးကွ။ မိုက်တဲ့ကောင်ထွက်၊ တစ်ပွဲချင်းဖဲ့မယ်"

လမ်းထဲမှာမူးပြီး ရမ်းနေတာ ဘယ်သူပါလိမ့်လို့ ကြည့်လိုက်တော့ ဟိုက် . . . ရှာလပတ်ရည် မိတ်ဆွေရဲ့ သားလေးဖြစ်နေသည်။

ဂုရကွေးတို့ ငယ်ငယ်က လမ်းထဲမှာ အရက်မူးပြီး လျှောက်အော်သူများမှာ အသက်သုံးဆယ်၊ သုံးဆယ့်ငါးအရွယ် လူကြီးများသာ ဖြစ်သည်။ စိန်ခေါ်ကာ ရမ်းသည်ထက် ပေါက်တတ်ကရတွေ အော်ကြတာများသည်။ သီချင်းပြောင်၊ သီချင်းပျက်တွေဆိုသည်။ ကွေးနေအောင်ကသည်။ အရက်မူးပြီး ရန်ဖြစ်တယ်ဆိုတာ သိပ်မကြား

http://www.cherrythitsar.org



ဖူး။

“ဟော့ကောင်…ဘချစ်၊ မင်းပြန်ရင်ကောင်းမယ်။ အရပ်ကို ဒုက္ခမပေးနဲ့။ မထကြွမ်းစားသွားမယ်နော်”

မထကြွမ်းစားသွားမယ်ဆိုတာ ဝိုင်းရိုက်လို့ ခေါင်းကွဲသွားမယ်ဟု ဆိုလိုသည်။ ဂုရကွေးတို့ ငယ်ငယ်က လူသုံးများသောစကား။ မူးပြီးလျှောက်အော်နေသော အမူးသမားကို သူ့ထက်အသက်ကြီးသူ တစ်ယောက်ယောက်က ဆုံးမလျှင် အလွယ်တကူ နာခံတတ်သည်။

“ဟုတ်ကဲ့…အစ်ကိုကြီး၊ ကျွန်တော် ပြန်ပါတော့မယ်”

လူကြီးစကား နားထောင်သည်။ ယိုင်ထိုးယိုင်ထိုးဖြင့် ပြန်သွားသည်။ ဂုရကွေးသည် မင်္ဂလာလမ်းပေါ်တွင် မူးရမ်းနေသော ချာတိတ်ကလေးကို…

“ဘော်ဒါလေး… မင်းသိပ်မူးနေပြီ။ ရန်တွေဘာတွေဖြစ်မယ်။ ပြန်ကွာ။ စောစောပြန်၊ မင်းမပြန်နိုင်ရင် ငါလိုက်ပို့ပေးမယ်” ဟုပြောကာရှိသေး…

“ဟား…ဟား… ဂုရုကြီးက ပြန်တဲ့…။ ဘာပြန်ရမှာလဲ…။ ဘယ်ပြန်ရမှာလဲ၊ အတောင်တပ်ပြီးပျံရမှာလား…။ ဒီမှာ ဂုရု၊ ယူ့အာ…ငပေါ။ ခင်ဗျားဟာ ငပေါကြီးပဲ”

http://www.cherrythitsar.org



အဲဒီတော့ ဂုရုက ဘာများတတ်နိုင်ပါဦးမည်နည်း။ အမျိုးပေါင်း မရေတွက်နိုင်အောင် ဝင်တော်မူနေကြသော ဘီယာတွေ၊ အရက်တွေကို အပြစ်ပြောရမှာလား။ လမ်းကြိုလမ်းကြားကအစ နေရာတကာတွင် ရှောင်မလွှတ်အောင် တွေ့နေရသော အရက်ပြောင်ဆိုင်တွေကို အပြစ်ပြောရမလား။ ငယ်ငယ်ရွယ်ရွယ်နှင့် မဆုံးမသောသူ၏ မိဘတွေကို အပြစ်ပြောရမလား။ နောက်ဆုံးတော့ အိမ်ပြန်နိုင်းမိ၍ ယူအောငပေါ်ဟု အပြောခံရသဖြင့် မိမိကိုယ်ကိုသာ အပြစ်ပြောမိပါသည်။

ဂုရုကွေးတို့ငယ်ငယ်က အရက်ပုန်းဆိုင်ဆိုတာကြားဖူးသည်။ ဘုံဆိုင်ကြီးမှ အရက်ကို လက်လီဝယ်ကာ တိတ်တိတ်ပုန်းရောင်းသော ဆိုင်ဖြစ်သည်။ အခုတော့ အရပ်ပုန်းဆိုင် မရှိတော့။ အရက်ပြောင်ဆိုင်တွေချည့် ဖြစ်နေသည်။ အရက်ပြောင်ဆိုင်များရှေ့တွင် "ဘီအီးရှယ် ၇၀/- လိုသလောက်ရမည်" ဆိုသော ဆိုင်းဘုတ်ကိုပါ တွေ့ရသည်။

ဂွတ်ထ . . .၊ ဂွတ်ထ . . .၊ ကောင်းလေစွ၊ ကောင်းလေစွ။

ဂုရုကွေးတို့ ငယ်ငယ်နှင့် သူတို့ငယ်ငယ် အဖြစ်ချင်းမတူတော့ပြီ။ သူတို့အရက်သောက်သည်ကို ဆုံးမ

မည့်သူမရှိ။ ဟိုတုန်းက လူကြီးယစ်ထုတ်ကြီးတွေသာ ရှိသည်။ ခုတော့ လူငယ်ယစ်ထုတ်လေးတွေ ပေါ်များလာပြီ။

ဟိုတုန်းက လူကြီးယစ်ထုတ်ကြီးတွေမှာ မျက်နှာတွေ ဖောသွပ်သွပ်၊ အခု လူငယ်ယစ်ထုတ်ကလေးတွေက မျက်နှာဖောသွပ်သွပ်မဖြစ်။ တင်းတိတ်စွဲသလို တဖြည်းဖြည်းမည်းလာသည်။ အသားအရေ မွဲခြောက်ပြီးပိန်လာမည်။ အသည်းခြောက်သောကြောင့် ဖြစ်သည်။

အရက်မူး ရန်ဖြစ်၍ သေကြသူများ၊ သကြံန်မှာ အက်ဆီးဒင့်ဖြစ်၍ သေကြသူများ၊ မည်းခြောက်ခြောက်၊ ပိန်ကပ်ကပ်နှင့် အသည်းခြောက်ကာ မကြာခင်သေတော့မည့်သူများကို ကြည့်ကာ သူတို့အစား ရင်လေးမိပါသည်။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၁၊ ၆၊ ၈၊ ၁၉၉၇]

# ခြေရာတစ်မျိုး လာပြန်ပြီ

တင်အောင်ကြောင် ဆိုတဲ့ကောင်က အတော်ကြောင်သည်။ ကြောင်လွန်း၍ နာမည်ရင်း (တင်အောင်) တွင် (ကြောင်) တစ်လုံး ထပ်တိုးကာ တင်အောင်ကြောင် ဖြစ်လာရသည်။

ဖြစ်စဉ်အစက ဒီလိုပါ...။

တစ်နေ့သ၌ တင်အောင်သည် သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေရာမှ နောက်ဖေးသွားချင်လာ၍ ဆိုင်နောက်ဘက်မှ အိမ်သာသို့ပြေးသည်။ အိမ်သာထဲသို့ ဝင်ပြီးနောက် ချက်ချင်းပြန်ထွက်လာသည်။

"ဟေ့ကောင်... သွားပြီးပြီလား"

"ငါ သွားလို့မဖြစ်ဘူးကွ၊ အိမ်သာနံရံမှာ မြေဖြူနဲ့စာရေးထားတယ်"

"ဘာစာရေးထားလို့လဲ"

"တင်အောင် မယိုရ တဲ့။ ငါက တင်အောင်ဆို တော့ ငါယိုလို့ ဘယ်ဖြစ်မလဲ။ တခြားအိမ်သာပြေးမှ"

"ဟား···ဟား···တော်တော်ကြောင်တဲ့ ကောင်။ တင်အောင် မယိုရဆိုတာ မင်းကိုပြောတာ မဟုတ်ဘူး။ မင်းအီအီးကိုပြောတာ။ သွား···အဲ့ဒီအိမ်သာပဲ ပြန်တက်"

ထိုသို့ဖြစ်ပွားပြီးနောက် တင်အောင်ဆိုသော နာမည်ရင်းနောက်တွင် သူငယ်ချင်းတွေက (ကြောင်)တစ်လုံး တိုးပေးလိုက်သည်။ တင်အောင်ကြောင်ဟု လက်ဖက် မကျွေး၊ လက်ဖက်ရည် မတိုက်ရဘဲ အလိုအလျောက် တွင်သွားသည်။

"ဟိုက်···ရှာလပတ်ရည်···ဟိုစကတ်အပြာပွင့် လေးနဲ့ ကောင်မလေးက အတော်မိတာပဲ။ ငါ စကားလိုက် ပြောမယ်"

ဒီကောင်က တစ်ဦးတည်းသောသားပီပီ ခပ် ကြောင်ကြောင်ကောင်။ ကားစပယ်ယာတွေ ပြောလေ့ရှိ သော အူကြောင်ကျား၊ မှုန်ဝါးဝါးဆိုတာ တင်အောင်ကြောင် လို ကောင်မျိုး။

အခုပဲကြည့် · · ·။ ဘယ်ကမှန်း မသိသော ကောင်မလေးတစ်ယောက်ကို ရည်စားစကား လိုက်ပြော သည်။ ကောင်မလေးက မဟုတ်မခံ ကက်ကက်လန်လေး။

http://www.cherrythitsar.org



တင်အောင်ကြောင်ကို ဘာပြန်ပြောလိုက်သည်မသိ။ စပ်ဖြဲဖြဲ မျက်နှာဖြင့် လက်ဖက်ရည်ဆိုင်သို့ ပြန်လာသည်။

"ပါးမရိုက်လိုက်ဘူးလား"

"ဟဲ…ဟဲ… မရိုက်ပါဘူး။ ငါက "ညီမလေး ဘယ်လဲ" ဆိုတော့ "ဘယ်ဖြစ်ဖြစ်" တဲ့။ "လှတယ်နော်" ဆိုတော့ "အဲ့ဒါ နင်နဲ့ဘာဆိုင်လဲ" တဲ့။ "အစ်ကိုတော့ ခံစားနေရပြီ" ဆိုတော့ "သေလိုက်ပါလား" တဲ့။ အဲဒါနဲ့ ငါလည်း ပြန်လှည့်ခဲ့ရတာပဲ"

ပြောပြီး ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်သည်။ လူတစ်ကိုယ် ဝါသနာတစ်မျိုး။ တင်အောင်ကြောင် ဝါသနာက ကောင်မလေးချောချော မြင်လျှင် ရည်းစားစကား လိုက်ပြောတတ်သော ဝါသနာ။

ကောင်မလေးတွေက တင်အောင်ကြောင်ကို မျက်နှာရှုံ့အဖြစ် သတ်မှတ်ထားသည်။ ဆိုလည်း ဟဲဟဲဟဲ၊ ဆဲလည်း ဟဲဟဲဟဲ။ စိတ်မဆိုးတတ်။ ရှုံ့ကြောင်ကြောင် မျက်နှာဖြင့် တဟဲဟဲ ရယ်နေတတ်သည်။ သို့ဖြစ်သောကြောင့် သူစကားလိုက်ပြောလျှင် ကောင်မလေးတွေမှာ စိတ်ဆိုးရအခက်၊ မဆိုးရအခက်ဖြစ်နေသည်။ အရှုံ့နှင့်ယှဉ်ပြီး ရန်ဖြစ်ရသလို ဖြစ်နေသည်။

"တစ်နေ့က ကောလိယလမ်းထဲက ကောင်မလေး

တစ်ယောက်ကို ငါ စကားလိုက်ပြောတာ အိမ်လာအတိုင် ခံရတယ်။ ကောင်မလေးက ဆတ်ဆတ်ကြဲလေးကွ"

"တိုင်တော့..."

"အိမ်က ပွမ်တာပေါ့။ မင်း တော်တော်အရှက် နည်းတဲ့ကောင်၊ ခုနစ်ရက်သားသမီး တွေ့သမျှ အကုန် ရည်းစားစကား လိုက်ပြောတယ်။ အဆဲခံရလည်း မမှတ် ဘူး။ အတိုင်ခံရလဲ မမှတ်ဘူးတဲ့"

"မင်းအိမ်လာလာတိုင်တာ ဘယ်နှစ်ခါလောက် ရှိ ပြီလဲ"

"ကောလိယလမ်းက ကောင်မလေးနဲ့ပါဆို လေး ခါ၊ လေးယောက်ရှိပြီ။ အိမ်က ဒီတစ်ခါ အတိုင်ခံရရင် မင်းသိမယ်...တဲ့။ နောက်ဆုံးရာဇသံ ပေးထားတယ်"

တင်အောင်ကြောင်ဆိုတဲ့ကောင်က အမှတ်သည်း ခြေ မရှိပေ။ အိမ်က ဘယ်လောက်ဆူထားထား ကောင် မလေးချောချောမြင်တိုင်း ရည်းစားစကား လိုက်ပြောမြဲ။

"သူ့မောင်ပါလာရင်တော့ မင်း မလွယ်ဘူး။ အတီးခံရမှာ သေချာတယ်"

"ပါလာရင်တော့ ငါ ဘယ်ပြောမလဲ။ တင်အောင် ကြောင်တို့က ကိုယ့်ဘေး ကိုယ်သိပါတယ်"

"အလကား အရည်မရ၊ အဖတ်မရ ရည်းစား

http://www.cherrythitsar.org



စကားလိုက်ပြောတဲ့ အလုပ်ကို မင်းတော်ဖို့ကောင်းပြီ တစ်နေ့မဟုတ် တစ်နေ့ ပြဿနာဖြစ်လိမ့်မယ်"

"ခက်တာပဲ၊ ငါ့ကိုက စကားလိုက်ပြောဖို့ ဝါသနာပါတာ။ ဒီဝါသနာကို မဖျောက်နိုင်ဘူး။ ကနေ့အထိ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မပေါ်သေးဘူး။ အိမ်လာအတိုင်ခံရတာလောက်ပဲ"

"ဒါလဲ ပြဿနာပဲကွ"

သူငယ်ချင်းတွေက ဘယ်လောက်သတိပေး ပေး၊ တင်အောင်ကြောင် မလျော့။ ကြုံလျှင် ကြုံသလို သိသိမသိသိ စကားလိုက်ပြောမြဲ။ တစ်နေ့ ကောင်မလေးတစ်ယောက်ကို လိုက်ပြောမိသဖြင့် အကြီးအကျယ် ခွကျခဲ့ဖူးသည်။

ကောင်မလေးက "ကျွန်မ အပျို မဟုတ်ဘူး၊ ယောက်ျားရှိတယ်။ ကလေးတစ်ယောက်ရှိတယ်" တဲ့။ တင်အောင်ကြောင် ဘာဆက်ပြောရမှန်းမသိ၊ ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့သည်။

"မှုန်ဝါးဝါးကောင် ဒီနေ့ ဘာဖြစ်တယ် မသိဘူး၊ နောက်ကျနေတယ်"

သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင် ရောက်နေတာ ကြာပြီ။ တင်အောင်ကြောင် ရောက်မလာသေး။ ဒီ

ကောင့်ကို စောင့်ရင်း အမေ့ခြေရာအကြောင်း၊ အဖေ့ခြေရာ အကြောင်း စပ်မိစပ်ရာတွေ လျှောက်ပြောနေကြသည်။

"ဟော...ဟော...ဟိုကောင်လာပြီ"

တင်အောင်ကြောင် ရောက်လာတော့ ၉နာရီ တောင်ထိုးလုပြီ။ ဒီကောင်က ရောက်ရောက်ချင်း ဝိုင်းထဲ ဝင်မထိုင်သေးဘဲ ဆိုင်နောက်ဘက်မှ အိမ်သာသို့ သွားသည်။

"ဟိုက်...ရှာလပတ်ရည်...တင်အောင်ကြောင် ကျောမှာ ခြေရာကြီးပါလား"

ဒီကောင့်အင်္ကျီ ကျောပြင်တည့်တည့်မှာ ခြေရာ ကြီးတစ်ခု တွေ့ရသည်။ ရွှံ့တွေပေနေသော ညာဘက် ခြေရာ။ ဒီကောင် အိမ်သာက ထွက်လာပြီး ဝိုင်းထဲဝင် ထိုင်တော့ သူငယ်ချင်းတွေက စိတ်ဝင်စားစွာ ဝိုင်းမေး ကြသည်။

"မင်းကျောက ခြေရာက အမေ့ခြေရာလား"

"မဟုတ်ပါဘူးကွာ"

"အမေ့ခြေရာ မဟုတ်ရင် အဖေ့ခြေရာဖြစ်ရမယ်"

"မဟုတ်ပါဘူး၊ ငါငယ်ငယ်ကတည်းက ငါ့အဖေ ဆုံးသွားတာပဲ"

"ဒါဆို မင်းကျောက ခြေရာက..."

http://www.cherrythitsar.org



"ဒီလိုကွ ...၊ မာဃလမ်းထဲက ကောင်မလေး တစ်ယောက်ကို စကားလိုက်ပြောတာ။ ကောင်မလေးက အိမ်လာတိုင်တယ်။ အဲဒါ အိမ်ကအဘိုးကြီး ခြံထဲမှာ ငှက်ပျောပင်စိုက်နေရင်း တန်းလန်းက "မင်းကြောင့် မျက်နှာပျက်ရတာ၊ တောင်းပန်ရတာ ဒါပါနဲ့ ငါးခါရှိပြီ၊ တော်တော်ဆိုးတဲ့ကောင်" လို့ ပြောပြီး စိတ်ဆိုးဆိုးနဲ့ ကန်ထည့်လိုက်တဲ့ **ပထွေးခြေရာကွ**"

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၃၊ ၂၀၊ ၇၊ ၁၉၉၇]**

# ဒါလေးနှစ်ခုပဲ လိုတော့သည်

"သီချင်းဆိုတာများ ခက်ခက်လွန်းလို့…"

ဟိုက် – ရှာလပတ်ရည်… သီချင်းဆိုတာများ ခက်ခက်လွန်းလို့ဆိုပါလား။ ဂုရုကွေးစကား အဆိုတော်တွေကြားလျှင် ပဒိုင်းသီး မစားဘဲ ရူးချင်ကြပေလိမ့်မည်။

"ဂုရုကြီးကတော်တော် အလွယ်ပြောတာပဲ။ သီချင်းရေးတာတို့၊ သီချင်းဆိုတာတို့က ဂီတပညာတွေဗျ"

နားကြားပြင်းကပ်သော ဟာကြျူလီငပျော့က ပောတုတက်တော့ ဂုရုကွေးက ငါးသလဲထိုး ပြုံးလေး ပြုံးသည်။

"ငါသိတာကတော့ ဂီတဆိုတာ တဂီဂီနဲ့ တ,နေတာပဲ။ သီချင်းဆိုတဲ့အလုပ်က ငါ့အတွက် ဘာမှ မဆန်းဘူး၊ အတွေ့အကြုံရှိပြီးသား…လူပျိုပေါက်အရွယ် ရေမြို့မှာနေကတည်းက ငါသီချင်းဆိုခဲ့တာ • • •မင်းမယုံရင်

http://www.cherrythitsar.org



ခနေဖြူ မင်းပိုင်းရပ် တာရီးတန်းနဲ့ အလယ်တန်းက အိမ်တွေ သွားစုံစမ်းကြည့်...။ အလွန်ကြည်မြ ပီသ၊ မြည်လှတဲ့ ငါ့အသံကြောင့် အဲဒီတုန်းက သူတို့တွေ ညကောင်းကောင်း မအိပ်ရဘူးဆိုတာ ရှုံ့မဲ့ပြီး ပြောကြလိမ့်မယ်..."

ဂုရုကွေးဆိုတာက ပေါ့သေးသေးကောင် မဟုတ်။ တစ်ခုခုကို ထူးချွန်အောင် မလုပ်တတ်သော်လည်း အမျိုးစုံကိုကား မဖြစ်ညစ်ကျယ်လုပ်တတ်သည်။

မှတ်မိသေးတော့ ခနေဖြူမှာနေတုန်းက ကာလသား ပေါက်စအရွယ်၊ သူငယ်ချင်း စိန်သောင်းကမယ်ဒလင်တီး ဂုရုကွေးက သီချင်းဟစ်...(အိပ်ပြီလားကွယ့် ဖြူပြာမူရာ သူဇာပျိုရယ်၊ အချစ်ပြဿနာတွေ ရေလည်သွားအောင် တစ်ပါးခင်ကညာရယ် နားဆင်ပါကွယ်။ မောင့်သီချင်းလေးနဲ့ ခင့်ကို ဆိုချော့မယ်) ဘာညာကွိကွ၊ ကောင်မလေးတွေ အိမ်ရှေ့သွားသွားဟစ်သဖြင့် လေးခွနှင့် အပစ်ခံရတာတို့၊ ခွေးလိုက်ဆွဲတာတို့ ခထာခထာ ကြုံရသည်။

ဂုရုကွေးက အသံမကောင်း။ သူ့အသံမှာ ဘယ်အပေါက်မှ မဝင်သော အသံကြောင်ဖြစ်သည်။ သို့သော် သူက ဆိုတတ်၏။ အသံကြောင်ဖြင့်ပင် နားဝင်အောင်

ကြုံဖန်ဆိုတတ်သည်။ နတ်တော်လ စာဆိုတော်ရာသီ စာပေဟောပြောပွဲများ၌ ဂုရုကွေး ဂီတအကြောင်းဟောရင်း သီချင်းဆိုပြတတ်၏။ အသံမကောင်းသဖြင့် ဘယ်တော့မှ သီချင်းအပြည့်အစုံမဆို။ လိုအပ်သလောက်သာ ကွက် ဆိုသည်။

"စာပေဟောပြောပွဲတွေ မင်းလိုက်နေကျပဲ။ ငါ ဘယ်လောက် ဆိုတတ်တယ်။ ဆိုနိုင်တယ်ဆိုတာ မင်း အသိ…။ သီချင်းဆိုတဲ့အလုပ်က ငါ့အတွက် ရိုးဟိုးဟိုး နေပြီ…"

ထိုသို့ပြောဆိုပြီးနောက် တစ်ပတ်အကြာတွင် ပျော့သတင်းထူးတစ်ခု ကြားရသည်။ ဂုရုကွေးတစ်ယောက် ကိုယ်တိုင်သီချင်းရေး၊ ကိုယ်တိုင်ဆိုသော စီးရီးတစ်ခွေ သွင်းနေသည်တဲ့…။

"ဂုရုကြီး…ခင်ဗျားစီးရီးထုတ်မလို့ဆို… အဆို တော် နာမည်ဘယ်လိုယူထားသလဲ။ ဂုရုကွေးနာမည်နဲ့ ဆိုလို့ကတော့ ကွဲပြီသာမှတ်ပေတော့…"

ဂုရုကွေးက ငါးသလောက်ပြုံးလေး ပြုံးပြန်သည်။

"ဂုရုကွေး နာမည်နဲ့တော့ ဘယ်ဆိုမလဲ…မြို့ နာမည်ရှေ့က တပ်ထားတဲ့ အဆိုတော်တွေ ရေပန်းစား နေတာ ငါသဘောပေါက်တယ်…ငါ့အဆိုတော် နာမည်

http://www.cherrythitsar.org



က ခနေဖြူကွေးမောင်တဲ့…”

ဟိုက်… ရှာလပတ်ရည်…ခနေဖြူကွေးမောင် ဆိုတော့ ဟိုစူပါအဆိုတော်ရဲ့နာမည်နဲ့ ခပ်ဆင်ဆင်ပါလား။

“စီးရီးနာမည်က…”

“ဟိုကောင်မလေး ညိုဝိုတို စကတ်ပျောက်လို့ ငိုု”

“ဟာ…မိတယ်။ ဂုရုကြီး…မိတယ်။ ဂုရုကြီး စီးရီးဟာ ရိုးရိုးပေါက်ရုံတောင် မကဘူး။ ဒန်အိုးပေါက်ဖာတဲ့ ကုလားစိတ်ညစ်အောင် ဟောင်းလောင်းပေါက်သွားနိုင်တယ်…”

ကိုယ်တိုင်ရေးသည်ဆိုသဖြင့် ဂုရုကွေး၏ တပည့်သားမြေး သီချင်းရေးဆရာလေးများ အကြီးအကျယ်ဖျားကုန်ကြသည်။ ခေါင်းတုံးဖားလျားချထားသော သီချင်းရေးဆရာလေး ဝင်းမင်းကွေးမှာ သီချင်းရေးဆရာကြီး ဂုရုကွေးကို ကြောက်လွန်း၍ ယတြာတွေဘာတွေတောင် သွားချေသည်ဟု ကြားရသည်။

“ကျုပ်တို့ စီးရီးထွက်တဲ့နေ့မှာ ကော်ပီတေးတွေ၊ ကန်းထရီးဆောင်းတွေ သေရအောင်သာပြင်ကြ…အသက်သုံးထောင် လူငယ်အဆိုတော်လေး ခနေဖြူကွေးမောင်ရဲ့ ကိုယ်ပိုင်သံစဉ် မြန်မာသံစစ်စစ်၊ ဟိုကောင်မလေးညိုဝိုတို

http://www.cherrythitsar.org



စကတ်ပျောက်လို့ငို . . .စီးရီးက နားရွက်ကိုက်ပစ်မယ် (အဲလေ) အလဲထိုးပစ်မယ်. . .”

သီချင်းသွင်းသောနေ့က စတူဒီယိုထဲတွင် ပုဆိုးတိုတိုဝတ်လျက် ဂုရုကွေးကြုံးဝါးသည်။ သူ့သီချင်းတွေက စာသားရိုးသော်လည်း လူတိုင်းနှုတ်ဖျားတွင် အလွယ်တကူပျံ့သွားနိုင်ကြောင်း သဘောပေါက်ကြသည်။

ဟာကြူလီငပျော့ နေဖြူကွေးမောင် စီးရီးပေါက်သွားလျှင် သူလည်း ပျော့ရငွေ နာမည်နဲ့ သီချင်းဆိုမည်ဟု ဝင်အမှတ်ယူသည်။

ကွေးမောင်စီးရီးမှာ ထွက်မလာမီကပင် သတင်းကြီးနေသည်။ တေးသံသွင်းဆိုင်အားလုံးက စိတ်ဝင်စားကြသည်။ ကွေးမောင်ဘယ်နေ့ထွက်မလဲ၊ အဲဒီနေ့ ဘယ်သူမှမဖြန့်နဲ့။ ကွဲပြဲကုန်မယ်။ တစ်ဆိုင်နှင့် တစ်ဆိုင် လက်သိပ်ထိုးသတင်းဖြန့်ထားသည်။

“ဘယ်နေ့ ထွက်မှာလဲ ဂုရုကြီး. . .”

“ထွက်တော့မှာပါ။ ဝေါ်ရှိရိုက်ဖို့ပဲ လိုတော့တယ်”

ထွက်တော့မှာပါ၊ ထွက်တော့မှာပါဆိုရင် လချီသွားသည်။ တစ်လက နှစ်လ၊ နှစ်လက သုံးလ၊ နေဖြူကွေးမောင် စီးရီးထွက်မလာသေး. . .။

“ဘယ်လိုဖြစ်နေလို့လဲ ဂုရုကြီး. . .”

http://www.cherrythitsar.org



"ဝေါရှိ ရိုက်တဲ့ကိစ္စမှာ အခက်အခဲနည်းနည်းရှိနေတယ်…ထွက်မှာပါ…"

ထိပ်တိုက်မဝင်ရဲသော အခွေများ တသွတ်သွတ်ထွက်ကုန်ကြသည်။ ခနေဖြူကွေးမောင်ကား မထွက်နိုင်သေး။ နောက်မှသွင်းသော စီးရီးခွေများ မထွက်နိုင်သေးသော ခနေဖြူကွေးမောင်၏အခွေနှင့် လာငြိကုန်ကြပြန်သည်။

"ခက်တာပဲဗျာ…ကျုပ်တို့ ဖြန့်တဲ့နေ့မှ ကွေးမောင်ထွက်လာရင် ဒုက္ခပဲ…"

"ဟုတ်ပ ကျုပ်လည်း လူစုံခွေတစ်ခွေကိုင်ပြီး ကွေးမောင်လန့်တာနဲ့ ဆိုင်းနေရတယ်…"

"ဝေါရှိက ခုထက်ထိ မပြီးသေးဘူးလား …ဝေါရှိရိုက်တာများ ဘယ်လောက်ကြာတာလိုက်လို့…"

နောက်ဆုံးတော့ အရင်းနှီးဆုံး ငပျော့ကပါ မကျေမနပ် ပြောလာသည်။

"ဝေါရှိရိုက်တာ မကြာပေမယ့်…ကက်ဆက်ကာဗာနဲ့ ဝေါရှိအတွက် ဓာတ်ပုံရိုက်ဖို့ ကြာနေတယ်…"

"ဟာ…မဟုတ်သေးပါဘူး…ဓာတ်ပုံရိုက်တာလည်း ဘာကြာတာမှတ်လို့…"

ဤတွင် ဂုရုကွေးခေါ် မြန်မာသံအဆိုတော် ခနေဖြူကွေးမောင်က စိတ်မရှည်သံဖြင့် တုံ့ပြန်လာသည်။

"ခတ်ပုံရိုက်တာ မကြာတာ မင်းပြောမှလား‥
ငါက ခတ်ပုံထဲမှာ ဘောင်းဘီရှည်ဝတ်၊ မယ်ဒလင်ပိုက်
ပြီး ရိုက်ချင်တာ။ ဘောင်းဘီရှည်နဲ့ မယ်ဒလင်တွားလို့
မရသေးလို့ စီးရီးမထွက်နိုင်ဘဲ ကြာနေတာပေါ့ ...
သွတ် သွတ် သွတ်..."

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၄၊ ၂၇၊ ၇၊ ၁၉၉၇]

# သူလည်းပျော် ကိုယ်လည်းပျော်

ဂုရုကွေးဆိုတဲ့ကောင်က ဘာတစ်ခုကိုမှ ဟုတ်ဟုတ်ငြားငြား မတတ်ပေမယ့် ဟိုစပ်စပ် ဒီစပ်စပ် မဖြစ်ညစ်ကျယ်တော့တတ်သည်။ ဗေဒင်ဟောရမလား···ရသည်။ လက္ခဏာကြည့်ရမလား···ရသည်။ ဓာတ်ရိုက်ဓာတ်ဆင်ရမလား··· ဟဲ··· ဟဲ···ရတာပဲ။

သို့သော် အဟုတ်မှတ်ပြီး သွားမမေးလေနှင့်။ သူတတ်သည် ဆိုတာက မဖြစ်ညစ်ကျယ်၊ ထမင်းစားရေသောက်မျှသာ။ လုံးဝမတတ်သူတွေထက်စာလျှင် ဂုရုကွေးက ရမ်းတတ်၊ မှန်းတတ်၊ ဖြန်းတတ်၊ သဘောလောက်တတ်ခြင်းသာ ဖြစ်သည်။

http://www.cherrythitsar.org



အန္တရာယ်ကင်းလိုသူတိုင်း
ဦးရှင်ကြီးတင်ကြသည်၊
တင်မလား ဦးရှင်ကြီး...
ရိုးရိုး ... ငါးဆယ်။
ရှယ် ... တစ်ရာ။
ဗွတ်ရှယ်.. တစ်ရာ့ငါးဆယ်။

ဟိုက် ရှာလပတ်ရည်..တောင်ဥက္ကလာ မင်္ဂလာလမ်းမှ ဂုရကွေး၏ အိမ်ကလေးရှေ့တွင် ဆိုင်းဘုတ်ကပ်ထားပါလား။ ဘာမဆို စပ်စပ်စပ်စပ်တတ်သော ဂုရကွေးတစ်ယောက် ဖွတ်ကလိဒင်္ဂါးရရေးအတွက် စီးပွားရေးဈေးကွက် ချဲ့ပြန်ပြီ။

"အန္တရာယ်ကင်းတင်တာပဲ... ရိုးရိုးရယ်၊ ရှယ်ရယ်၊ ဗွတ်ရှယ်ရယ် ခွဲနေရသေးလား။ တင်တာဟာ တင်တာပဲ ဘာထူးတာလိုက်လို့"

မိန်းမကြီးအချို့က ဝေဖန်ရေးလုပ်လာသော်လည်း ဂုရကွေးကား ခပ်တင်းတင်း၊ ခပ်တည်တည်ပင်။ အတင်တားမည့်သူကို စောင့်သည်။ ဝါတွင်း ဝါပ ကာလမရွေး ဦးရှင်ကြီးတင်လေ့ရှိကြသည်။ တစ်ဦးမလာ တစ်ဦးလာ၊ လာကို လာရမည်။

http://www.cherrythitsar.org



"ဟိုက်...ရှာလပတ်ရည်...ကျုပ်တို့ ခလုကြီး က ဦးရှင်ကြီးလည်း တင်တတ်တာကိုး။ ကောင်းလယ်.. ကောင်းလယ်။ ဝ ကို တင်ပေးနေကျဆရာကြီး တခြား ပြောင်းသွားလို့ လူစားရှာနေတာ။ ခလုကြီး တင်တတ် တယ်ဆိုတော့ အတော်ပဲ"

(၁၀)ရပ်ကွက်မှ ပေါက်ဖော်ကြီး ဦးစစ်ဝါ ဈေး ဦးပေါက် ရောက်လာသည်။ ဦးစစ်ဝါနှင့် ဂုရကွေးက နဂို ကတည်းက ရင်းနှီးပြီးသား။ မိတ်ဟောင်းဆွေဟောင်း။ မိတ် ကောင်းဆွေကောင်းတွေ ဖြစ်ကြသည်။

"ဘယ်လိုတင်မှာလဲ ဦးစစ်ဝါ၊ ရိုးရိုးလား...ရှယ် လား..."

"ခလုကြီး သိတဲ့အတိုင်း ဝ,က ခဏ ခဏ တင်တယ်။ ပထမဆုံးအနေနဲ့ ရိုးရိုးပဲ စမ်းတင်ကြည့်ရ အောင်။ ကြိုက်တော့လဲ နောက်တစ်ခါဆို ရှယ်ပေါ့"

ဦးရှင်ကြီးတင်လျှင် လိုအပ်သော လက်ဖွယ်ပစ္စည်း များကို အိမ်ရှင်က အဆင်သင့်လုပ်ထားရသည်။ ဂုရကွေး က ကျောင်းဆောင်ရယ်၊ လူရယ်၊ လေရယ် ဒါပဲစိုက် သည်။ ချိန်းသောနေ့ ချိန်းသောအချိန်တွင် ဟာကြူလီ ငပျော့က ကျောင်းဆောင်ထမ်း၍ နောက်က၊ ဂုရကွေးက ရိုးရိုးအဝတ်အစားဖြင့် ကားတား ကားတား လုပ်လျက်

ရှေ့က၊ ဦးစစ်ဝါအိမ်သို့ ရောက်လာကြသည်။

"ကောင်းလယ်···ကောင်းလယ်၊ ပျော့ပါ ပါတာကိုး"

ဦးစစ်ဝါက ပျော့ကိုလည်း သိသည်။ ဂုရကွေးသည့် တင်နေကျထုံးစံအတိုင်း အထက်ပွဲ၊ အောက်ပွဲများကို ပြည့်စုံအောင်ပြင်ဆင်၍···

"ပုလဲငွေမို့၊ သဲရေငယ်စို့ပါတဲ့···

ပဲရွှေမြို့အပိုင်၊ အောက်ခရိုင်တွင်

ကျောက်တိုင်ဒီဘက်၊ ရွှေစာရင်းကြည့်

ရေကာင်းအထိ၊ ပိုင်တော်မူလေသော···

ခရိုင်ကျော် ဇမ္ဗူ၊ ပုလဲလုံးတမျှ

ပြိုင်ဖော်သူ၊ တကာတည်းရှုံးလောက်အောင်

သတင်းဖြာသည့်၊ ကစင်းရွာ၊ ရင်းဒှာနဆီက

ယွင်းမကွာသပ၊ လွန်မျှော်ကိုးပြီး

ကျွန်တော်မျိုးများ ပူဇော်ပပါသည်···

ကျွန်းညီကြီး ဒီပါဘွေက၊ ခြေရာမသွေ

ကျားမိကျောင်းစီးပြီးတော့၊ ကြွမြန်းတော်မူပေ့ါ

ရွှေလိုဝင်းပါတဲ့ နတ်ဦးရှင်ခင်ဗျား···"

ရိုးရိုးဖြစ်သဖြင့် ဂုရကွေးက အသံနေ အသံထားမထည့်။ သံမှန်ရိုးရိုးဖြင့် တင်သွားသည်။ မည်သို့ပင်ဖြစ်စေ၊

http://www.cherrythitsar.org



ယခင်တင်နေကျ ဆရာကြီးနှင့် တစ်ထပ်တည်းတူသဖြင့် ဦးစစ်ဝါ သဘောကျသွားသည်။

"နောက်တစ်ခါတင်ရင် ရှယ်တင်မယ် ခလုကြီး"

ဦးစစ်ဝါမှာ ဦးရှင်ကြီးကို ယုံကြည်ကိုးစားစွာဖြင့် မကြာခဏ တင်လေ့ရှိသည်။ ယခင် ဆရာကြီးက ရိုးရိုးသာတင်သည်။ ရှယ်တွေ၊ ငွတ်ရှယ်တွေ မပါ။ ဂုရကွေးကတော့ ခေတ်မီစွာ၊ အမြင်ကျယ်စွာ ရှယ်တွေ၊ ငွတ်ရှယ်တွေ ထပ်တိုးထားသည်။

"ဟိုက် ရှာလပတ်ရှည်...ခလုကြီးက ဒီတစ်ခါ သိပ်သားနားနေပါလား"

ရှယ်တင်သောနေ့တွင် ဂုရကွေးက မင်းသားကြီးလို ဝတ်ဆင်လာသည်။ ကျောင်းဆောင်ထမ်းသော ငပျော့က မင်းလုလင်လို ဝတ်ဆင်ထားသည်။

"ရှယ်တင်မယ်ဆိုတော့ ရှယ်ပီပြင်အောင် ဝတ်ရတာပေါ့။ ရွတ်တဲ့အခါမှာလဲ အသံနေ အသံထားပါမယ်။ မင်းသားကြီး အဟဲတွေ၊ အောင်မောင်းကြီးလေတွေပါမယ်"

"ပုလဲငွေမှို့၊ သဲရေစို့ပါတဲ့..."

ယခင် အပင့်လင်္ကာကိုပင် ဂုရကွေး ရွတ်သည်။ အသံထည့်ပြီး ပညာသားပါပါ ရွတ်သဖြင့် နားထောင်လို့ ကောင်းလှသည်။ ဦးစစ်ဝါ အများကြီး၊ အားကီး သဘော

ကျသွားသည်။

"ကြိုက်သွားပြီ ခုလုကြီး၊ ရှေ့လတင်ရင် ဂွတ်ရှယ် တင်မယ်။ ရက်ကို ကျွန်တော် ကြိုပြောမယ်"

ဂွတ်ရှယ်တင်သောနေ့ကား ဂွတ်ရှယ်ပီသစွာ ထူးနေသည်။ ဂုရကွေးက ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ ဂျင်းဝမ်းဆက်ဝတ်စုံဖြင့် ဝေါ့ကင်းရှူးစီးထားသည်။ ငပျော့ က စတိုင်လ်ဘောင်းဘီနှင့်၊ နက်ခတိုင်နှင့် ကျောင်းဆောင် သာမက ဒရမ် ဆက်ပါ ပါလာသည်။

"ဦးရှင်ကြီးက နတ်သူတော်ကောင်းဖြစ်သလို၊ စောင်းတော်ရှင် ဂီတသမားနတ်လဲဖြစ်တယ်။ ဟဲဗီးမက် တယ်... ဂွတ်ရှယ် ဦးရှင်ကြီး တင်ရအောင် ရှာစားငပျော့ က ဒရမ်သံလေး ပေးလိုက်စမ်း..."

ငပျော့က ဒရမ်သံပေးလိုက်သောအခါ ဂုရကွေး က ဟဲဗီးမက်တယ် စတီရီယို အဆိုတော်သံဖြင့် -

"အို...ပုလဲငွေမှို့ သဲရေစို့
ပဲရွှေမြို့အပိုင်...
ဒုံ တတုံတုံ...တုံ...ဒုံတတုံတုံ...ဒိန်း
အောက်ခရိုင်တွင်၊ ကျောက်တိုင်ဒီဘက်...
ဒုံတတုံတုံ...တုံ ... ဒုံတတုံတုံ...ဒိန်း.."

ငပျော့က ဒရမ်ခေါက်ရာမှ "ဝို့...ဝို...ဝိုး" ဟု

http://www.cherrythitsar.org



အော်ပေးသည်။ ဂုရကွေးက ဆိုနေရာမှ ကိုယ်ကိုယ်မိမ်းနွဲ့ သည်။ အဆိုနှင့် အတီး လမိုင်းကပ်နေချိန်တွင် ဦးစစ်ဝါ ထကာတော့သည်။

"ကောင်းလယ်...ဟဲဗီးမက်တယ်...ဂွတ်ရှယ် သိပ်ကောင်းတယ်။ နောက်တင်ရင် ဂွတ်ရှယ်ပဲတင်တော့ မယ်။ ဦးရှင်ကြီးလည်း ပျော်၊ သူ့တပည့် ကျားတွေ၊ မိကျောင်းတွေလည်းပျော်၊ ခုလုကြီးလည်း ပျော်၊ ဝလည်း ပျော်၊ အန္တရာယ်လည်းကင်း။ သူပျော်ကိုယ်ပျော်၊ အားလုံး ပျော်ရတယ်"

စာဖတ်သူ မိတ်ဆွေ...

သင်လည်း အန္တရာယ်ကင်းချင်ရင်၊ ပျော်ချင်ရင် ဂုရကွေးနှင့် ဆက်သွယ်ပါ။ ရိုးရိုး ငါးဆယ်၊ ရှယ် တစ်ရာ၊ ဂွတ်ရှယ် တစ်ရာ့ငါးဆယ်။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၅၊ ၃၊ ၉၊ ၁၉၉၇]

# သဲကိုသဲတယ်

လင်ယူလျှင် သားမွေးမည်၊ ယောက်ျားယူလျှင် ကလေးရမည်။ ဘာဆန်းသနည်း…ဤသည်မှာ ကမ္ဘာဦးအစ လူပေါ်စကတည်းက သဘာဝဖြစ်သည်။

ဘာလေးဖြစ်လိုက် ဖြစ်လိုက် မသဲရမနေနိုင်သော မိန်းမတွေပါ။ လင်ယူခြင်း၊ သားမွေးခြင်းကိစ္စကို သူတို့လည်း ကြုံရသည်။ သူတို့က မွေးသော သူတို့ သားသမီးတွေလည်း ကြုံရသည်။ ထို သားသမီးတွေက မွေးသော သားသမီးတွေလည်း ကြုံရမည်…

ဘာဆန်းသနည်း … မဆန်းသောကိစ္စကို အဆန်းလုပ်၍ သူတို့မှို့ အလုပ်ရှုပ်ခံသည်။ ဂုရကွေးကို မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် မေးပြီ…။

"ဂုရကြီး … ဟို အကာယ်ဒမီ မင်းသမီး မွေးတော့မယ်ဆို…"

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



"ဟဲ့ . . . ငါဘယ်သိမလဲ။ အကယ်ဒမီ ကလေး မွေးတာနဲ့ ဂုရုကွေးနဲ့ ဘာဆိုင်လို့လဲ . . ."

"ဂုရုကြီးက မင်းသားမင်းသမီးတွေနဲ့လည်း ရင်းနှီးလို့ မေးကြည့်ရတာ . . . ယောက်ျားလေးမွေးရင် ကောင်းမယ်နော် . . ."

"ကျားကျား။ မမ ဘာမွေးမွေးပါ။ ကလေးဟာ ကလေးပါပဲ . . . အဲဒီကလေးက ထူးခြားလိမ့်မယ်"

"ဟုတ်လား . . . ဟုတ်လား . . . ဘယ်လိုထူးခြား မှာလဲ . . ."

"ငိုတဲ့အခါ အူဝဲ အူဝဲလို့ မြည်လိမ့်မယ် . . ."

"သွား . . . ဒီက အဟုတ်မှတ်လို့"

ထိုအကယ်ဒမီ မင်းသမီး မကြာမီ မွေးသည်။ ယောက်ျားလေးဖြစ်သည်။ ဈေးထဲက ဒေါ်သဲသဲလှုပ်များ၊ မသဲသဲလှုပ်များ ဂုရုကွေးကို မြင်သည်နှင့် . . .

"ဂုရုကြီးရေ . . . မွေးပြီးတော့ မွေးပြီ . . . မွေးပြီ"

"ဘယ်သူမွေးတာလဲ။ နင်မွေးတာလား"

"ကျွန်မက မွေးပြီးတာ ဘာကြာသေးလို့လဲ။ ခုဟာက အကယ်ဒမီမင်းသမီးမွေးတာ။ သူနဲ့ တစ်ဆေးရုံ တည်းမှာ မင်းသမီးလေးတစ်ယောက်လည်း မွေးတယ်တဲ့၊ ယောက်ျားလေးပဲတဲ့။ ဟုတ်လား ဂုရုကြီး . . ."

http://www.cherrythitsar.org



"ဟဲ့ . . . ငါက ကလေးမွေးတာတွေ စစ်တမ်းလိုက်ကောက်နေတာမှ မဟုတ်တာ။ ဘယ်သိမလဲ . . .။ ဟုတ်မှာပေါ့ . . ."

"ကျွန်မတို့က ဟုတ်ပါစေလို့ ဆုတောင်းနေတာ။ ဂုရုကြီးတွေ့ရင် ပြောလိုက်ပါနော် . . ."

"ဘယ်သူ့ပြောရမှာလဲ . . . မင်းသမီးပြောရမှာလား မင်းသမီးယောက်ျား မင်းသား ပြောရမှာလား . . .။ မင်းသမီး အဖေ ဒါရိုက်တာကို ပြောရမှာလား . . ."

"ပြောချင်တဲ့လူသာ ပြောလိုက်ပါ"

ထိုမင်းသမီးလေး မွေးပြီးလို့ ဘာကြာမလဲ။ ဂုရုကွေးကို မြင်တာနှင့် သူတို့မေးပြန်ပြီ . . .။

"ဂုရုကြီး . . . ဟို ဗီဒီယို မင်းသမီးလေးလဲ မွေးပြီဆို . . . ဒီကလေးက ဒုတိယကလေးတဲ့ . . . ဈေးထဲမှာ ပြောနေကြတယ်၊ ဟုတ်သလား . . ."

"ဒုတိယ ကလေးလား တတိယကလေးလား။ သူ့ဟာသူ မွေးတာ ငါနဲ့ဘာဆိုင်သလဲ . . .။ နင်တို့နဲ့ ရော ဘာဆိုင်လဲ . . . ကိုယ်ရောင်းစရာရှိတာရောင်း၊ ကန်စွန်းရွက်တွေ နေပူနေပြီ။ ရေဖျန်းလိုက်ဦး . . ."

နောက်တစ်ခါ မွေးတာက စတီရီယို အဆိုတော်မလေးဖြစ်သည်။ သူလည်း ယောက်ျားလေးပဲ။ ဒီတစ်ခါ

http://www.cherrythitsar.org



တော့ ဂုရုကွေးက အရင်ဦးအောင်ပြောရသည်။

"သတင်းထူးတွေ၊ သတင်းထူးတွေ၊ မွေးပြန်ပြီ ဟေ့ ··· မွေးပြန်ပြီ"

သူတို့တွေ ဂုရုကွေးနား ဝိုင်းလာကြသည်···

"ဘယ်သူလဲ··· ဘယ်သူလဲ···ဘယ်သူတွေ မွေးတာလဲ···"

"စတီရီယိုအဆိုတော်က ယောက်ျားလေးမွေး တယ်···"

"ဝေးဝေးဟေးဟေး···ယောက်ျားလေးတဲ့ ပွ တာပဲ···"

သူတို့တတွေ တစ်ခဲနက် ဝိုင်းအော်ကြသည်။ သူများကလေးမွေးတာ၊ သူတို့က ကြားထဲက ပွတာပဲတဲ့ ဒုက္ခ - ဒုက္ခ။

"နောက်ထပ် ဘယ်သူများမွေးဦးမလဲ··မသိဘူး"

"နေ့တိုင်းမွေးနေတာပဲ၊ မေတ္တာလမ်းက အမျိုး သမီးဆေးရုံ အရင်ကာတိုလိတ် ဆေးရုံမှာ နေ့တိုင်း မွေး နေတာပဲ···ငါပြောတာ မယုံရင် သွားကြည့်ကြ···"

"သွားစမ်းပါ···ဒါတော့ သိသားပဲ···"

ကလေးမွေးတာနှင့် ပတ်သက်ပြီး သဲသဲလှုပ်နေ သော ဒေါ်သဲသဲလှုပ်တွေ ပိုမိုသဲသဲလှုပ်စေရန် ဟာကြူလီ

ပျော့က သတင်းဆန်းတစ်ခု ပြောသွားသည်။

"ခင်ဗျားတို့ သိပြီးကြပလား . . . ဂုရုကြီး ကလေးမွေးလို့"

ဒေါ်သဲသဲလှုပ်တွေ . . . ဟိုက် . . . ရှာလပတ်ရည် ဖြစ်ကုန်သည်။ ဂုရုကွေးက ယောက်ျားကြီးပဲ။ အသက် သုံးထောင် အဘိုးကြီး။ ယောက်ျားကြီးက ဘယ်လိုလုပ် ပြီး ကလေးမွေးမည်နည်း။

"ဟဲ့ ဂျာနယ်တစ်ခုထဲမှာ ငါဖတ်လိုက်ရတယ်။ နိုင်ငံခြားမှာ ယောက်ျားတွေ ကိုယ်ဝန်ဆောင်နိုင်ပြီတဲ့"

"ဟိုက နိုင်ငံခြားပဲ၊ ဒါက တောင်ဥက္ကလာပဲ။ ဘာဆိုင်လို့လဲ . . ."

"ဟဲ့ . . . မွေးချင်ရင် မွေးနိုင်တယ်လို့ ငါပြောတာ ပါ . . ."

မည်သို့ပင်ဖြစ်စေ၊ ဂုရုကွေး ကလေးမွေးလို့ဆို သော သတင်းမှာ ဈေးထဲတွင် ချက်ချင်းပျံ့သွားသည်။ ယောက်ျားလေးလား၊ မိန်းမလေးလား . . .။ ဒီလူကြီး မွေးရင် လူတော့မဖြစ်နိုင်ဘူး။ အီကြာကွေးလေးတွေ၊ မုန့် ကြိုးလိမ်လေးတွေ ဖြစ်လိမ့်မယ်တဲ့။ မသဲသဲလှုပ်တစ် ယောက်က နောက်သည်။

"ဂုရုကြီး . . . ကလေးမွေးလို့ဆို . . ."

http://www.cherrythitsar.org



ဈေးစောစောသိမ်းကာ၊ မသဲသဲလှုပ်တွေ ဂုရကွေး အိမ်ကလေးသို့ ရောက်လာကြသည်။ အချို့က ကလေး အတွက် လက်ဆောင်ပစ္စည်းလေးတွေပင် ဝယ်လာကြ သည်။

"ကလေးလည်း မတွေ့၊ ကလေးပုခက်လည်း မတွေ့၊ ဘယ်မလဲကလေး…ဂုရုကြီး ကလေးမွေးတယ် ဆိုတာ တကယ်လား"

"တကယ်ပါ…တကယ်မွေးတာပါ"

"ကလေးပြပါ၊ ကလေးပြပါ…ကျွန်မတို့ ချီမယ်"

ဂုရကွေးက ငါးလင်ပန်း ပြုံးလေး ပြုံးသည်။

"မင်းတို့ ချေချင်ရင်၊ ခေါင်းရင်းစားပွဲပေါ်မှာ ကတိုးနှာပုလင်းရှိတယ်။ အဲဒါယူရှူပြီး ဟတ်ရှီး၊ ဟတ်ရှီး နဲ့ ချေကြ…"

"အခန်းထဲမှာလည်း ကလေးမတွေ့ဘူး…"

အခန်းထဲဝင်ကြည့်သော တစ်ယောက်က ပြန် ထွက်လာပြီး ပြောသည်။

"ဘယ်တွေ့မလဲ - ကလေးက လောလောဆယ် မရှိဘူး၊ လမ်းထိပ်လွှတ်ထားတယ်…ပော ပြောရင်း ဆိုရင်း ကလေးပြန်လာပြီ…"

ရှစ်နှစ်သားလေးတစ်ယောက်၊ မဆလာ တစ်ထုပ်

http://www.cherrythitsar.org



ကိုင်ကာ အိမ်ပေါ်တက်လာသည်။ တစ်ထုပ် တစ်ကျပ်တဲ့ ဂုရုကြီးဟု ပြောသည်။

"ကျုပ်မွေးတဲ့ကလေးက အဲဒါလေ၊ စာကလေး သား အလတ်ကောင်ကို ခေါ်မွေးထားတာ၊ တစ်ယောက် တည်းသမားဆိုတော့ ဟိုနား ဒီနား လက်တို လက်တောင်း ခိုင်းဖို့ ကလေးလိုတယ် မဟုတ်လား။ ဂုရုကြီး ကလေး မွေးတယ်ဆိုလို့ ဘာညာလျှောက်ထင်မနေနဲ့…ဒီကလေး ကို မွေးတာ၊ မသဲသဲလှုပ်တို့ရေ၊ ဒီကလေးကိုမွေးတာ… သွတ် သွတ် သွတ်…"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၆၊ ၁၀၊ ၉၊ ၁၉၉၇]

# လာပတ်သော ရှာအမှုများ

"ဘုန်းကြီးအမှု ရှာပတ်" ဟု စကားဆိုရိုးရှိသည်။ ထိုစကားမှာ ယခုအခါ လုံးဝမှန်ကန်မှု မရှိတော့ပေ။ ဘုန်းကြီးဘာသာ ဘုန်းကြီး တရားဓမ္မနှင့် အေးချမ်းစွာနေသည်ကို ရှာအမှုတွေက လာလာပတ်နေကြသည်။ ရှာအမှု ဘုန်းကြီးပတ်ဟု ဆိုရိုးသစ်ထွင်သင့်ပြီ။

"ဆရာတော်နှင့် တွေ့ပါရစေ ဘုရား. . ."

ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ မျက်နှာစိမ်း ဒကာနှစ်ယောက် ရောက်လာသည်။ ဆရာတော်နှင့် တွေ့ခွင့်တောင်းသည်။

"ကျုပ် ဒီကျောင်းက ဆရာတော်ပဲ၊ ဘာကိစ္စရှိလို့လဲ"

"တင်ပါ့. . .တပည့်တော်တို့ ဆွမ်းကပ်ချင်လို့ သံဃာဆယ်ပါး လာပင့်ပါတယ် ဘုရား. . ."

"ရပါတယ်…ဘယ်တော့ ကပ်မှာလဲ၊ ဘယ်ကို ကြွခဲ့ရမှာလဲ…"

"မနက်ဖြန် ကပ်မှာပါဘုရား။ နေ့ဆွမ်းပါ…"

ထိုဒကာနှစ်ယောက်က ပစ္စည်းပစ္စယ ပြည့်ပြည့်စုံစုံ မရှိ၍ ကျောင်းကပစ္စည်းတွေ ငှားသွားသည်။ ဒန်အိုးကြီး သုံးလုံး၊ ဒယ်အိုးကြီး တစ်လုံး၊ ဘုန်းကြီးဆယ်ပါးနှင့် လူပရိသတ်ပါ ကျွေးမွေးရန် ပန်းကန်မျိုးစုံ၊ စားပွဲခင်း၊ လက်သုတ်ပဝါ၊ ဇွန်းကြီး၊ ဇွန်းကလေး၊ သောက်ရေထည့်ရန် မောင်းထောင်ခွက်မှအစ ပစ္စည်းအတော်များများ စာရင်းလုပ်၍ ငှားသွားသည်…။

"ဆွမ်းစားပင့်ထားတာ ဒီအိမ်ပဲ…အလှူလုပ်တယ်သာပြောတယ် လူရှင်းလှချည့်လား…"

ဆရာတော်နှင့်တကွ သံဃာတော်များ ပေးထားခဲ့သော လိပ်စာအတိုင်း ကြွသွားတော့… အလှူအိမ်မှာ လူရှင်းနေသည်။ ဘုန်းကြီးတွေကြွလာသဖြင့် အိမ်ရှင်တွေက ပျာပျာသလဲ နေရာထိုင်ခင်းပေးသည်။

"ဘာကိစ္စပါလဲ ဘုရား…"

"ဒီအိမ်က ဆွမ်းစားပင့်ထားလို့ပါ"

"တပည့်တော်တို့ မပင့်ပါဘူး ဘုရား…"

အကျိုးအကြောင်း ဆုံရှင်းတော့မှ ဘုန်းတော်ကြီး

http://www.cherrythitsar.org



များ အဖြစ်မှန်ကို သိသွားသည်။ သူများအိမ်လိပ်စာပေးကာ ကျောင်းမှ ပစ္စည်းများကို လိမ်ယူသွားခြင်းဖြစ်သည်။

နောက်ဖြစ်စဉ်တစ်ခုမှာ...

အထက်အညာ အလွန်ခေါင်လှသော ရွာကြီးတစ်ရွာတွင် ဘုန်းကြီးကျောင်းဟောင်းကြီး တစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ရှေးဟောင်းရုပ်ပွားတော်များ၊ ရှေးဟောင်းခေါင်းလောင်းများ၊ ရှေးဟောင်းတိုင်ကပ်နာရီကြီးများ၊ ရှေးဟောင်းရုပ်လုံးများ၊ ရှေးဟောင်းရုပ်ကြွများ၊ ရှေးဟောင်းပန်းချီကားများ၊ သမိုင်းအရ အလွန်တန်ဖိုးကြီးသော ရှေးဟောင်းပစ္စည်းမျိုးစုံရှိသည်...

ကျောင်းရှိ ကြောင်အိမ်များ၊ စာအုပ်ဗီရိုများ၊ ကြေးစည်များ၊ မောင်းကြီးများမှအစ ရှေးဟောင်းပစ္စည်းတွေချည်းဖြစ်သည်။ တစ်နေ့တွင် ထိုရွာသို့ အမှတ်မထင်ရောက်သွားသော ဒကာတစ်ယောက်က ကျောင်းကြီးပေါ်သို့ တက်သွားမိသည်။ ဆရာတော်နှင့် စကားစမြည်ပြောနေစဉ် ဓား၊ လှံကိုင်ထားသော ရွာသားတစ်စု ရောက်လာသည်။

“ခင်ဗျားက ဘယ်ကလဲ...ဒီကျောင်းကို ဘာလာလုပ်တာလဲ...”

“ကျွန်တော် (.....)မြို့ကပါ၊ ဘုန်းကြီးကျောင်း

http://www.cherrythitsar.org



နားရောက်လို့ ဝင်ကန်တော့တာပါ။ အထူးကိစ္စမရှိပါဘူး"

ထိုအခါ . . . ရှာသားများက ထိုကျောင်းသို့ လူစိမ်းတစ်စု ရောက်လာဖူးကြောင်း၊ ကျောင်းပေါ်တက်ပြီး ရှေးဟောင်းပစ္စည်းတွေ အတင်းဝယ်ကြကြောင်း၊ ကြိုက်ဈေးပေးမယ်၊ ကြိုက်သလောက်တောင်းပါဟု ဈေးခေါ်ကြောင်း၊ ဆရာတော်က မရောင်းသောအခါ စိတ်ဆိုးမာန်ဆိုးဖြင့် ဆင်းသွားကြကြောင်း။

"နယ်လှည့်ပြီး ရှေးဟောင်းပစ္စည်းတွေကို ဈေးချိုချိုချောင်ချောင်နဲ့ လျှောက်ဝယ်တယ်၊ ဝယ်လို့မရရင်ခိုးတယ်။ ဒါကြောင့် ကျွန်တော်တို့က လာမေးရတာပါ။ စိတ်မရှိပါနဲ့ . . . "ဟု တောင်းပန်သည်။ အလွန်ဝေးခေါင်သော အရပ်မှာ တရားဓမ္မနှင့် အေးအေးနေသည်ကို လိုက်ဒုက္ခပေးနေသူတွေလည်း ရှိသေးသည်။

နောက်ဖြစ်စဉ်တစ်ရပ်ကား . . . အရပ်ရပ်နေပြည်တော်၊ ကြားလို့မှ မတော်၊ အလွန်အရုပ်ဆိုးလှသည်။ အထူးအကျည်းတန်လှသည်။ ဆရာတော်ကြီးတစ်ပါးသည် သင်္ကန်းအစုံနှစ်ရာဝယ်၍ ဝါဆိုလပြည့်နေ့က အခြားကျောင်းများကို ဝါဆိုသင်္ကန်းကပ်လှူသည်။

သင်္ကန်းရသွားသော သံဃာတော်များထံမှ ဟာဟင်၊ ဘယ်လိုလဲ . . . အာမေဋိတ်သံများ ကြားရသည်။

http://www.cherrythitsar.org



သင်္ကန်းအစုံနှစ်ရာလုံး တစ်ထည်မှ အသစ်မဟုတ်၊ သင်္ကန်း အဟောင်းတွေကို လျှော်ဖွပ်ဆေးဆိုး၊ ကော်တင်ပြီး မီးပူ ထိုးထားသည်။ အပေါက်အပြဲတွေ ဖာထေးထားသည်။

အပြင်က ကြည့်လိုက်လျှင် အသစ်ဟုထင်ရ အောင် လှလှပပသေသေသပ်သပ် ထုပ်ပိုးထားသည်။ ပုဂ္ဂလိက သင်္ကန်းဆိုင်များမှ ဝယ်လာခဲ့သော သင်္ကန်းများ ဖြစ်နေသည်။ အကြောင်းစုံကို သိသွားသောအခါ ဆရာ တော်ကြီး စိတ်မချမ်းမသာဖြစ်ရသည်။ နောက်ထပ် အစုံ နှစ်ရာဝယ်ပြီး ထပ်လှူသည်။

လူလူချင်း လိမ်လျှင် ပုဒ်မ ၄၂၀ ဖိုးတွမ်တီး၊ လူထက်မြင့်မြတ်သော နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်များ စောင့်ထိန်းထားသော သံဃာတော်များကို လိမ်ခြင်းအတွက် ၄၂၀ ထက်ပြင်းထန်သည့် ပြစ်ဒဏ်မျိုး ပေးသင့်သည်။

ဘုန်းကြီးအမှု ရွာပတ်စကားအစား ရွာအမှု ဘုန်းကြီးပတ်ဟု အသစ်ပြင်ဆိုရသော် ကောင်းလိမ့်မည်။ ဘုန်းကြီးဘာသာ ဘုန်းကြီး တရားဓမ္မနှင့် အေးအေးနေ သည်ကို ရွာအမှုတွေက လာလာပတ်နေကြသည် မဟုတ် ပါလား။

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၇၊ ၁၇၊ ၉၊ ၁၉၉၇]**

# ဘောက်ချင်ဦးဟာ . . .အကြေး

လက်ဖက်ရည်ဆိုင်ဖွင့်တာ တွက်သားကိုက်သည်။ တစ်နေ့ ဘယ်လောက်မြတ်သည်။ ကိုယ့်အတွက် အသားတင် မည်မျှကျန်သည် စသည်ဖြင့် မစားရ ဝခမန်းသူများပြောတာတွေ ယုံစားပြီး လက်ဖက်ရည်ဆိုင်ဖွင့်လိုက်သည်။

"ဖုန်းကျော်ကြီး တီးဟောက်စ်"

ဆိုင်းဘုတ်တပ်တော့ သူ့နာမည်ဖုန်းကျော်ကိုရှေ့တန်းတင်၍ ဖုန်းကျော်ကြီး တီးဟောက်စ် ဟု တပ်သည်။ ဖုန်းကျော် အသက်က (၃၀)ကျော်ကျော်သာ ရှိသေးသည်။ အပေါင်းအသင်းများသည်။ အပေါင်းအသင်းကို သံယောဇဉ်ကြီးသည်။

"ကောင်းတယ်ဟေ့...တခြားဆိုင်သွားသောက်မယ့်အစား ကိုယ့်အချင်းချင်း မင်းဆိုင်ပဲ တို့အားပေးမယ်"

http://www.cherrythitsar.org



အပေါင်းအသင်းတွေ ဝိုင်းဝန်းအားပေးမှုကြောင့် ဆိုင် ရောင်းအားတက်လာသည်။ ခင်မင်သော အပေါင်း အသင်းချင်းမို့ အကြွေးသောက်လာတာတွေလည်း ရှိလာ သည်။ ရှိတဲ့အခါပေးသည်။ မရှိတဲ့အခါ မှတ်ထား။

"ဟော့ကောင်တွေ ကြွေးဆပ်ကြဦး။ မင်းတို့ စာရင်းတွေက တဖြည်းဖြည်း ရှည်ရှည်လာပြီ..."

"ဆပ်မှာပေါ့ကွာ...မရှိသေးလို့..."

တစ်နေ့တခြား အကြွေးသောက်တာတွေ များ များလာသဖြင့် "အကြွေးဖြင့် အားပေးခြင်းသည်းခံပါ" ဟု စာတန်းရေးကပ်ရသည်။ ကပ်လည်း ကပ်ကပ်ပါပဲ။ လူခင်လူရင်းတွေ ဖြစ်နေတော့ ပိုက်ဆံမပြေလည်လျှင် အကြွေးပဲ လာလာသောက်သည်။ ရှိတော့မှ ပေးကြ သည်။

"အကြွေးသည်းခံပါ...ယနေ့အကြွေးမပေး"

ဖုန်းကျော်ကြီး စာတန်းအသစ်ပြောင်းသွားသည်။ လေသံ နည်းနည်းမာလာသည်။ အပေါင်းအသင်းမှန်သမျှ သူ့လက်ဖက်ရည်ကြွေးနှင့် ကင်းသူမရှိကြတော့။ ကြွေး နည်းတာနှင့် ကြွေးများတာ ဒါပဲကွာသည်။

"အဆင်ပြေရဲ့လား...ဖုန်းကျော်ကြီး..."

သူ့ဆိုင်ကို ငွေလက်ငင်းပေးပြီး နေ့စဉ်အားပေး

နေသော ဂုရုကွေးက မေးသည်။ ဖုန်းကျော်ကြီးမျက်နှာ သံပုရာသီး စားမိသော မယ်ကုဝဏ် မျက်နှာလို ရှုံ့မဲ့သွားသည်။

"ဂုရုကြီးလို ဖွတ်ကလိဒင်္ဂါး လက်ငင်းပေးသောက်ကြမယ်ဆိုရင် ဟန်ပါတယ်။ ခုတော့ . . .မသိတဲ့လူ၊ မရင်းလူက လက်ငင်းပေးသောက်တယ်။ သိတဲ့လူ၊ ရင်းတဲ့လူက အကြွေးသောက်တယ်။ အကြွေးနှိပ်စက်နေတော့ ကျန်သင့်သလောက် မကျန်ဘူး ဂုရုကြီး။ စားစရိတ်ကျေဖို့တောင် အနိုင်နိုင်ဖြစ်နေတယ်. . ."

ဒါကြောင့် သူ့ဆိုင်နံရံမှာ စာတန်းတွေ ရေးကပ်ထားတာကိုး. . .။ သုံးရက်အကြာတွင် စာတန်းတွေ အသစ်တစ်မျိုး ပြောင်းသွားပြန်သည်။

"ကြွေးယူပြုံးပြုံး၊ တောင်းရင်မုန်း
မဆုံးသော်လည်း မိတ်ပျက်သည်"

ဟိုက်. . .ရှာလပတ်ရည်၊ ဖုန်းကျော်ကြီးစာတန်းက ကာရန်လေးတွေနှင့် ဖြစ်လာပါလား. . . ဘာပဲရေးထား ရေးထား အပေါင်းအသင်းတွေက အလေးမထားကြပေ။ ရှိရင်ပေးသောက်သည်။ မရှိရင် အကြွေးသောက်သည်။ ဖုန်းကျော်ကြီး တီးဟောက်စ်၏ ကြွေးစာရင်းစာအုပ်ကြီးမှာ အမြဲရေးခြစ်မှတ်သားနေရ၏။

http://www.cherrythitsar.org



"ခက်တယ် ဂုရုကြီး··· ကျွန်တော်က အရင်းအနှီး သိပ်ရှိတာမဟုတ်ဘူး။ ရောင်းရတာလေးနဲ့ ပြန်ဝယ် ပြန်ရင်းနေရတာ။ စားပွဲထိုးကောင်လေး လေးယောက်ရယ်၊ ဖျော်သမားရယ်၊ မုန့်ဆရာရယ်ကို နေ့စဉ်ထမင်းကျွေးနေရတာ···နည်းတဲ့စရိတ်မှ မဟုတ်ဘဲ၊ စာတန်းပြောင်းဦးမှ ပါပဲ···"

နောက်နေ့တွင် စာတန်းအသစ် ပြောင်းသွား သည်။

"ယနေ့ ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်"

ဖုန်းကျော်ကြီးမှာ အခက်အခဲဖြစ်နေကြောင်း ထို စာတန်းအရ သိသာသည်။ အကြွေးသောက်သော အပေါင်းအသင်းတွေက ရှိမြဲ။ သို့သော် အတော်များများ က တတ်နိုင်သလောက် လက်ငင်းပေးသောက်ကြသည်။

ဂုရုကွေးက ဖုန်းကျော်ကြီးဆိုင်မှာ မနက်တိုင်း လက်ဖက်ရည်သောက်နေကျ။ ဒီမနက်တော့ (၁၃)ရပ် ကွက်မှ အလှူတစ်ခုက ဖိတ်ထားသဖြင့် အလှူကို အရင်သွားသည်။ အလှူက မုန့်ဟင်းခါးစားပြီးမှ ဖုန်းကျော် ကြီးဆိုင်မှာ လက်ဖက်ရည်သောက်မည်။

"ဟကောင်·· ပျာယီးပျာယာနဲ့ ဘယ်လိုဖြစ်နေ တာလဲ"

http://www.cherrythitsar.org

### ၁၂၁

ဖုန်းကျော်ကြီးဆိုင်မှာ အကြွေးသောက်နေကျ လူငယ်တစ်ယောက် ဆိုင်ဘက်သို့ ပျာယီးပျာယာ သွားတာနှင့် ကြုံသည်။

"သူ့ကြွေးက တစ်ရာကျော်နေပြီ၊ ဒီနေ့ဖြစ်တဲ့နည်းနဲ့ ငါးဆယ်ဆပ်မလို့ ပိုက်ဆံသွားချေးလာတာ၊ စာတန်းပြောင်းသွားပြီ ဂုရုကြီး မဆပ်လို့ မဖြစ်တော့ဘူး"

ဟိုက်...ရှာလပတ်ရည် "စာတန်းပြောင်းသွားလို့ အကြွေးသွားဆပ်မယ်တဲ့။ ဘယ်လိုပြောင်းသွားပါလိမ့်။ ဂုရုကွေး အလှူအိမ်မှာ ကြာကြာ မထိုင်နိုင်။ စားပြီးသည်နှင့် လက်ဖက်ရည်ဆိုင်သို့ အမြန်လာခဲ့ရသည်။

ဆိုင်နံရံမှာ စာလုံးအကြီးကြီးရေးပြီး ကပ်ထားသော စာတန်းကိုမြင်တော့ ဂုရုကွေး ဟိုက်...ရှာလပတ်ရည် မအော်နိုင်၊ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ယနေ့ ရောင်းရငွေသည် ညနေဆန်ဝယ်ရန် ဖြစ်သည်..."

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၈၊ ၂၄၊ ၉၊ ၁၉၉၇]**

# လုပ်ခြားတက်တယ်နော်

အခြောက်လောကတွင် ပိုနီတေးလ်ကေးနှင့် အခြောက်၊ ဘော့ပ်ဟဲယားကေနှင့်အခြောက်၊ ဒိုင်ယာနာကေ နှင့်အခြောက် စသည်ဖြင့် ဆံပင်ပုံစံလှလှလေးတွေနှင့် အခြောက်တွေချည့် ရှိကြရာတွင် မာမီကြာဆိုသော အခြောက်ကြီး တစ်ယောက်မှာ ထူးထူးခြားခြား။

ဟိုက် - ရှာလပတ်ရှည်…ဒီအခြောက်ကြီးက ရှေ့တစ်လက်မ နောက်ပြောင် ခေါင်းတုံးဆံတောက်နဲ့ပါ လား။ အခြောက်လောကမှာ ထူးခြားရှားပါးတဲ့ အံ့ဖွယ် ငခြောက်ကြီးပေပဲ…။

တွေ့သမျှလူအပေါင်းက မာမီကြာကို ဟားကြ သည်…ဟားကြစမ်းပါစေ။ မာမီကြာကတော့ လားလား မှ မဖြုံ…ပိစိလေးမှ မတုန်… ငါးမျက်ဆံနီအပြုံးလေး ပြုံးပြီး…

http://www.cherrythitsar.org



"သမျှားတို့က မော်ဒန်လွန် အခြောက်လေ၊ ဒါ ကြောင့် ခေါင်းတုံးဆံတောက်ထားတာ••• ပန်းပန်စရာ မလိုဘူး•••ဆီထည့်စရာ မလိုဘူး•••စီးပွားရေးအရ ဘယ်လောက် တွက်သားကိုက်သလဲ၊ သက်သာသလဲ"

မာမီကြာက စီးပွားရေး မျက်စိရှိသည်။ တစ်နည်း မဟုတ် တစ်နည်းဖြင့် လုပ်စားတတ်သည်။ ဒီပြင် အခြောက်တွေက စကားပြောရင် သူမျှားကလေ••• သူမျှားကဟု ပြောတတ်သည်။ မာမီကြာက သူတို့နှင့် လိုင်းကွဲအောင် (သမျှား)ကဟု နှစ်ချောင်းငင်ဖြုတ်ပြီး ပြောသည်။ ဆံပင်ပုံစံလိုင်းကွဲ၊ အပြောပုံစံလိုင်းကွဲသော် လည်း၊ အလုပ်ပုံစံကား လိုင်းမကွဲပေ•••။

"ကဲ•••ဒီက ကိုကိုတို့•••မောင်မောင်တို့••• ဒီကောင်မလေးလာပြီ•••ဆတ်ကော့၊ လတ်ကော့၊ ဒတ်ကော့မလေးလာပြီလေ ရှောက်သီးဆေးပြား တစ်ထုပ် ဝယ်ရင်၊ သီချင်းတစ်ပုဒ်ဆိုပြတယ်•••နှစ်ထုပ်ဝယ်ရင် အဆိုတင်မက၊ အကပါ ကပြတယ်•••"

အခြောက်ကြီး ဟားဟား အမောက်ကြီးခွေးစား သည့် ရှောက်သီးဆေးပြား စီးပွားရေးမှာ အစပိုင်းတော့ အတော် ဟန်သည်။ တစ်နေ့ ကံဆိုးချင်တော့ ရှောက်သီး ဆေးပြား လျှောက်ရောင်းနေစဉ် ဂုရုကွေးဆိုသော အဘိုး

http://www.cherrythitsar.org



ကြီးတစ်ယောက်နှင့် ဆုံမိသည်။

"ဒီကောင်မလေး လာပြီလေ. . ."

ဟု ဟစ်လိုက်ရုံရှိသေး၊ အဘိုးကြီးက ပါလာသော တုတ်ကောက်ကို မြှောက်၍. . .

"တောက်. . .အသက်ပဲ ငါ့လောက်ရှိနေပြီ၊ ငါ့လို ခေါင်းတုံးဆံတောက်နဲ့ကောင်က ဒီကောင်မလေးတဲ့ နင်လား ဒီကောင်မလေး. . . ဟစ်ခြင်းဟစ်၊ ဒီကောင်မကြီးလို့ ဟစ်ရမှာ။ အရှက်နည်းတဲ့ကောင်၊ သေပေတော့"

တုတ်ကောက်နှင့် လိုက်ရိုက်သဖြင့် မာမီကြာတို့ ပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောသွားသည်။ ဂုရကွေး ဆိုသော အဘိုးကြီးက တွေ့တိုင်း လိုက်လိုက်ရိုက်နေ သဖြင့် ရှောက်သီးဆေးပြားဆက်မရောင်းရဲတော့. . .

"ထူးလဲထူးတယ် မြူးလဲမြူးတယ် ... တို့ကိုကြီး ကျော်"

မာမီကြာတို့က လုပ်စားတတ်သည်။ ရှောက်သီး ဆေးပြား မရောင်းရလည်း အကြောင်းမဟုတ်။ သစ်သား ကို ဆေးခြယ်ထားသော အရုပ်တွေကို အဟုတ်ကြီးမှတ် ပြီး ကိုးကွယ်နေသော နတ်ရူးတွေရှိနေသမျှ။ မာမီကြာတို့ မပူပေါင်။ ကနားစီးအခြောက်တစ်ယောက်နှင့် ပေါင်း၍ နတ်လျှောက်ကာသည်။

ရှောက်သီးဆေးပြားသည် မာမီကြာက နေ့ချင်း ညချင်း နတ်ကတော် မာမီကြာ ဖြစ်သွားသည်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ရမည့် အစား ဘာမဟုတ်သည့် နတ်မိစ္ဆာတွေကို ဆည်းကပ်နေကြသည့် လူတွေကလည်း ရှိသေးတော့၊ မာမီကြာတို့ စားလမ်းဖြောင့်နေသည်။

"ဖေကျော်လာရင် အရက်ပုလင်းပေး…"

တစ်နေ့ ကနားပွဲတစ်ခုတွင် မာမီကြာ ဦးမင်းကျော် ဝင်နေစဉ် ဂုရုကွေးဆိုသော အဘိုးကြီး နတ်ပွဲသို့ ရောက်လာသည်။ အဘိုးကြီးက ဂီတရူး၊ ဇာတ်ရူး ဖြစ်၍ ဆိုင်းသံကြားရာသို့ ရောက်လာတတ်သည်။

"ဖေကျော်လာရင် အရက်ပုလင်းပေး"

"ဟိုက် • • •ရှာလပတ်ရည်၊ ဖေကျော်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်…လက်စသတ်တော့ ရှောက်သီးဆေးပြား အခြောက်ကြီးပါလား။ ဦးမင်းကျော်က နတ်ထီးဟ၊ နတ်ထီးကို အခြောက်ဝင်ကနေတော့ ဦးမင်းကျော်ပါ နတ်ခြောက်ဖြစ်သွားပြီ သွတ် • • •သွတ် • • သွတ်"

မာမီကြာက ဖေကျော်လာရင် အရက်ပုလင်း ပေးဟု ဆိုတိုင်း၊ ဂုရုကွေးက ဖေကျော်လာရင် အင်ဒရင်း

http://www.cherrythitsar.org



ပေးဟု လိုက်လိုက်ဆိုသည်။ အင်ဒရင်းမှာ ပိုးသတ်ဆေး ဖြစ်သည်။ မာမီကြာကလေးရာ နတ်ပွဲတိုင်းသို့ ဂုရကွေး ရောက်ရောက်လာပြီး ဖေကျော်လာရင် အင်ဒရင်းပေးဟု ဆိုနေသဖြင့် မာမီကြာ ဖြောင့်ဖြောင့်မကာရတော့၊ ကနား စီးအခြောက်က မာမီကြာရယ် တခြားကနားပြောင်းပါ တော့ဆိုပြီး အလုပ်ဖြုတ်ပစ်လိုက်သည်။

"မာမီကြာဆိုတဲ့ ကောင်မကြီး…နင် အခု ငတ် နေပြီ မဟုတ်လား… "

တစ်နေ့ သွားရင်လာရင်း ဂုရကွေးနှင့်ဆုံမိစဉ်က အဘိုးကြီးက ပြောသည်။

"ညှင်း…ညှင်း…သများတို့က မငတ်သေး မငတ်သေး လုပ်စားတတ်တယ်တော့…လုပ်စားတတ် တယ်"

"အခု ဘာလုပ်စားနေလို့လဲ…"

မာမီကြာ၏အဖြေကို ကြားရသောအခါ ဂုရကွေး ဟိုက်…ရှာလပတ်ရည် မအော်နိုင်ဘဲ ပါးစပ်အဟောင်း သား ဖြစ်သွားသည်။

"သဂျီးကြီးနဲ့ အဘိုးကြီး သိထားဖို့က မာမီကြာ မော်ဒယ်လ်သင်တန်း ဖွင့်ထားတယ်လေ…"

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၉၊ ၁၊ ၁၀၊ ၁၉၉၇]**

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



# မရိုက်ဘူး . . . ရိုက်တယ်

အံ့တော့ အံ့စရာကောင်းတယ်...

ငယ်ငယ်ရွယ်ရွယ်၊ ချောချောလှလှ၊ ကြော်ငြာ သရုပ်ဆောင်လေးတွေ အမျိုးသားရော၊ အမျိုးသမီးပါ အများကြီးရှိသည်။ ရုပ်ရှင်သရုပ်ဆောင်၊ ဗီဒီယိုသရုပ်ဆောင် တွေလည်း ကြော်ငြာရိုက်သည်။

ဒါတွေ...ဒါတွေကို ကျော်ပြီး ရေ့ဝတစ်လက်မ၊ နောက်ပြောင်၊ ခေါင်းတုံးဆံတောက်နှင့် အသက်သုံးထောင် အဘိုးကြီးထံ သူတို့ရောက်လာသည်။ အဘိုးကြီးခမျာ ဇရာသကောင့်သား နှိပ်စက်ထားသဖြင့် ခေါင်းမှာ မှန့်ဟင်း ခါးမျှင်တွေကပ်နေသည်။ တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေ သည်။ သွားတစ်ချောင်းမျှ အကောင်းမရှိတော့။ အံသွား တွေ ကျိုးလိုက် ရေ့သွားတွေ ကျိုးလိုက်ဖြင့် သွားပေါက်

http://www.cherrythitsar.org



တောက်ကန်းနေသည်။

"ဘာကိစ္စများပါလိမ့် မောင်ရင်တို့..."

"ကျွန်တော်တို့ ဂုရုကွေးနဲ့ ကြော်ငြာရိုက်ချင်လို့ပါ..."

ဟိုက်...ရှာလပတ်ရည်...ကြော်ငြာရိုက်ချင်လို့တဲ့။ ကြော်ငြာရိုက်နေတဲ့ ငယ်ငယ်ရွယ်ရွယ်တွေ၊ အများကြီးရှိပါလျက် သူတို့မှ ပေါက်ပေါက်ရှာရှာ တစ်ခေါင်းလုံးဖွေးနေတဲ့ အဘိုးကြီးထံရောက်လာသည်။

"လူငယ်တွေနဲ့ ရိုက်ကြပါ။ အဘိုးကြီးနဲ့ ရိုက်လို့ဘာအကျိုးရှိမှာလဲ..."

ဂုရုကွေးက ငြင်းသည်။ သူတို့က မလျှော့...

"ဒီလိုပါခင်ဗျာ။ ဂုရုကြီးမှာ ပရိသတ်တွေ အများကြီးရှိတယ်။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန်ကလေးကအစ လူကြီးအဆုံး ဘုန်းတော်ကြီးနဲ့ သီလရှင်အထိ ဂုရုကြီး ပရိသတ်ချည့်ပဲ။ ဒါကြောင့် ဂုရုကြီးကိုကြော်ငြာရိုက်မှာပါ..."

"ထားပါတော့...ထားပါတော့...ကြော်ငြာကဘာကြော်ငြာလဲ..."

"စီးကရက်ကြော်ငြာပါ...။ ကျွန်တော်တို့ စိုနိုပိုပို့လေး ကန်တော့ပါ့မယ်"

"စီးကရက်ကြော်ငြာဆိုရင်တော့ အခါတစ်သိန်း ဆောရီးပဲ။ စိုစိုပိုပိုမကလို့ ရွှေပုံပေးတောင် မရိုက်ဘူး.. ကျုပ်က ဖွတ်ကလိဒင်္ဂါး မျက်နှာမကြည့်ဘူး...။ ပရိသတ် နောင်ရေးပဲ ကြည့်တယ်...။ ကျုပ်ပရိသတ်ကို စီးကရက် ကျွန်ဖြစ်အောင် မလုပ်နိုင်ဘူး။ ပြန်ပေတော့ မစဉ်းစားနဲ့ ကျောင်း...ဂျာလတီး ကျောင်း..."

သူတို့အပြန်တွင် (တော်တော်ကြီးကျယ်တဲ့ အဘိုးကြီး။ ဒါကြောင့် မကြီးပွားတာ) ဟု ခပ်ကျယ်ကျယ် ပြောသွားသည်။ သူတို့ပြန်သွားပြီး (၃)ရက်အကြာတွင် နောက်တစ်သုတ် ရောက်လာပြန်သည်။

"ဆို ... သူငယ်တို့.. ဘာကိစ္စ..."

"ဂုရုကြီးနဲ့ ကြော်ငြာရိုက်ချင်လို့ပါ"

"ဟိုက်...ရှာလပတ်ရှည်..လာပြန်ပြီ ကြော်ငြာ မောင်ရင်တို့ ကြော်ငြာက ဘာကြော်ငြာလဲ..."

"အရက်ကြော်ငြာပါ။ သရုပ်ဆောင်ခ တစ်သောင်း ကန်တော့ပါ့မယ်..."

"ဟား...ဟား... တစ်သောင်းဟုတ်လား..။ သိန်းပေါင်းတစ်သိန်းပေးတောင် အရက်ကြော်ငြာ မရိုက် ဘူး...။ ကျုပ်ပရိသတ်တွေ သုရာမေရယကံကျိုးပေါက် အောင် မလုပ်ဘူး . . .။ အရက်သမားတွေဖြစ်အောင်

http://www.cherrythitsar.org



သွေးမဆောင်ဘူး···။ သဘောပေါက်···။ ကျုပ်ခွေးတွေ မိလ္လာလမ်းက ပြန်ရောက်မလာခင် မောင်ရင်တို့ ကြွကြွ ပေတော့··· ခွေးကိုက်ခံရရင် တာဝန်မယူဘူး···"

သူတို့ပြန်အသွားတွင် (ဒီအဘိုးကြီး ငတ်နေတာ ဘာမှမဆန်းဘူး၊ ကြီးကြီးကျယ်ကျယ်တွေပြောပြီး၊ ရှေ့လျှောက်လည်း ငတ်ဦးမှာပဲ) ဟု ခပ်ကျယ်ကျယ်ပြောသွားသည်။

ဂုရုကွေးက စီးကရက်ကြော်ငြာနှင့် အရက်ကြော်ငြာများကို ပြတ်ပြတ်သားသား ငြင်းလိုက်သော သတင်းမှာ ကြော်ငြာလောကတွင် အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ အနည်းစုက ချီးမွမ်းသည်။ အများစုက အိမ်လာပြီး ဖွတ်ကလီဒင်္ဂါးပေးတာကို ငြင်းလိုက်တဲ့ ကြီးမိုက်ကြီးဟု ကဲ့ရဲ့သည်။ ချီးမွမ်းချင် ချီးမွမ်း၊ ကဲ့ရဲ့ချင် ကဲ့ရဲ့ ဂုရုကွေးက လုံးဝ(လုံးဝ) ဂရုမစိုက်ပေ။

ရုပ် ဤရုပ် ရေမြှုပ်သဏ္ဍာန်
အနစ္စပဲ၊ မလွဲအမှန်
မကင်းဘဲမို့ ဆင်းရဲပူပန်
အနတ္တ မှတ်ကြဝေကာ။

ဤသံဝေဂ ရှစ်လုံးဘွဲ့ကို အေးအေးငြိမ့်ငြိမ့်ဆိုကာ ယပ်တောင်ကလေးကို ထောင်ထောင်ပြနေတာ ဘယ်သူ

http://www.cherrythitsar.org



များလဲမှတ်တယ်။ လက်စသတ်တော့ အသက်သုံးထောင် ဂုရုကြွေးကြီးပါလား။ ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။

"ဂုရုကြီး မပျော်တော့ဘူးထင်တယ်..."

"ဘာမပျော်တော့တာလဲ..."

"စီးကရက်နဲ့ အရက်ကြော်ငြာကို ငြင်းပြီး ဘယ်နှယ် ယပ်တောင်ကြော်ငြာသွားရိုက်ရတာလဲ...။ သရုပ်ဆောင်ခ ဘယ်လောက်ယူလိုက်သလဲ..."

"တစ်ပြားမှ မယူဘူး...စေတီအဖြစ် ယပ်တောင်လေးတစ်ချောင်းပဲ ယူလိုက်တယ်။ ဒီယပ်တောင်ကို ပေါ့ပေါ့မမှတ်နဲ့...ရိုးရိုးအသုဘမှာ ကမ်းမယ့် ယပ်တောင်မဟုတ်ဘူး..."

"ဘယ်လိုအသုဘကျမှ ကမ်းမှာမို့လို့လဲ၊ အသုဘမှာ ရှယ် အသုဘရှိသလား..."

"ရှိတာပေါ့...သိပ်ရှိ ..."

ဂုရုကြွေး၏အဖြေကို ကြားရသောအခါ အားလုံး ပိုက်...ရှာလပတ်ရည် အော်ကုန်ကြသည်။

"စီးကရက်သောက်လို့ အဆုတ်ကင်ဆာနဲ့ သေတဲ့ မသာနဲ့ အရက်သောက်လို့ အသည်းခြောက်သေတဲ့ အသုဘမှာ ကမ်းမယ့် ယပ်တောင်ကွ"

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၀၊ ၇၊ ၁၀၊ ၁၉၉၇]**

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org

# အလှူယ်ဆုံးငွေရနည်း

ဒင်္ဂါး ဒင်္ဂါး၊ ယင်းစကားမတော့ ဘင်္ဂလားအခေါ် ဟု ရေးကဗျာတွေမှာ စာချိုးခဲ့ရသော ဖွတ်ကလိဒင်္ဂါး။ ခု ခေတ်တွင် ခုကာလ၊ ငွေစတဲ့ရေ့ဆောင်မွဲရင်ဖြင့် လူ့ဘောင်မှာ ချွေးတောင်မှမလေး" ဟု အချုပ်တန်းဆရာဖေ တို့ခေတ်က စာဖွဲ့ခဲ့ရသော ဖွတ်ကလိဒင်္ဂါး။

သဝေထိုး ငဝဆွဲငွေ၊ ဆွေမျိုး ခယမလွဲပေ… ဟု ဒီဘက်ခေတ်တွင် သီချင်းရေးခဲ့ရသော ဖွတ်ကလိဒင်္ဂါး လူမှန်သမျှ ထိုဒင်္ဂါးအတွက် ပြေးလွှားလှုပ်ရှားနေရသည်။ နေထွက်မှ နေဝင် အလုပ်မျိုးစုံ လုပ်၍ ရှာဖွေနေရသည်။

"ဂုရုကြီးရေ ငွေတွင်းများ တယ်နက်ပါလားဗျာ"

လက်သမားနောက်လိုက်လုပ်လိုက်၊ ပန်းရံအကူ လုပ်လိုက်၊ ကြုံရာကျပန်းတွေ လျှောက်လုပ်နေရသော ဟာကြူလီငပျော့က ပြောလာသည်။

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



"သိပ်မနက်ပါဘူးကွာ···ရေတွင်းနှစ်ပြန်လောက်ပဲ နက်ပါတယ်··· နက်ပေမယ့် တူးရခွရမှာပဲမဟုတ်လား။ ဒါမှရေရမယ်လေ···ရေရမှ ဝယ်ရခြမ်းရ ချက်ရပြုတ်ရမယ်···"

ဂုရုကွေးဆိုသော အသက်သုံးထောင် အဘိုးကြီးရော၊ ဘာသားနဲ့ထုထားလို့ ခံနိုင်မည်နည်း။ ဖွတ်ကလိဒင်္ဂါးရရှိရေးအတွက် တောင်တောင်တွေ၊ အီအီတွေ၊ ကြာကြာတွေ၊ ကွေးကွေးတွေ မနားတမ်း ရေးနေရသည် မဟုတ်ပါလော။ ဟိုမဂ္ဂဇင်းမှာလည်းပါ။ ဒီစာစောင်မှာလည်းပါ။ အဲဟို···ဂျာနယ်မှာလည်း အပတ်စဉ်ပါ။ ပေါကြီးလုပ်နေရသည် မဟုတ်ပါလော···

"မရေးမသား၊ မပြေးမလွှားရဘဲ၊ လွယ်လွယ်နဲ့ ဖွတ်ကလိဒင်္ဂါးရအောင် ကြံရမယ်···"

ညှပ်ပြီးစ ရေ့ဝှာစ်လက်မ၊ နောက်ပြောင်ခေါင်းတုံးဆံတောက် အသစ်ကျပ်ချွတ်ကလေးကို နောက်စိပွတ်ပြီး စဉ်းစားလိုက်တော့၊ ဟိုက် - ရှာလပတ်ရည်၊ ကြာကြာမစဉ်းစားရ၊ ဆယ့်ငါးမိနစ်အတွင်း၊ အကြံက ပွှတ်ခနဲ ရလာသည်။

"ဟုတ်ပြီ···ဒီအတိုင်း လုပ်ရမယ်"

ဂုရုကွေး ပင်တိုင်ရေးနေသော မဂ္ဂဇင်းများ၊

http://www.cherrythitsar.org



ဂျာနယ်များ၊ စာစောင်များတွင် ဤကြော်ငြာတိုကလေး ပါလာသည်။

## အလွယ်ဆုံး . . . ငွေရနည်း

"အလိုရှိပါက ဘာယာပူဇော်ခငွေတစ်ရာ ပို့လိုက်ပါ။ တစ်ရာထက်မက တန်နေကြောင်း သင်သိရမည်။"

ငွေပို့ရမည့် လိပ်စာအဖြစ် တောင်ဥက္ကလာပရှိ ဂုရုကွေး၏ အိမ်လိပ်စာကို ပေးထားသည်။ သိပ်မကြာချေ အနယ်နယ်အရပ်ရပ်မှ ငွေရနည်းတောင်းသော စာတွေ ရောက်လာသည်။ ငွေပို့လွှာဖြင့် ငွေတစ်ရာစီလည်း ရောက်လာသည်။

"ဘယ်လဲ ဂုရုကြီး"

"စာတိုက်သွားမယ်လေ၊ နယ်ကမှာတဲ့စာတွေအတွက် အကြောင်းပြန်ရမှာ . . ."

ဂုရုကွေး လက်ထဲမှာ စာအိတ်တွေ တစ်ထပ်ကြီး ကိုင်ထားသည်။ ထိုစာအိတ်တွေ သွားထည့်ရင်း နောက်ထပ်ရောက်လာသော ငွေများကို ပြန်ထုတ်လာခဲ့ရမည်။ နောက်နေ့လည်း ထိုနည်း . . နောက်တစ်နေ့လည်း ထို့တူ . . . နောက်တစ်နေ့လည်း ထိုအတိုင်း . . . စာတိုက်ပိတ်ရက်တွင်သာ ဂုရုကွေး နားသည်။ ဖွင့်သောရက်တိုင်း စာတိုက်သွားရသည်။

"ဂုရုကြီး . . .ကျွန်တော်အပ်ထားတဲ့ စာမူပြီးပြီလား။ ကွန်ပျူတာရိုက်ရတော့မယ် . . ."

"ဘယ်ကစာမူလဲ . . .၊ ဘယ်ကကွန်ပျူတာလဲ မသိဘူး . . ."

"ကျွန်တော်တို့ မဂ္ဂဇင်းအတွက် စာမူလေ"

"ဩ . . .မင်းတို့ မဂ္ဂဇင်းအတွက်လား။ ဒီအလုပ်တွေ ငါမလုပ်တော့ဘူး။ အဲဒါအရင်တုန်းက ရူးတုန်း မိုက်တုန်းက လုပ်ခဲ့တဲ့ အလုပ်၊ အခု ငါမရူးတော့ဘူး၊ မမိုက်တော့ဘူး။ လိမ္မာသွားပြီ၊ တတ်သွားပြီ . . ."

မဂ္ဂဇင်း အယ်ဒီတာက သေနာကြီးဟု မကြားတကြား ဆဲသွားသည်။ ဆဲစမ်းပါစေလေ တောင်းတစ်လုံးပြည့်အောင် ဆဲမလား။ တိုင်ကီတစ်လုံးပြည့်အောင် ဆဲမလား၊ ကြိုက်သလောက်ဆဲ၊ ကြိုက်သလိုဆဲ၊ အရေးကြီးတာက ဖွတ်ကလိဒင်္ဂါးရဖို့ပဲ မဟုတ်လား . . .

ဒင်္ဂါး၊ ဒင်္ဂါး ယင်းစကားမတော့၊ ဘင်္ဂလားအခေါ်ဆိုတဲ့ ခွေးမသားဒင်္ဂါး၊ ဝက်မသားဒင်္ဂါး၊ ရှားပါးတုန်းကလည်း ရှားပါးလိုက်တာ၊ ပေါချင်တော့လည်း အလွန်အကျွံ၊ ထိန်းမနိုင်သိမ်းမနိုင်အောင် ပေါနေသည်။

စာတိုက်သို့ သွားလိုက်တာနှင့် နည်းတာနှင့် များတာ၊ ဒါပဲကွာမည်။ ဖွတ်ကလိဒင်္ဂါးက ရနေမြဲ၊ ထုတ်

http://www.cherrythitsar.org



နေရမြဲ၊ ငွေပြတ်သော ဂုရုကွေးမှ ငွေရှင်သော ဂုရုကွေး ဖြစ်လာသည်။ အိတ်ထဲတွင် အရင်က ဆယ်တန်နှင့် နှစ်ဆယ်တန်တောင် မှန်မှန်မထည့်နိုင်။ ခုတော့ ငါးရာတန်နှင့် ရာတန်ချည့် အထပ်လိုက် ထည့်နိုင်လာသည်။

"အလွယ်ဆုံး ငွေရနည်းလိုချင်တယ်ဗျာ...ဂုရုကြီးကို ဉာဏ်ပူဇော်ခ တစ်ရာပေးဖို့ မရှိဘူးဖြစ်နေတယ်"

"မင်းနဲ့ငါ ငွေစကားပြောရမယ့်လူတွေလား..ငပျော့၊ ရော့.. ငွေရနည်းလမ်းညွှန်စာအိတ်ယူသွား၊ တစ်ပြားမှ မပေးနဲ့ မေတ္တာနဲ့ အလကားပေးလိုက်တာ။ အိမ်ကျမှ ဖောက်ကြည့်..."

ဟာကြွလီငပျော့ အိမ်ရောက်သည်အထိ မအောင့်နိုင်။ ဂုရုကွေး၏ အလွယ်ဆုံးငွေရနည်းကို သိလိုသဖြင့် လမ်းတွင်ပင် စာအိတ်ဖောက်သည်။ ညွှန်ကြားသောနည်းကို ဖတ်ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

**အလွယ်ဆုံး ငွေရနည်း...**

"အခု ကျုပ်လုပ်သလို လုပ်ပါ၊ ငွေတွေရောက်လာ၊ ရလာပါလိမ့်မည်။

သွတ်...သွတ်...သွတ်..."

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၁၊ ၁၅၊ ၁၀၊ ၁၉၉၇]

# မင်းတို့လိုပဲ လျှောက်တတ်တယ်

ဂုရုကွေးတွင် တပည့်တွေအများကြီးရှိသည်။ ခနဖြူမှာ စာပေဝါသနာရှင်များအသင်း၊ ကဗျာဆရာအသင်း လုပ်ခဲ့တုန်းက တပည့်တွေ၊ တောင်ဥက္ကလာရောက်မှ နောက်ထပ်သိရသော တပည့်တွေ၊ တပည့်တွေ လက်ချိုးရေလို့ မရနိုင်အောင် အများကြီးရှိသည်။

ထိုတပည့်များသည် စီးပွားရေးလောက အသီးသီးတွင် သူတို့နည်းသူတို့ဟန်ဖြင့် ကြီးပွားကောင်းစားနေကြသည်။ သူတို့၏ဆရာဖြစ်ခဲ့သော ဂုရုကွေးတစ်ယောက်သာ စာပေနယ်တွင် မကြီးပွား၊ မကောင်းစားဘဲ ထမင်းနပ်မှန်စားရရုံဖြင့် ကျင်လည်ကျန်ရစ်ခဲ့သည်။

"ဂုရုကြီးကတော့ စာပေနယ်မှာ နေမြဲပဲနော်…ကျွန်တော်တို့ငယ်ငယ် စာရူးပေရူးဘဝကတည်းက ခုအထိဆိုတော့ နှစ်ပေါင်း ဘယ်နည်းတော့မလဲ"

http://www.cherrythitsar.org



"တိတိကျကျပြောရရင် လေးဆယ့်နှစ်နှစ်တိတိ ရှိပါပြီ။ ငါကတောက နေမြဲ ရေးမြဲ စာမူလိုက်ပို့ရမြဲ။ စာမူခ ကြွေးတောင်းရမြဲ၊ ထုတ်ဝေသူနဲ့ မကြာမကြာ စကားများ ရမြဲ…ယမန်နှစ်တွေက အတိုင်းပါပဲကွာ သွတ်…သွတ် သွတ်…သွတ်"

တစ်နေ့တွင် ကြည့်မြင်တိုင်၌ ကြီးပွားနေသော တပည့်တစ်ယောက်က စူပါရုဖ်ဖြင့် လာပင့်သဖြင့် ဂုရကွေး လိုက်သွားသည်။ သူ့တိုက်က လူနေအိမ်တစ်ဝက်၊ အလုပ်ရုံတစ်ဝက် ဖြစ်သည်။ အောက်ထပ်တွင် အိတ်တွေ အများကြီး စီထပ်ထားသည်ကို မြင်ရသည်။

"ဘာအိတ်တွေလဲကွ…များလှချည့်လား…"

"ဆန်အိတ်တွေ ဂုရုကြီး၊ တက်စျေးစောင့်ပြီး လှောင်ထားတာ…"

"ဟိုက်…ရှာလပတ်ရှည် မင်းက ဆန်ငလှောင် ကြီးပေါ့…"

သိပ်မကြာခင် ပုဇွန်တောင်ဘက်တွင် ချမ်းသာ နေသော တပည့်တစ်ယောက်က ပါဂျဲရိုးကားဖြင့် လာပင့် ပြန်သည်။ သူ့တိုက်တွင် ပီပါတွေ အများကြီးတွေ့ရသည်။ ဂဟေပိတ်ထားသော သံပုံးတွေလည်း အများကြီးတွေ့ရ သည်။

http://www.cherrythitsar.org



"မင်းကရော…ဘာလျှောင်တာလဲ"

"ဆီလျှောင်တာ ဂုရုကြီး…ပဲဆီတစ်မျိုးတည်း သန့်သန့်လေး လျှောင်ထားတာ၊ တက်ဈေးမိမှ ပြန်ရောင်း မယ်"

"ဟိုက်…ရှာလပတ်ရည် မင်းကတော့ ဆီ လျှောင်ကြီးပဲ…"

အဲဒီနောက် သိပ်မကြာခင် အင်းစိန်ဘက်တွင် ကောင်းစားနေသော တပည့်တစ်ယောက်က အက်စ်အီး ကားဖြင့် လာပင့်ပြန်သည်။ သူ့တိုက်တွင် အိတ်တွေ၊ အိတ်တွေ၊ အများကြီး စီထား၊ ထပ်ထားတာတွေ့ရသည်။

"ဟိုက်…ရှာလပတ်ရည်။ မင်းလဲ လျှောင်ပဲ ကိုး။ ဘာတွေလျှောင်ထားတာလဲ"

"ပဲမျိုးစုံလျှောင်ထားတာပါ ဂုရုကြီး။ ဈေးကျတုန်း သိမ်းကျုံးဝယ် လျှောင်ထား၊ ဈေးတက်ရင် ပြန်ထုတ်၊ ဒီလိုနဲ့ ကျွန်တော် ချမ်းသာလာတာပဲ…"

တပည့်တွေ တပည့်တွေ၊ တယ်လဲဟုတ်ကြပါ လား။ ဆန်လျှောင်တို့၊ ဆီလျှောင်တို့၊ ပဲလျှောင်တို့ ငွေအရင်းအနှီးများစွာ မြှုပ်နှံကာ လျှောင်ထားခြင်းဖြင့် ကြီးပွားချမ်းသာကုန်ကြပြီ။

"အိမ်း…ငါလည်း တစ်ခုခုတော့ လျှောင်ဦးမှ

http://www.cherrythitsar.org



ပါပဲ"

ဂုရကွေးလည်း တစ်ခုခုကို လျှောက်ချင်လာသည်။ ဟာကြူလီငပျော့ကို တိုင်ပင်ကြည့်တော့ အိုးတိုက်ဖွဲ့ပြာ လျှောက်ပါလားဟု အကြံပေးသည်။

"အိုးတိုက်ဖွဲ့ပြာက တက်စျေးမမိနိုင်ဘူး . . . ဟုတ်ပြီ အကြံရပြီ၊ မိုးရေလျှောက်မယ် . . ."

အိုးတိုက်ဖွဲ့ပြာလျှောက်ပါက၊ သွားကျုံးနေရဦးမည်။ ကားဝှာ၊ ဘာဝှားဖြင့် စရိတ်ကုန်ဦးမည်။ မိုးရေလျှောက်တာ ဘာစရိတ်မှ ကုန်စရာမလို။ မိုးနတ်သားကလည်း ဖွတ်ကလိဒင်္ဂါးတစ်ပြားမှ မယူ။ မိုးပေါ်ကနေ အခမဲ့ရွာချပေးနေသည်။

"အိမ်မှာရှိတဲ့ တိုင်ကီတွေ ရာဝင်အိုးတွေ၊ ငါးဆယ်ဝင်အိုးတွေ၊ အစိတ်ဝင်အိုးတွေ အကုန်ထုတ် . . . ဒန်အိုးလွတ်တွေ ပုံးလွတ်တွေပါထုတ်၊ မိုးရေခံမယ်။ အသက်သုံးထောင် ဂုရကွေးကွ၊ စီးပွားရေးမျက်စိ ဘယ်လောက်ကျယ်တယ်ဆိုတာ မကြာခင် သိရမယ် . . ."

ဂုရကွေး အိမ်ကလေးမှာ ရှိရှိသမျှ၊ ချမ်းသာသမျှသော တိုင်ကီ၊ ရေပုံး၊ အိုးခွက်မှန်သမျှ မိုးရေတွေ အပြည့်ဖြစ်ကုန်သည်။ ပလတ်စတစ်အိတ်လွတ်တွေ ကြွပ်ကြွပ်အိတ်လွတ်တွေဖြင့်လည်း မိုးရေတွေထည့်ထားသည်။

http://www.cherrythitsar.org



တစ်အိမ်လုံး မိုးရေတွေချည်း ဖြစ်ကုန်သည်။

မိုးကုန်သွားသည်။ သီတင်းကျွတ်ပြီ၊ တန်ဆောင်မုန်း၊ နတ်တော်ရောက်လာသည်။ ဂုရုကွေး မိုးရေတွေ လှောင်ထားကြောင်း သတင်းကြားသွားသော ဆန်လှောင်၊ ဆီလှောင်၊ ပဲလှောင် တပည့်သုံးယောက် ကားတွေဖြင့် ရောက်လာသည်။

သူတို့၏ယယ်ဆရာ၊ ဂုရုကွေးတစ်ယောက် ထင်ရာလျှောက်လုပ်ရင်း၊ စိတ်နောက်သွားပြီဟု ထင်ကြသည်။ တောင်ဥက္ကလာရောက်လာ၍ ဂုရုကွေး အိမ်ရှေ့မှ ဆိုင်းဘုတ်ကို မြင်သောအခါ ဟိုက်…ရှာလပတ်ရည် အော်သွားရသည်။ တို့ဆရာကြီးဟာ အရင်းအနှီး မရှိပေမယ့် တို့ထက်တောင် အကြံကြီးပါလားဟု ဝန်ခံကြရသည်။ ဆိုင်းဘုတ်ပေါ်တွင် ရေးထားသည့်ကား…

"ဘက်ထရီအိုးထဲ ထည့်ရန် မိုးရေစစ်စစ်ရမည်။ တစ်ပုလင်း ငါးဆယ်"

**[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၂၊ ၂၂၊ ၁၀၊ ၁၉၉၇]**

# မမှတ်တာပဲကောင်းပါတယ်

"ဂုရုကြီး . . . ဒီမှာ . . . စာမူခ ဖွတ်ကလိဒင်္ဂါး ကျန်တာ"

တစ်နေ့သ၌ ကျွန်ုပ်သည် လေထန်ကုန်း လက်ဖက်ရည်ဆိုင်၌ ထိုင်လေရိုက်နေစဉ် ဂျာနယ်သစ် တစ်စောင်မှ တာဝန်ခံအယ်ဒီတာက ငွေနှစ်ရာတန်တစ်ရွက် ထုတ်ပေးသည်။

"ဘယ်တုန်းက ကျန်တာလဲကွ . . ."

"တစ်နေ့က ကျန်တာလေ . . . ဂုရုကြီးကို စာမူခ ပေးရင်း လက်ဖက်ရည်ဖိုးမရှိလို့ ကျွန်တော် ခဏ နှုတ်ယူထားလိုက်ရတာ . . ."

"အေး . . . အေး . . . ဒါဆိုလဲ ပြီးတာပဲ၊ ငါက အလုပ်ကများ၊ အာရုံကများ ဘယ်သူ့ဘာရေးပေးလိုက်မိမှန်း မသိအောင် အလုပ်တွေများနေတယ်။ စာမူခ ဖွတ်

ကလိဒဂ်ါးတွေလည်း ဒီအတိုင်းပဲ . . . ဟိုတိုက်က ကြို ယူထားတာတို့ ဒီတိုက်က ရစရာကျန်တာတို့ ဘာတွေမှန်း လဲ မသိဘူး။ ရှုပ်နေတာပဲ၊ ငါ့မှာရေးဖို့ တွေးရတာတစ်မျိုး ဒါတွေမှတ်ရတာ တစ်မျိုး ကြာတော့ စိတ်ညစ်လာပြီ. . . ”

ဂုရုကွေးသည် ထိုအယ်ဒီတာပေးသော နှစ်ရာ တန်ကို အိတ်ထဲထည့်လိုက်သည်။ အိတ်ထဲတွင် ထို နှစ်ရာတန်အတွက် အဖော်အဖြစ် နှစ်ရာတန်နှစ်ရွက်ရှိ နေသည်။ လုံမလေး မဂ္ဂဇင်းမှ စာမူခထုတ်ပေးလိုက်သော ဖွတ်ကလိဒဂ်ါး. . .

“ဟိုက် ရှာလပတ်ရည် အိတ်ထဲမှာ နှစ်ရာတန် သုံးရွက်နဲ့ ခြောက်ရာကြီးများတိတိ ချမ်းသာနေတဲ့ ခြောက် ရာတန် ဂုရုကြီးပါလား. . . နေ့တိုင်းသာ ဤသို့ရနေပါက ဝွတ်ထ၊ ဝွတ်ထ ကောင်းလျောင့်တေး၊ ကောင်းလျောင့် တေး. . . ”

ထိုနေ့ညနေ မြို့ထဲကအပြန်တွင် ပျော်သလောက် နောက်နေ့မနက် ဈေးသွားသောအခါ စိတ်ညစ်ရတော့ သည်။ အသိဆရာဝန်လေး တစ်ယောက်က ကျန်းမာရေး အတွက် တစ်နေ့ အသားဆယ့်ငါးကျပ်သားစားရန် အကြံ ပြုထားသည်။ နေ့တိုင်းမစားနိုင်သော်လည်း တစ်ပတ် တစ် ခါတော့ စားရမည်။ ကြက်သားရေလွတ် ဆယ့်ငါးကျပ်

http://www.cherrythitsar.org



သား ဝယ်လိုက်သည်။

"ဘယ်လောက်ကျသလဲ ..."

"တစ်ရာ့ငါးကျပ်ပါ ဂုရုကြီး..."

"ဟိုက် ရှာလပတ်ရည်"

ထိုဆရာဝန်လေးကပင် အားဆေးကောင်းကောင်း မှန်မှန်မှီဝဲပေးပါဟု အကြံပေးထားပြန်သည်။ အသိ ဆေးဆိုင်သို့ဝင်၍ အားဆေးဈေးနှုန်းတွေ စုံစမ်းကြည့်သည်။

"ဘားပလက် တစ်ရာ့သုံးဆယ်၊ ဂုရုကြီးစားမှာ ဆိုရင် ဗိုက်ထရွန်စားဖို့ကောင်းတယ်။ စူပါဒရင်းကျတော့ ဈေးအရမ်းကြီးတယ်..."

"ကောင်းပါပြီ...မောင်ရင်ပြောတဲ့ ဗိုက်ကြီး သည်.... (အဲ...အဲ) ဗိုက်ထရွန်က ဘယ်လောက်လဲ"

"နှစ်ရာပါ ဂုရုကြီး..."

"မဆိုးဘူးကွ...အတောင့်တစ်ရာကို ငွေနှစ်ရာ ဆိုတော့ တစ်တောင့်မှ နှစ်ကျပ်ပဲကျတယ်။ အဲဒါပေး"

"အတောင့်တစ်ရာ မဟုတ်ဘူး ဂုရုကြီး၊ ဆယ် တောင့်ပဲပါတဲ့ တစ်ကတ်ကို နှစ်ရာ၊ တစ်တောင့်ကို နှစ်ဆယ်"

"ဟိုက် ရှာလပတ်ရည်၊ ရေခဲရေ..."

ဂုရုကွေးမှာ ငယ်ငယ်လေးကတည်းက အကျင့်

တစ်ခုရှိသည်။ "ငွေထွက်ငွေဝင်၊ စာရင်းတင်၊ ကုန်စင် သိအောင်မှတ်" ဆိုသော ဩဝါဒအတိုင်း ဝင်ငွေနှင့် ထွက်ငွေကို စာရင်းလုပ်ထားသည်။ တစ်နေ့စာ စာရင်း၊ တစ်ပတ်စာ စာရင်း။ တစ်လစာ စာရင်း၊ ဒီလဘယ်လောက်ရသည်။ ဘယ်လောက် ကုန်သည်။ ဘယ်လောက် ပိုငွေကျန်သည်။ (သို့မဟုတ်) စာမူခ ကြိုယူငွေ ဘယ်လောက်ယူရသည်။ စသည်ဖြင့် ...

ထိုနေ့က ဈေးကပြန်လာပြီး၊ ထွက်ငွေစာရင်း ကို စဉ်းစား၊ စဉ်းစား၍ ပြန်ရေးသည်။

"ငါးဖန်းမ ငါးပိကောင် တစ်ဆယ်သား ၅ဝိ/-"
"ခရမ်းချဉ်သီး တစ်ဆယ်သား ၁ဝိ/-"
"ကြက်သား ဆယ့်ငါးကျပ်သား ၁ဝ၅/-"
"မိုက်ထရွန် တစ်ကတ် ၂ဝဝိ/-"
"ဖီးကြမ်းငှက်ပျောသီးလေးလုံးတွဲ ၂၅/-"
"အာလူးနှစ်ဆယ်သား ၂ဝိ/-"
"မဆလာတစ်ထုပ် ၅/-"

စာရင်းက မပြီးသေး၊ အခြား တို့တို့တိတိလေး တွေက အများကြီးကျန်နေသေးသည်။ ရှေ့တစ်လက်မ နောက်ပြောင်၊ အသစ်ကျပ်ချွတ် ခေါင်းတုံးဆံတောက်ကို နောက်စေ့ပွတ်လိုက်တာနှင့် ဝယ်ခဲ့တာတွေ ပြန်ပေါ်လာ

http://www.cherrythitsar.org



သည်။

“သြော် ဂုရုကြီး…ဂုရုကြီး ကျွန်တော်က ကိုယ့်ဂုရုကြီး တော်မလားမှတ်တယ်။ လက်စသတ်တော့ ညံ့သေးတာပဲ”

ထွက်ငွေစာရင်းရေးနေသော ဂုရုကွေးကို အနားက ထိုင်ကြည့်နေသော ဟာကြျူလီငပျော့က ပြုံးစိစိဖြင့် ဝေဖန်သည်။

“ဘာညံ့တာလဲကွ …”

“အလုပ်ကြီး အကိုင်ကြီးသမားလုပ်ပြီး ဝင်ငွေထွက်ငွေတွေကို စာရင်းလုပ်နေလို့ ပြောတာပါ။ မနေ့က ရခဲ့တဲ့ ခြောက်ရာ၊ အခု ဘယ်လောက်ကျန်သေးသလဲ”

ဂုရုကွေးက အိတ်ထဲက ကျန်ငွေကို ထုတ်ရေကြည့်သည်။ ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန် အပါအဝင် စုစုပေါင်း တစ်ရာ့သုံးဆယ့်ငါးကျပ်။

“တစ်ရာ့သုံးဆယ့်ငါးကျပ်ပဲ ကျန်တော့တယ်”

“ဂုရုကြီး - လက်ရှိပိုင်တဲ့ ဖွတ်ကလိဒင်္ဂါး အဲဒါပဲ။ သဘောပေါက်…မရသေးတာဟာ ကိုယ်နဲ့မဆိုင်ဘူး။ ကုန်သွားတာလည်း ကိုယ်နဲ့မဆိုင်ဘူး။ လောလောဆယ် လက်ထဲ ကျန်တာပဲ ကိုယ်နဲ့ဆိုင်တယ်”

ဟာကြျူလီငပျော့က ဂုရုကွေးကို လက်ချားတွေ၊

ဇဝက်သာတွေ၊ ဒုတ္ထာတွေ ပေးနေစဉ်၊ အိမ်ရှေ့သို့ ကား ပြာလေးတစ်စီး ထိုးရပ်လာသည်။

"ဂုရုကြီး - သောင်းပြောင်းထွေလာ ရယ်စရာ အတွက် စာမူပြီးပြီလား…"

"မပြီးသေးဘူး အခုပဲ ရေးတော့မလို့၊ ညနေ မြို့ထဲကအပြန် ဝင်ယူဗျာ…"

"ပြီးအောင် ရေးထားနော်…"

"စိတ်သာချ ပြီးကိုပြီးနေစေရမယ်…"

ကားပြာလေး ပြန်ထွက်သွားသည်။ ငပျော့က သူ့လက်ချာကို ဆက်ပြန်သည်။

"ဂုရုကြီးထက် အလုပ်များတဲ့သူတောင် အလုပ် မများနိုင်ဘူး။ စာရေးတဲ့အလုပ်တွေ လက်မလယ်အောင် ဖြစ်နေတဲ့ကြားက ဒီဘာမဟုတ်တဲ့ ဝင်ငွေ၊ ထွက်ငွေ စာရင်းလုပ်တဲ့အလုပ်ကို အချိန်ပေးပြီး လုပ်နေတာ အံ့ တယ်ဗျာ အံ့တယ်"

"ငယ်ငယ်တည်းက လုပ်လာတဲ့အကျင့်ကွ…"

"လုပ်မနေနဲ့…ဒီအကျင့်ဖျောက်ပစ်လိုက် တော့၊ ဝင်ငွေ ထွက်ငွေ မှတ်ရအောင် ကိုယ်က စီးပွားရေးလုပ်ငန်း လုပ်နေတာ မဟုတ်ဘူး။ စာရေးပြီး အသက်မွေးနေတာ၊ ရလိုက်၊ ကုန်လိုက် ရသလောက်ကုန်နေတဲ့ ရကုန် စာမူ

http://www.cherrythitsar.org



၁ ဖွတ်ကလိဒဂ်ီးကို (ကန်တော့ပါရဲ့) အလုပ်ရှုပ်ခံပြီး စာရင်းလုပ်မနေနဲ့ . . .။ အချိန်ကုန်တယ်။ ဦးနှောက် စားတယ်။ ရအောင်ရှာ၊ သုံးသင့်တာသုံး၊ ကုန်ရင်ထပ်ရေး ထပ်ရှာ၊ စာရင်းလုပ်တဲ့အချိန်ကို စာမူရေး၊ ညနေ ရယ်စရာ က လာယူရင် ဖွတ်ကလိဒဂ်ီးရမယ်. . .”

ဂုရုကွေး ဆာတောရီ(ခေါ်) ဉာဏ်အလင်းရသွား သည်။ ဝင်ငွေထွက်ငွေ စာရင်း စာရွက်ကို ဆုတ်ပစ်၏။

“မင်းပြောတာ ဟုတ်တယ်။ ရသလောက် ကုန် နေတာမှတ်နေလို့လဲ အပိုပဲ။ မမှတ်တာပဲ ကောင်းတယ်”

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၃၊ ၂၉၊ ၁၀၊ ၁၉၉၇]

http://www.cherrythitsar.org

# ပိုင်ပါတယ်၏ဒုက္ခ

ကိုယ့်ကိုလည်း သူမပိုင် …

သူ့ကိုလည်း ကိုယ်မပိုင် …

ကိုယ့်ကိုယ်ကိုပင် ကိုယ်မပိုင် …

အရာအားလုံး အစိုးမရ အလိုသို့မလိုက်၊ အနတ္တသာဖြစ်ကြကုန်၏။ မြတ်စွာဘုရား ဟောကြားခဲ့သော တရားကို ဒီလူနားမလည်၊ ဒီလူက ဘုရား၊ တရားသမား မဟုတ်၊ မဟားတရားသမား ဖြစ်သည်။

ဖွတ်ကလိဒင်္ဂါးလေး မဖြစ်ညစ်ကျယ် ရှိလာသည်နှင့် လေသံကလူပါးဝသံပါလာသည်။ တစ်ဘက်သားနှင့် စကားပြောလျှင် သူက အပေါ်စီးယူပြီး ဆရာကြီးလေသံဖြင့် ပြောတတ်သည်။ "ပိုင်ပါတယ်ဗျာ။ ကျုပ်က ပိုင်ပါတယ်" ဟု ပြောလေ့ရှိသဖြင့် သူ့ကို "အပိုင်ငစွာ" ဟု ကွယ်ရာမှာ ခေါ်ကြသည်။

တွတ်ပီစာအုပ်တိုက်

http://www.cherrythitsar.org



အပိုင်ငွေစွာသည် ဂုရကွေးနှင့် လက်ဖက်ရည်ဆိုင်တွင်ဆုံမိစဉ် ဆရာကြီးလုပ်ရန် ကြိုးစားလာသည်။ ဂုရကွေးက ရမ်ဘိုပြုံးလေးပြုံး၍ . . .

“တောင်ဥက္ကလာပဟာ သစ်ပင်တစ်ပင်မှ မရှိခင် မြို့သစ်တည်စကတည်းက ကျူပ်နေလာတဲ့ ဘူမိနက်သန်ဗျ။ မောင်ရင်က ဘယ်ကမှန်း မသိ၊ ခုမှရောက်လာတဲ့ ပျံကျ။ ပျံကျက ဌာနေကို ကျောလို့မရဘူး။ သဘောပေါက်”

လေသံမာမာဖြင့် ဟောက်ပစ်လိုက်မှ ငြိမ်သွားသည်။ ထိုလမ်းကျယ်ထဲတွင် မြို့သစ်တည်စမှစနေလာခဲ့သူများမှာ ရိုးရိုးသားသား ရှင်းရှင်းလင်းလင်းသမားတွေများသည်။ ငွေစွာက အရောင်းအဝယ်သမားလိုလို၊ သစ်ကုန်သည်ယောင်ယောင်၊ ကျောက်ပွဲစားနှယ်နှယ်၊ အလုပ်မျိုးစုံလုပ်သည်။ သူ့အိမ်မှာ လူဝင် လူထွက်တွေများသည်။ ဘယ်မြို့ကလာသည် ဘာလုပ်သည်ဆိုတာ ဘယ်သူမှမသိရ . . .

“ဟိုက် ရှာလပတ်ရည်၊ စည်ပင်ပိုင်မြေပေါ်မှာ ပြောင်အတိအလင်း ကျူးကျော်လုပ်ထားတဲ့ ခြံကြီးပါလား”

တစ်နေ့သ၌ ငွေစွာနေသော ရပ်ကွက်သို့ ဂုရကွေး အမှတ်မထင် ရောက်သွားသည်။ သူ့အိမ်ရှေ့လမ်းဘေးရှိ

http://www.cherrythitsar.org



စည်ပင်ပိုင်မြေပေါ်တွင် ခပ်တည်တည်ဖြင့် သစ်ပင်တွေ စိုက်ထားသည်။ ပန်းခြံသဖွယ်လုပ်ထားသည်။ ခြံခတ် မထားသော်လည်း ခြံကြီးဖြစ်နေသည်။

ထိုလမ်းကျယ်ကြီးမှာ တောင်ဥက္ကလာပတည်စ ကတည်းက လမ်းဘေးတွင် တမင်မြေလွတ်ချန်ထားသော လမ်းဖြစ်သည်။ ပွင့်လင်းရာသီတွင် မီးရေး၊ ထင်းရေးရှိပါ က မီးသတ်ကားအရေးတကြီးသွားလျှင် လမ်းဘေးသို့ လူ တွေ ဆင်းရှောင်နိုင်ရန် ဖြစ်သည်။ ကားနှစ်စီးရှောင်ပါက လည်း လွတ်လွတ်ရှောင်နိုင်ရန် ဖြစ်သည်။ လူသွားလမ်း ပေါ် ခြံလုပ်ထားသဖြင့် လမ်းသွားလမ်းလာများအတွက် အန္တရာယ်ဖြစ်လာနိုင်သည်။ တစ်လမ်းလုံး ဘယ်အိမ်ရှေ့ မှာမှ ထိုခြံမျိုးမရှိ။ ငစွာတစ်ယောက်တည်း သူများထက် ထူး၍ နဖူးချိုပေါက်ကာ ခြံလုပ်ထားသည်။

"ဟော့လူ…ခင်ဗျားဟာ မလွန်ဘူးလား၊ လမ်းထဲ က လူတွေနဲ့ ပြဿနာတက်လိမ့်မယ်…ငါ ဖွတ်ကလိဒင်္ဂါး ရှိတယ်ဆိုပြီး၊ သိပ်လွတ်မနေနဲ့ လမ်းထဲက လူတွေက လူထက်တွေ ခင်ဗျားထက် အဆတစ်ထောင်ထက်တယ်"

ငစွာက ထုံးစံအတိုင်း ပမာမခန့်ပြုံးပြုံး၍

"ပိုင်ပါတယ်ဗျ…သူတို့က လူထက်တာ ကျုပ် က ဒင်္ဂါးထက်တာ၊ ဒင်္ဂါးနဲ့လူ ဘယ်သူထက်တယ်ဆိုတာ

တွေ့ကြသေးတာပေါ့. . .”

ငစွာက လမ်းကိုအန်တုသည့်အနေဖြင့် ကျူး ကျော်ခြံကြီးထဲတွင် ရောမနတ်စင်ကြီး တစ်စင် ဆောက် သည်။ နတ်စင်ထဲတွင် ရက္ခစိုးနတ်ရုပ်ကို ထည့်ထားသည်။ ရက္ခစိုးက လက်တစ်ဖက်က တောင်ဝှေးကိုင်ကာ လက် တစ်ဖက်က ရှေ့သို့ လက်ညှိုးထိုးထားသည်။

ရက္ခစိုးမှာ နတ်မြတ်နတ်ကောင်း နတ်သူတော် ကောင်း ဖြစ်သည်။ သို့သော် ငစွာ့အိမ်ရှေ့ ရောက်သွား သဖြင့် ရက္ခစိုးပါ အချောင်ကပ်သင့်ရသည်ကား. . .

“ဟော့ကောင် အဲဒီနားမှာ မရပ်နဲ့ကွ. . .”

ရက္ခစိုးစင်ရှေ့နား သွားရပ်သော ကလေးကို အခြားကလေးတစ်ယောက်က ပြောသည်။

“ရပ်တော့ ဘာဖြစ်လို့လဲ. . .”

“ကိုယ့်ထမင်းကိုယ်စားပြီး သူများလက်ညှိုးထိုး တာ ခံချင်ရင်တော့ ရပ်ပေါ့ကွာ. . .”

ထိုကလေးက ရက္ခစိုးကို ကြည့်ပြီးရယ်သည်. .

“ဂုရုကြီး. . . ကျွန်တော်တော့ အဲဒီရပ်ကွက် ဘက်ရောက်လို့ ကျူးကျော်ခြံရှေ့ရောက်သွားရင် ရက္ခစိုး စင်ကို ကြည့်ပြီး မီးသတ်အဖွဲ့ကို သတိရတယ်. . .”

ရပ်ကွက်မှ အသိချာတိတ်တစ်ယောက်နှင့် လက်

http://www.cherrythitsar.org



ဖက်ရည်ဆိုင်မှာ ဆုံကြစဉ် ချာတိတ်ကပြောသည်။ ဒီ ချာတိတ်က ဟာသရှိသည်။ နောက်တတ်သည်။

"မင်းက ဘာကြောင့် မီးသတ်အဖွဲ့ကို သတိရရ တာလဲ"

"မီးသတ်အဖွဲ့က မီးလောင်မှုတွေ မဖြစ်ပွား အောင် မီးလောင်မှုတွေ နည်းပါးအောင် အမြဲသတိပေးနေ တယ် မဟုတ်လား။ ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးဝါး လှတာ သီချင်းနဲ့ သတိပေးတယ်။ ရပ်ကွက်ထဲမှာ အသံ ချဲ့စက်နဲ့ လှည့်အော်ပြီး သတိပေးတယ်။ ပိုစတာတွေ ကပ်ပြီး သတိပေးတယ်။ ကျွန်တော်က ဒီနတ်စင်ကို မြင် တိုင်း မီးသတိပေး ပိုစတာကို သတိသွားရလို့ဗျ"

"မင်းဟာ ဘာဆိုင်လို့လဲ..."

"ဆိုင်တာပေါ့...ဂုရုကြီး၊ ဟိုမှာကြည့်စမ်း လက်ညှိုးထိုးတာ သင့်ကြောင့် မီးမလောင်ပါစေနှင့်ဆိုတဲ့ ပိုစတာကို သတိရစရာ မကောင်းဘူးလား..."

လူတွေ ဘယ်လောက် ဟားဟား၊ ပိုင်ပါတယ် စွာက ဂရုမစိုက်ပေ။ စာကလေးတို့ ဆိုက်ကားသမားတွေ ကပါ ဝိုင်းဟားလာတော့၊ စွာ မျက်လုံးပြူးရတော့သည်။ ခါတိုင်းက ဆိုက်ကားသမားတွေက ဘယ်သူ့အိမ်အနီး၊ ဘယ်ဝို့အိမ်အနီး၊ ဘယ်သူ့အိမ်နှင့် ဘယ်နှစ်အိမ်ကွာဟု

http://www.cherrythitsar.org



ပြောကြသည်။

ယခုတော့ ဆိုက်ကားသမားတွေက ပြင်ပြော ကြသည်။ ဆိုက်ကားသမားက စပြောသဖြင့် ဆိုက်ကား စီး ခရီးသည်ကပါ လိုက်ပြောလာသည်။

"ဘယ်လိုက်ပို့ရမလဲ..."

"နတ်စင်နဲ့ နှစ်အိမ်ကျော် ..."

"အစ်မကရော..."

"ကျွန်မက နတ်အိမ်ဟိုဘက် ငါးအိမ်ကျော်..."

ပိုင်ပါတယ် ဈေးအိမ်မှာ (နတ်အိမ်) ဟု နာမည် သစ်ရသွားလေသည်။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၄၊ ၅၊ ၁၁၊ ၁၉၉၇]

# သူနဲ့ သူနဲ့ တန်ရာတန်ရာ

မိဘမှန်သမျှ မိမိတို့သားသမီးများကို မျှော်လင့်ချက်ထားမြဲ ထုံးစံအတိုင်း ဆိုက်ကားမာစတာ စာကလေးကလည်း သူ့သားအကြီးဆုံးကောင်ကို မျှော်လင့်ချက် ထားခဲ့သည်။ စာကလေး၏ မျှော်လင့်ချက်က တစ်မျိုး။

အခြား မိဘတွေ မျှော်လင့်သလို ငါ့သား ဆရာဝန်ကြီး ဖြစ်ရမည်၊ အင်ဂျင်နီယာကြီး ဖြစ်ရမည်၊ ပါမောက္ခကြီး ဖြစ်ရမည်၊ အထက်တန်းအရာရှိကြီး ဖြစ်ရမည်. . . သည်လိုမျိုး မဟုတ်။ စာကလေး၏ မျှော်လင့်ချက်က ငါ့သားကြီး ကြီးလာလျှင် ဘောလုံးသမားကောင်း တစ်ယောက် ဖြစ်ရမည်. . .တဲ့။

တကယ်တော့ စာကလေးခမျာ သူငယ်ရွယ်စဉ်က မစွမ်းဆောင်နိုင်ခဲ့သော အလုပ်ကို သူ့သားကြီးအား အောင်အောင်မြင်မြင် လုပ်စေချင်ခြင်း ဖြစ်သည်။

စာကလေး ငယ်ငယ်က ဘောလုံးဝါသနာပါသည်။ ဇာတိမြို့ကလေးတွင် ရွယ်တူကာလသားများ ဘောလုံးအသင်းတွေဖွဲ့ကာ ကစားကြသည်။ စာကလေးက အကောင်သာငယ်သည်။ ဘယ်အစွန်လူအဖြစ် ဘောလုံး ကန်ကောင်း။ စာကလေးများ ဂိုးသွင်းလိုက်လျှင်…

"ဂိုးကွ…စာကလေး ဂိုး…"

ဟု မြို့ပရိသတ်က အော်ဟစ်အားပေးကြသည်။ စာကလေးသည် ပရိယေသနကိစ္စများကြောင့် ဘောလုံးဆက်မကန်ဖြစ်တော့ပေ။ သားကျွေးမှု၊ မယားကျွေးမှုအတွက် ဘောလုံးကွင်းထဲမှ ဆိုက်ကားပေါ် ရောက်ခဲ့ရသည်။ စာကလေး၏ ဘောလုံးသမားဘဝမှာ ရပ်ကွက်အဆင့်၊ မြို့နယ်အဆင့်တွင်ပင် တစ်စခန်းရပ်ခဲ့ရသည်။

"အဖေ…သား ဘောလုံးကန်ချင်တယ်"

ဟိုက်…ရှာလပတ်ရည်…သားအကြီးဆုံးကောင်က ဘောလုံးကန်ချင်တယ် ဆိုလာပါလား။ ဂွတ်ထဂွတ်ထ ကောင်းလျောင့်တေး…ကောင်းလျောင့်တေး…ကောင်းလေစွ၊ ကောင်းလေစွ။

ငါ့သားဟု မပြောရ။ ငါ့ဝါသနာပိုး ပါနေမှကိုး။ ဒါမှ အဖေတူသားကွ။ ဘောလုံးသမားကောင်းတစ်ယောက်ဖြစ်ကိုဖြစ်လာရမည်။ မြို့နယ် လက်ရွေးစင်မှ တိုင်း

http://www.cherrythitsar.org



လက်ရွေးစင်၊ ထိုမှ မြန်မာ့ဘောလုံး လက်ရွေးစင် စာကလေးသား စာကြီးဆိုပြီး နာမည်ကြီးစေရမည်။ ငါ့သား ငါ့သား...ဒါမှ ငါ့သား။

"အဖေ ဘာလုပ်ပေးရမလဲ"

"သားတို့ကျောင်းက အတန်းလိုက် ဘောလုံး အသင်းတွေ ဖွဲ့ထားတယ်။ သားတို့ ရှစ်တန်းကလည်း တစ်သင်းပါတယ်။ ရှစ်တန်းအသင်းမှာ သားက ရှေ့တန်း ထိုးဖောက်ရေးသမား၊ ဂိုးသွင်းတိုက်စစ်မှူးပေါ့ အဖေ"

"အောင်မယ်လေး... ကောင်းမှကောင်းကွာ၊ အဖေငယ်ငယ်က ကစားခဲ့တာတွေ ပြန်သတိရသေးတော့"

"ကျွန်တော့်ကို ဘောလုံးအားကစား ဝတ်စုံ ချုပ် ပေးပါ။ ဘောကန်ဖိနပ်လည်း ဝယ်ပေးပါ"

"ကောင်းပြီ... ငါ့ဆိုက်ကားနင်းလို့ ခြေသလုံး ကွဲချင် ကွဲပါစေ။ မင်းလိုတာမှန်သမျှ အားလုံးရစေရမယ်"

မေတ္တာအမျိုးမျိုးရှိရာတွင် မိဘမေတ္တာမှာ အမြင့် ဆုံးအမျိုးအစားဖြစ်သည်။ စာကလေးသည် သားကြီး၏ အလိုဆန္ဒများကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးခဲ့ သည်။

"မင်းတို့ ဘယ်နေ့ကန်မှာလဲ"

"ဒီညနေကန်မှာအဖေ၊ ကျောင်းသားကစားကွင်း

မှာ ကန်မှာ။ ခုနှစ်တန်း (က) အသင်းနဲ့ ကန်ရမယ်"

"ငါလာအားပေးမယ်၊ ကြိုးစားကန်"

"စိတ်ချပါ အဖေ"

စိတ်ချပါ အဖေဆိုသော သားကြီးမှာ တကယ်ကန်သောအခါ အိုးနင်း ခွက်နင်း၊ ဇလုံနင်းတွေ ဖြစ်နေသည်။ ဘောလုံးသမားဝတ်စုံ အသစ်ကျပ်ချွတ်ဝတ်လျက် ဘောကန်ဖိနပ် တကားကားဖြင့် ဟိုပြေးလိုက်၊ ဒီပြေးလိုက် ကွင်းအနှံ့ ပတ်ချာလှည့်ပြေးနေသည်။

"ဟေ့ကောင် . . . ငပြေး၊ အလကားနေရင်း လျှောက်ပြေးမနေနဲ့။ ကစားကွက် ပျက်နေပြီ"

စာကလေးက ကြည့်ရင်း ကြည့်ရင်း ဒေါသထွက်လာသဖြင့် သူ့သားကို အော်ပြောသည်။ ထိုနေ့က တစ်ဂိုးစီ သရေဖြစ်သွားသည်။ တစ်ရက်နားပြီး သန်ဘက်ခါ ဆက်ကန်မည်။

"ဒီနေ့ပွဲ မင်းမကန်နဲ့တော့၊ ဘောလုံးဝတ်စုံချွတ်"

"ဘာဖြစ်လို့လဲ အဖေ"

"မဖြစ်ညစ်ကျယ်နဲ့ သောက်ရမ်းလျှောက်ကန်နေတဲ့ကောင်။ ဟဲ့.. သမီးလန် နင်ကန်မလား"

"ကန်မယ်အဖေ၊ ဟိုဘက်အသင်းမှာလည်း မိန်းကလေး နှစ်ယောက်ပါနေတယ်"

သို့ဖြင့် စာကလေး၏ ဒုတိယသမီး ရှစ်တန်းကျောင်းသူက အစ်ကို၏ဝတ်စုံကို ဝတ်ကာ အစ်ကို၏ဘောကန်ဖိနပ်ကိုစီးကာ ဝင်ကန်သည်။

စာကလေးသမီးကို မိန်းကလေးဆိုပြီး လျှော့တွက်လို့ မရ။ စာကလေး၏ ဘောလုံးဗီဇက သမီးဖြစ်သူမှာ သွားထွန်းကားနေသည်။ ထိုနေ့က စာကလေးသမီးက ချည်း သုံးဂိုးဆက်တိုက်သွင်းကာ ခုနစ်တန်း (က)အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ယူလိုက်သည်။

"သမီးစာကလေး. . .စာကလေးသမီးကွ. . .။ မိန်းကလေးကို ဘာထင်သလဲ"

ဘောလုံးပွဲကြည့် ပရိသတ်တွေ အော်ဟစ်အားပေးတော့ ရှေ့တန်းထိုးဖောက်ရေးသမားဆိုသော သားအကြီးကောင် မျက်နှာ ဆီးရွက်လောက်ပဲ ရှိတော့သည်။ နောက်နေ့တွင် မျက်နှာပိုင်ယ်စရာ ကြုံရသည်ကား. . .။

"ကျောင်းပိတ်ရက်တွေ၊ ကျောင်းအားတဲ့ အချိန်တွေမှာ မင်း ဝက်သားတုတ်ထိုး ရောင်းရမယ်"

"ဟာ. . .အဖေကလည်း. . . သားက ဘောလုံးကန်ချင်တာ"

"ဟာ. . .အဖေကလည်း လုပ်မနေနဲ့၊ ငါခိုင်းတဲ့

http://www.cherrythitsar.org



အတိုင်းလုပ်။ မင်းနဲ့ ဘောလုံးကန်တာနဲ့ မဖြစ်ဘူး။ ပလက်ဖောင်းဈေးသည်ပဲလုပ်။ အဲဒါ မင်းနဲ့ကိုက်တယ်"

"ပလက်ဖောင်းမှာ ကျူးကျော်ဈေးသည်လုပ်တော့ စည်ပင်က လိုက်ဖမ်းရင် ဝက်သားတုတ်ထိုးခြင်းကြီး တကားကားနဲ့ ထွက်ပြေးနေရမှာ အဖေရ. . .။ ကျွန်တော်မရဘူး"

ဤတွင် ဆိုက်ကားမာစတာ စာကလေးက ငါး သလောက်ပြုံး ပြုံး၍ ဆက်ပြောသည်။

"မင်း ဘောကန်တာကရော ကျွန်တော်ရလို့လား။ ဟိုပြေး ဒီပြေး လျှောက်ပြေးနေတဲ့ကောင်။ ဒါလောက် ပြေးချင်တဲ့ကောင်. . .လမ်းဘေးဈေးသည်လုပ်"

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၅၊ ၁၂၊ ၁၁၊ ၁၉၉၇]

# ဒီမော်ဒယ်လ်မျိုး သိပ်ရှားတယ်

ဂုရုကွေးလောက် အပေါင်းအသင်းများတာ ဂုရုကွေးပဲရှိသည်။ သူ့ထက် အပေါင်းအသင်းများသူပင် သူ့လောက်များလိမ့်မည် မထင်။ ဂုရုကွေး အပေါင်းအသင်းတွေက နေရာစုံ၊ အလွှာစုံမှာရှိသည်။ အထူးသဖြင့် ရန်ကုန်မှာ ပိုများသည်။ အထူးသဖြင့်၏ အထူးသဖြင့် တောင်ဥက္ကလာမှာ ပို၍ပို၍များသည်။

"ဂုရုကြီးက ဘယ်လမ်း၊ ဘယ်နေရာမှာမဆို မတ်တတ်ရပ်ပြီး လက်ခုပ်တစ်ချက် တီးလိုက်တာနဲ့ ဘော်ဒါ ဆယ်ယောက်ထွက်တယ်။ လက်ခေါက်ပါမှုတ်လိုက်ရင် ဘော်ဒါ နှစ်ဆယ်ထွက်တယ်"

အပေါင်းအသင်း၊ ရောင်းရင်းကြီးဖြစ်သော ဟာကြူလီငပျော့ကိုယ်တိုင်က ယင်းသို့လျှင် နှောက်ပြောင်သည့်အထိ ဘော်ဒါတွေများသည်။ တစ်နေ့တစ်နေ့ ဂုရု

http://www.cherrythitsar.org



ကွေးမှာ ကိုယ်ရေးကိုယ်တာထက် အပေါင်းအသင်းတွေ ကိစ္စဝိစ္စတွေ လိုက်ပါကူညီလုပ်ကိုင်ပေးရတာက အချိန်တွေ ပိုများနေသည်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင် လို့ပဲ နှလုံးသွင်းတော့မည်။

"ဂုရုကြီးကို အကူအညီတစ်ခု တောင်းရဦးမယ်"

တစ်နေ့သ၌ ထုတ်ဝေသူ မိတ်ဆွေတစ်ယောက် က သူ၏ကားဖြင့် အိမ်ကိုလာပြီးပြောသည်။

"ဆို ဘာကူညီရမှာလဲ၊ ဖွတ်ကလိဒင်္ဂါး အကူ အညီကလွဲရင် ကျန်တာအကုန်ကူညီနိုင်တယ်"

ထုတ်ဝေသူက ငါးအုပ်ဖားပြုံးလေးပြုံး၍

"ကျွန်တော် တောင်းမယ့်အကူအညီက မော် ဒယ်ဂဲလ်ပါ၊ ဂုရုကြီးအသိထဲက မျက်နှာသစ်တစ်ယောက် လောက် ရှာပေးပါ"

"ဘာအတွက်လဲ..."

"ပြက္ခဒိန်ကာဗာရိုက်မယ်၊ နာမည်မရှိသေးတဲ့ အသစ် လိုချင်တယ်"

ရန်ကုန်မှာ မော်ဒယ်သင်တန်းတွေ မှိုလိုပေါက် နေသည်။ အသစ်အသစ်သော မော်ဒယ်ဂဲလ်တွေကလည်း မရေမတွက်နိုင်အောင် ပေါ်ထွက်နေသည်။ ဘယ်သင်တန်း သွားခေါ်ခေါ် ရပါလျက် အဘယ်ကြောင့် ဂုရုကွေးဆီ

http://www.cherrythitsar.org



ရောက်လာရသနည်း။

"ခင်ဗျားကလဲဗျာ . . . မော်ဒယ်သင်တန်းတွေ ဒါလောက်များနေတာ ဘယ်မှာခေါ်ခေါ် ရသားနဲ့ ဘယ့်နှယ် ကျုပ်ဆီရောက်လာရတာလဲ"

"သင်တန်းတွေက မော်ဒယ်တွေထက် အရပ်ထဲက သဘာဝမော်ဒယ်ကို လိုချင်လို့ပါ။ မော်ဒယ်ပညာ လုံးဝမတတ်သေးတဲ့ မော်ဒယ်အစိမ်းသက်သက် ဖြစ်စေ ချင်တယ်"

"ရပါတယ် . . . မော်ဒယ်အစိမ်း၊ မော်ဒယ်အနီ၊ မော်ဒယ်အဝါ၊ မော်ဒယ်ပြောက်တိပြောက်ကျား ကိုယ့်လူ လိုချင်တာ ရရပါစေ့မယ်"

ဂုရုကွေးက အာမရဲရဲခံလိုက်သည်။ သူ့မှာ အားကိုးစရာ ညာလက်ရုံးအဖြစ် ဟာကြွံလီငပျော့ တစ်ယောက်လုံး ရှိနေသည် မဟုတ်ပါလော။

"ငပျော့ရေ . . . စတင်းဘော်ဒီထဲက မိန်းကလေး တစ်ယောက်လောက်ရှာပေးကွာ၊ ပြကွဒိန် ကာဗာရိုက်ဖို့ ရှိတယ်။ ကနေ့ မော်ဒယ်လောကက တောင့်တောင့်ဖြောင့် ဖြောင့်ကြီးတွေ၊ ရေဆေးငါးကြီးတွေခေတ် မဟုတ်ဘူးနော်။ ပိန်ရမယ်၊ သွယ်ရမယ်၊ စလင်းဘော်ဒီ ဖြစ်ရမယ်"

"ရှိပါတယ်၊ ကျွန်တော့်အသိတစ်ယောက်ရဲ့

http://www.cherrythitsar.org



သမီးလေး ခေါ်ခဲ့မယ်"

ပျော့ခေါ်လာသော မိန်းကလေးကို မြင်ရသော အခါ ဂုရုကွေးမှာ ဟိုက် - ရှာလပတ်ရည်ပင် မအော်နိုင်ပါ။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိုမိန်းကလေးမှာ အလွန်ပိန်လှသည်။ စလင်းဘော်ဒီထက် ပိုပိန်သော စလင်းဘက်ခ်ဘော်ဒီမျိုး ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုမိန်းကလေးကိုပင် အဝတ်အစား ပွပွ ဝတ်ပေးကာ မော်ဒယ်ဂဲလ်အဖြစ် ဖန်တီးရမည်။ ကလေးမလေးမှာ ပိန်သာ ပိန်တယ်။ အရိုးချည်းပဲဆိုသလို မျက်နှာလေးက မဆိုး။ ကင်မရာစတား ဖြစ်နိုင်သည့် သနားကမားရုပ်ရည်မျိုး ဖြစ်သည်။

"သမီး ဘယ်မော်ဒယ်သင်တန်း တက်ဖူးသလဲ"

"ကျွန်မ ဘယ်မော်တော်သင်တန်းမှ မတက်ဖူးပါဘူးရှင်"

ဟိုက် ရှာလပတ်ရည် မော်ဒယ်နှင့် မော်တော်ပင် ကွဲကွဲပြားပြား မသိသော မိန်းကလေးပါလား...။

"သမီး ကိုယ်လုံးကိုယ်ပေါက်လေး ခုလို ပိန်နေတာက..."

"အစက မပိန်ပါဘူးဦး.. သမီးက ဝဝကစ်ကစ် ကလေးပါ။ နောက်မှ တဖြည်းဖြည်းချင်း တဖြည်းဖြည်း

http://www.cherrythitsar.org



ချင်း ပိန်ပိန်လာပြီး ခုလိုကိုယ်လုံးမျိုး ဖြစ်လာတာပါ"

"ထားပါတော့···ထားပါတော့၊ သမီးနာမည်က"

"အိမ်မှာခေါ်တော့ လုံးတင်မပါ၊ ကျောင်းနာမည်က လုလုရီ"

"ဘယ်နှစ်က ကျောင်းပြီးသွားလဲ···"

"ကျောင်းပြီးသွားတာက သမီးငယ်ငယ်ကလေးကပါ။ အိမ်မှာ သမီးက အကြီးဆုံးလေ။ သမီးတို့က မိသားစုများတယ်။ သမီးအောက်မှာ မောင်လေး၊ ညီမလေးတွေ ငါးယောက်ရှိတယ်။ အဖေက မိန်းကလေးပဲ သေစာရှင်စာလောက်တတ်ရင် တော်ပြီဆိုပြီး လေးတန်းနဲ့ ကျောင်းနုတ်လိုက်တယ်"

ငပျော့ကို လှမ်းကြည့်လိုက်တော့ ဒီကောင်က ပြုံးစိစိ။

"သမီးမိဘတွေက ဘာလုပ်သလဲ···သမီးတို့ အိမ်မှာ ဖုန်းရှိသလား"

"ဟုတ်တိ ပတ်တိ ဘာအလုပ်မှ မယ်မယ်ရရ မရှိပါဘူး။ အဖေက လက်သမားလုပ်တဲ့အခါ လုပ်၊ ပန်းရံအလုပ်လုပ်တဲ့အခါ လုပ်၊ ကြားကားစပယ်ယာ လိုက်တဲ့အခါ လိုက်။ အမေကလည်း ဟင်းရွက်ရောင်းတဲ့အခါ ရောင်း၊ ပဲပြုတ်ရောင်းတဲ့အခါရောင်း၊ ကြုံရာကျပန်းတွေ

http://www.cherrythitsar.org



လုပ်နေရတာပဲ။ သမီးတို့အိမ်မှာ ဖုံးရှိပါတယ်။ ဖုံးစရာရှိရင် ဇလုံနဲ့လည်း ဖုံးတာပဲ၊ ဆန်ခါနဲ့လည်း ဖုံးတာပဲ၊ ဆန်ကောနဲ့လည်း ဖုံးတာပဲ"

ငပျော့ထံမှ ခစ်ခနဲ ရယ်သံကြားရသည်။

"ဟောဒီ ဦးလေးကိုငပျော့က ဂုရုကြီးက အလုပ်ပေးလိမ့်မယ်၊ လုလုပပဝတ်ပြီး ခြတ်ပုံရိုက်ရမယ်။ အလုပ်လုပ်ခလည်း များများရမယ်ဆိုပြီး ခေါ်လာလို့ လိုက်လာတာပါ။ သမီးကို အလုပ်ခန့်မှာလား ဦး..."

ငပျော့မျက်နှာ ပို၍ ပြုံးစိစိဖြစ်လာသည်။ မော်ဒယ်ဂဲလ် ရှာခဲ့ပါဆိုတာ၊

ပိန်လှီနေသော လက်သမားသမီးလေးကို ခေါ်လာသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုဂျပိန်မလေးကိုပင် မော်ဒယ်ဂဲလ် လုပ်ခိုင်းရတော့မည်။ ဒီမော်ဒယ်မျိုးက သိပ်ရှားသည် မဟုတ်ပါလား...။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၇၊ ၂၅၊ ၁၁၊ ၁၉၉၇]

http://www.cherrythitsar.org

# အက်ဒီဆင် ၏ နောင်တ

"မြန်မာကွ . . . မြန်မာ . . . ဟုတ်ပြီ . . . ကြိုးစား ထား . . . ကြိုးစားထား"

မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ ကန်သော နေ့ကဖြစ်သည်။ မင်္ဂလာလမ်းထိပ်ရှိ အင်ပါရာ လက်ဖက် ရည်ဆိုင်တွင် တီဗီဖွင့်ပေးထားသည်။ လက်ဖက်ရည် သောက်သူကော၊ မသောက်သူပါ ဆိုင်ထဲတွင် ပြည့်ကျပ် ညပ်နေသည်။ ထိုလူစုထဲမှာ ဂုရကွေးလည်း ရောယောင် ပါနေသည်။

"ဟုတ်ပြီ . . . ပြေးထား . . . ပြေးထား . . . ဂိုး တော့မယ် . . . ဂိုးတော့မယ်"

တီဗီကြည့် ပရိသတ်မှာ မြန်မာအသင်းကို အော် ဟစ်အားပေးနေကြသည်။ တစ်ဆိုင်လုံး အားပေးသံများနှင့် ဆူညံနေကြသည်။ ထိုအသံတွေထဲမှာ အသက်သုံးထောင်

http://www.cherrythitsar.org



ဂုရကွေးကြီးအသံက အကျယ်ဆုံးဖြစ်သည်။ ဂုရကွေးလည်း အသက်ကြီးလာလေ၊ အသံကျယ်လာလေ။ ကလေးတွေ ဘောပွဲအော်လျှင်လည်း သူ့အသံ၊ လူကြီးတွေ ဘောပွဲ အော်လျှင်လည်း သူ့အသံ။ ဘယ်လိုဖြစ်နေသည်မသိ။

"ဂိုး. . ."

"ဟောဗျ. . .ဟိုက်. . .ရှာလပတ်ရည်"

ဂိုးဆိုသည်မှာ မြန်မာအသင်းမှ ဂိုးသွင်းလိုက် သောကြောင့် အော်သံဖြစ်သည်။ ဟောဗျ. . .ဟိုက်. . . ရှာလပတ်ရည်ကား ဂုရကွေးတစ်ယောက်တည်း၏ အော်သံ၊ ဂိုးသွင်းပြီးသည်နှင့် လျှပ်စစ်မီးက ရတ်တရက် ပျက်သွား သောကြောင့်တည်း။

"ဒုက္ခပါပဲဗျာ. . . ကောင်းခန်းကျမှ ဒီမီးက ဘယ် လိုဖြစ်ရတာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ ထုံးစံအတိုင်း ဆက်ပြီး ပျက်တာလေ"

မှန်သည်။ မီးက လာလိုက်၊ ပျက်လိုက်၊ ပြန် လာလိုက်၊ ပြန်ပျက်သွားလိုက်ဖြင့် (လာ-ပျက်) သံသရာ လည်နေသည်။ ဘောလုံးပွဲကြည့် ပရိသတ်မှာ အားမလို အားမရ မရိုးမရွဖြစ်ကုန်ကြသည်။ ဟိုစားပွဲ၊ ဒီစားပွဲမှ အပြစ်တင်သံများပါ ကြားလိုက်ရသည်။

http://www.cherrythitsar.org



ဘောလုံးပွဲကို ပြတ်တောင်းပြတ်တောင်း ကြည့်ကြရရာမှ ဘောပွဲလည်းပြီးသွားရော၊ မီးလည်း အပြီးအပိုင်ပျက်သွားသည်။ ရှစ်နာရီလည်းမလာ၊ ကိုးနာရီလည်း မလာ၊ ကိုးနာရီခွဲသည့်တိုင် မလာ။

"မီးအလာ စောင့်နေလို့ကတော့ ဘုရားဝတ်ပြုတာ နောက်ကျတော့မယ်။ အလင်းတိုင်တွေ များများ ပူဇော်ပြီး ဝတ်ပြုမှပဲ"

ဂုရုကွေးက တစ်နေ့သုံးကြိမ် ဘာသာရေးအလုပ်ပုံမှန်လုပ်သည်။ မနက်စောစောတွင် ဘုရားဝတ်ပြုသည်။ (၁၀)နာရီတွင် ဓာရဏာပရိတ် ၉ ရက်၊ ၉ ခေါက်၊ ၁၈ရက်၊ ၁၈ ခေါက်၊ ၂၇ ရက်၊ ၂၇ ခေါက် ရက်နားမရှိ အဓိဋ္ဌာန်ဝင်၍ ရက်ဆက်ရွတ်သည်။ ညဘက် ဘုရားဝတ်ပြုသည်။ ထိုညက မီးပျက်နေသဖြင့် အလင်းတိုင်တွေ ထိန်နေအောင်ထွန်းကာ ဝတ်ပြုရသည်။ အမျှအတန်းဝေ၊ ကြေးစည်ရိုက်ပြီးသည့်တိုင် မီးက ပြန်မလာသေး။

"စာလေးတစ်ပုဒ်လောက် ဖတ်ပြီး အိပ်မှပဲ"

ဖယောင်းတိုင် အတိုင်ကြီးတစ်တိုင်ထွန်း၍ စာဖတ်ရင်း မေးခန် အိပ်ပျော်သွားသည်။ အိပ်ရာဘေးမှာဖယောင်းတိုင်မီးက လင်းလျက်…၊ စာအုပ်ကပွင့်လျက်၊ လူက တခူးခူးဟောက်လျက်…။

http://www.cherrythitsar.org



"ဂုရုကြီး...ဂုရုကြီး...ထပါဦး"

လူကို လာလှုပ်နှိုးသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ အိပ်ရာဘေးမှာ နှာခေါင်းချွန်ချွန်နှင့် အသက်ကြီးကြီး နိုင်ငံခြားသားတစ်ယောက်။

"ဟူးအာယူ... မောင်ရင်ဘယ်သူလဲ"

"ကျွန်...ကျွန်တော် အက်ဒီဆင်...သောမတ်အက်ဒီဆင်ပါ"

"ဟိုက် . . .ရှာလပတ်ရည် . . .လူသားတို့ရဲ့ကျေးဇူးရှင်၊ လျှပ်စစ်မီးကို တီထွင်တဲ့ သောမတ်အက်ဒီဆင် မှတ်တယ်"

"ဟုတ်ပခင်ဗျား... အဲဒီ အက်ဒီဆင်ပါပဲ"

"အနို့ဖြင့်...ကျုပ်ဆီလာတဲ့ကိစ္စက..."

"ကျွန်တော် နောင်တတွေ အကြီးအကျယ် ရနေတဲ့အကြောင်း ဂုရုကြီးကို ရင်ဖွင့်ချင်လို့ပါ"

"ဟိုက် . . .ရှာလပတ်ရည် . . .နောင်တတွေအကြီးအကျယ်ရနေတယ်၊ ဟုတ်စ ... ဘာတွေများလုပ်ခဲ့မိလို့လဲ"

အက်ဒီဆင်က နွမ်းလျလျလေးပြုံး၍...

"လျှပ်စစ်မီးကို တီထွင်ခဲ့မိတဲ့အတွက်ပါခင်ဗျာ"

"အင်မတန်ကောင်းတဲ့ကိစ္စပဲ၊ ဘာကြောင့် နောင်တ

http://www.cherrythitsar.org



ရရမှာလဲ၊ ဂုဏ်ယူရမှာဗျ မစ္စတာအက်ဒီဆင်ရ"

"မှန်ပါတယ် . . .အစကတော့ ဂုဏ်ယူမိပါရဲ့ နောက်တော့ တဖြည်းဖြည်း စိတ်ညစ်ပြီး နောင်တရလာတယ်"

"ခင်ဗျားဥစ္စာ မဟုတ်သေးပါဘူးဗျာ. . ."

"ဟုတ်ပါတယ် ဂုရုကြီး. . .ဂုရုကြီး သိတဲ့အတိုင်း ကျွန်တော်က လျှပ်စစ်မီးကိုသာ တီထွင်တာ။ မီးမပျက်အောင် မတီထွင်နိုင်ခဲ့ဘူး။ မီးပျက်ပြီဆိုတာနဲ့ လူတွေက မီးကို အပြစ်တင်ကြတယ်။ ခဏခဏ ပျက်တယ်။ လာလိုက် ငြိမ်းသွားလိုက်။ လာငြိမ်းကြီး ဖြစ်နေတယ်။ ဘယ်လိုမီးလဲ. . .ညာလိုမီးလဲ. . .ဘာညာကွိကွ. . .အစရှိသဖြင့် ပြောကြတာ ဂုရုကြီး ကြားမှာပေါ့"

"ကြားရုံတင် ဘယ်ကမလဲ. . . ပြောတဲ့အထဲမှာ ကျုပ်လည်းပါတယ်။ ဒါလဲ ဘာဆန်းမလဲ။ လူတွေရဲ့ သဘာဝပဲ။ စိတ်နဲ့ တွေ့ရင် ချီးကျူးမယ်။ စိတ်နဲ့မတွေ့ရင် အပြစ်တင်မယ်။ အရေထူစမ်းပါ မစ္စတာအက်ဒီဆင်"

"တစ်ယောက်စ. . .နှစ်ယောက်စ ပြောတုန်းကတော့ အရေထူပါရဲ့။ တစ်ရာစ. . .နှစ်ရာစ ပြောတဲ့အထိလည်း အရေထူတုန်းပါပဲ။ လူအတော်များများက ပြောလာတော့ ကျွန်တော် ဘယ်လိုမှ အရေမထူနိုင်တော့ဘူး"

http://www.cherrythitsar.org



"မီးကိုပြောတာပဲ . . .။ ခင်ဗျား ပြောတာမှ မဟုတ်ဘဲ"

"ကျွန်တော့်ပြောတာ မဟုတ်ပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့က လာပတ်သက်နေတယ်လေ။ ဒီမီးကို ကျွန်တော် မထွင်ခဲ့မိရင် အပြောခံရမှာ မဟုတ်ဘူး။ မီးကိုပြောတာဟာ သွယ်ဝိုက်သောအားဖြင့် အက်ဒီဆင်ကို ပြောတာပါပဲ"

သောမတ်အက်ဒီဆင်မှာ စိတ်ပျက်သံကြီးဖြင့် ပြောပြီး "သွားတော့မယ် ဂုရုကြီး" ဟု နှုတ်ဆက်သည်။ အိမ်မှထွက်မသွားခင် နောက်ဆုံးပြောသွားသည့်စကားကြောင့် ဂုရုကွေးခမျာ ဟိုက်…ရှာလပတ်ရည်ပင် မအော်နိုင်။ ပါးစပ် အဟောင်းသား ပွင့်ကျန်ခဲ့ရသည်။

"ကျွန်တော်ဟာ လျှပ်စစ်မီးကို တီထွင်မယ့်အစား ဖယောင်းတိုင်လုပ်နည်းကို တီထွင်ခဲ့မိရင် ဘယ်လောက်ကောင်းမလဲလို့ နောင်တရမိတယ်ဗျာ"

အိပ်မက်မှ နိုးလာတော့ အိပ်ရာဘေးမှ ဖယောင်းတိုင်မှာ ငြိမ်းလုလုဖြစ်နေပြီ။

[မော်ကွန်းဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၆၊ ၁၉၊ ၁၁၊ ၁၉၉၇]

http://www.cherrythitsar.org

